ILO 100 1919-2019

SOCIAL JUSTICE
DECENT WORK

# မူဝါဒ ဖွံ့ဖြိုးရေးအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်

## မြန်မာနိုင်ငံရှိပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်နှင့် စာရင်းအင်းများအပေါ် ဆန်းစစ်သုံးသပ်မှု

# မူဝါဒ ဖွံ့ဖြိုးရေးအတွက်
# ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်

မြန်မာနိုင်ငံရှိ ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ
အချက်အလက်နှင့် စာရင်းအင်းများအပေါ် ဆန်းစစ်သုံးသပ်မှု

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့
အိုင်အယ်လ်အိုဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး၊ မြန်မာ

Copyright © အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ မူပိုင်ဖြစ်သည်၊ ၂၀၁၈ ခုနှစ်။
ပထမအကြိမ်ပုံနှိပ်ခြင်း (၂၀၁၈ ခုနှစ်)

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ ပုံနှိပ်ထုတ်ဝေခြင်းသည် အပြည်ပြည်ဆိုင်ရာ မူပိုင်ခွင့်ပြဋ္ဌာန်းချက် နောက်ဆက်တွဲစာချုပ် (၂)အရ မူပိုင်ခွင့်ဆိုင်ရာ အကျိုးခံစားခွင့်ရှိသည်။ သို့ရာတွင် ရယူသုံးစွဲသည့် သတင်းရင်းမြစ်နေရာကို ဖော်ပြသည်ဆိုလျှင် ကောက်နုတ်ချက်အတိုများကို ခွင့်ပြုချက်တောင်းခံစရာမလိုဘဲ ပြန်လည်ထုတ်ဝေနိုင်သည်။ ပြန်လည်ထုတ်ဝေခြင်း (သို့) ဘာသာပြန်ဆိုခြင်းများကို ရယူသုံးစွဲခွင့်အတွက် ILO ပုံနှိပ်ထုတ်ဝေရေး (အခွင့်အရေးနှင့် လိုင်စင်ခွင့်ပြုချက်)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံး CH -1211 Geneva 22, Switzerland သို့မဟုတ် rights@ilo.org သို့ အီးမေးလ်ဖြင့် ခွင့်ပြုချက်လျှောက်ထားသင့်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံးအနေဖြင့် ထိုကဲ့သို့သော လျှောက်ထားခြင်းများကို လှိုက်လှဲစွာကြိုဆိုပါသည်။

ပြန်လည်ပုံနှိပ်ထုတ်ဝေခွင့်ဆိုင်ရာ အဖွဲ့အစည်းများတွင် မှတ်ပုံတင်ထားသည့် စာကြည့်တိုက်များ၊ အသင်းအဖွဲ့များနှင့်အခြား အသုံးပြုသူများအနေဖြင့် ပြန်လည်ထုတ်ဝေရန်အတွက် ၎င်းတို့အား ထုတ်ပေးသည့် လိုင်စင်နှင့်အညီ မိတ္တူကူးယူခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။ သင်၏နိုင်ငံရှိ ပြန်လည်ပုံနှိပ်ထုတ်ဝေခွင့်ဆိုင်ရာ အဖွဲ့အစည်းများကို www.ifrro.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

---

မူဝါဒဖွံ့ဖြိုးရေးအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်၊ မြန်မာနိုင်ငံရှိ ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်နှင့် စာရင်းအင်းများအပေါ် ဆန်းစစ်သုံးသပ်မှု

မြန်မာဘာသာဖြင့် ထုတ်ဝေမှု

ISBN: 978-92-2-132776-9 (print)
978-92-2-132777-6 (web pdf)

Also available in English: Migration Data for Policy Development: An appraisal of data and statistics on international labour migration statistics in Myanmar (ISBN 978-92-2-132774-5 (print); 978-92-2-132775-2), Yangon, 2018.

---

ကုလသမဂ္ဂကျင့်သုံးလုပ်ဆောင်ချက်များနှင့်အညီ အိုင်အယ်(လ်)အိုပုံနှိပ်ထုတ်ဝေခြင်းတွင် ပါရှိသည့်အကြောင်းအရာများသည် မည်သည့် နိုင်ငံ၏ နယ်မြေဒေသ (သို့) ပိုင်နက်နယ်မြေ (သို့) ဒေသဆိုင်ရာအာဏာပိုင်များ၏ ဥပဒေအနေအထားနှင့်ပတ်သက်၍သော်လည်းကောင်း (သို့) ၎င်း၏ နယ်ပယ်အစွန်အဖျားများအား ပိုင်နက်သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ရုံးက တစ်စိတ်တစ်ပိုင်းအားဖြင့် ထင်မြင်ယူဆချက်ကို ရှင်းလင်းဖော်ပြသည့် သဘောမသက်ရောက်ပေ။

လက်မှတ်ရေးထိုးထားသည့်အပိုဒ်များ၊ လေ့လာမှုများနှင့် အခြားသောအကြံပြုဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ထင်မြင်ယူဆချက်ကို ရှင်းလင်းဖော်ပြခြင်းအတွက် တာဝန်ယူမှုသည် ၎င်းစာအုပ်ရေးသားသည့်ပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်ပါသည်။ ထုတ်ဝေသည့် စာအုပ်များတွင် ပါရှိသော ထင်မြင်ယူဆချက်များသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံးက အတည်ပြုထောက်ခံသည့် သဘောမသက်ရောက်ပါ။

ကုမ္ပဏီအမည်များ၊ စီးပွားရေးထုတ်ကုန်ပစ္စည်းများနှင့် လုပ်ငန်းစဉ်များအား ရည်ညွှန်းဖော်ပြခြင်းသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံးက အတည်ပြုထောက်ခံသည့် သဘောမသက်ရောက်ဘဲ၊ ကုမ္ပဏီ၊ စီးပွားရေးထုတ်ကုန်ပစ္စည်း (သို့) လုပ်ငန်းစဉ်ကို ရည်ညွှန်းဖော်ပြရန် ပျက်ကွက်ခြင်းသည်လည်း နှစ်သက်မှုမရှိသည့် သဘောမသက်ရောက်ပေ။

ILO ပုံနှိပ်ထုတ်ဝေမှုများ၊ ဒီဂျစ်တယ်ပိုင်းဆိုင်ရာ ထုတ်ဝေမှုများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို www.ilo.org/publns တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

---

ဤအစီရင်ခံစာကို ဦးဆောင်ရေးသားသူမှာ အတိုင်ပင်ခံ Mr Upendrandha Choragudi ဖြစ်သည်။
မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာကို ဦးဆောင်ရေးသားသူမှာ အတိုင်ပင်ခံ Mr Upendrandha Choragudi ဖြစ်ပါသည်။ ဤ အစီရင်ခံစာကို ILO (မြန်မာ)မှ ILO (ရန်ကုန်)မှ နည်းပညာအကြံပေးအရာရှိဖြစ်သူ Ms Jacqueline Pollock၊ ဒုတိယဆက်သွယ် ညှိနှိုင်းရေးမှူးဖြစ်သူ Ms Piyamal Pichaiwongse နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ILO ဒေသတွင်းရုံးမှ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်ဖြစ်သူ Mr Nilim Baruah တို့၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။ ဤသုတေသနလေ့လာမှုကို အခြားကူညီပံ့ပိုးပေးသူများအပါအဝင် ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် အကြံဉာဏ်နှင့် သတင်းအချက်အလက်များ ဖြည့်ဆည်းပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းများ၊ လုပ်သားစုဆောင်းသည့်အေဂျင်စီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များကို စာရေးသူနှင့်တကွ ILO က ကျေးဇူးဥပကာရ တင်ရှိပါသည်။ အထူးသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အား လိုက်လံစွာကျေးဇူးတင်ရှိပါသည်။ ထို့အပြင် ဒေါ်ခွန်ဆာမွန်းထွယ်၊ ဒေါ်ဝေနင်းပို၊ ဒေါ်အိမွန်ဝင်းနှင့် ဘာသာပြန်ကူညီပေးပါသော ဦးဖြိုးမောင်မောင်ကျော်ကိုလည်း ကျေးဇူးတင်ရှိပါသည်။

မြန်မာနိုင်ငံ ကျေးလက်ဒေသ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီပေးပါသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူကေနှင့် အမေရိကန်ပြည်ထောင်စုတို့၏ အစိုးရများကိုလည်း ကျေးဇူးတင်ရှိပါသည်။ ပုဂ္ဂလိကကဏ္ဍအလှူရှင်အဖြစ် ပါဝင်ကူညီပံ့ပိုးပေးပါသော မစ်ဆူဘီရှိကော်ပိုရေးရှင်းကိုလည်း ကျေးဇူးတင်ရှိပါသည်။

# မသက်ဆိုင်ကြောင်းကြေငြာချက်

ဤစာတမ်းဖြစ်မြောက်ရေးအတွက် ငွေကြေးအကူအညီကို ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူကေ၊ အမေရိကန်ပြည်ထောင်စု အစိုးရနှင့် မစ်ဆူဘီရှိတို့က ပံ့ပိုးပေးခြင်းဖြစ်ပါသည်။ ဤစာတမ်းတွင် ဖော်ပြထားသည့်ရှုထောင့်အမြင်များ၊ သဘောထား ဖော်ပြချက်များကို LIFT အလှူရှင်များ၏ တရားဝင်သဘောထားအမြင်များအဖြစ် မှတ်ယူခြင်းမပြုရပါ။

# မာတိကာ


**ကျေးဇူးတင်လွှာ** ........ ဂ
**ဇယားများစာရင်း** ........ စ
**အတိုကောက်စကားလုံးများ** ........ ဆ
**အနှစ်ချုပ်ဖော်ပြချက်** ........ ၁

**၁။ မိတ်ဆက်** ........ ၁၁
၁.၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အဓိကသဘောတရားများ ........ ၁၈
၁.၂။ စိန်ခေါ်မှုများ ........ ၂၀
၁.၃။ မူဝါဒ ချမှတ်ဆောင်ရွက်မှုအတွက် အချက်အလက်ကောက်ယူခြင်း ........ ၂၀
၁.၄။ နည်းလမ်း ........ ၂၅

**၂။ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်နှင့် စာရင်းအင်း ရင်းမြစ်များ** ........ ၂၆
၂.၁။ မြန်မာလူဦးရေနှင့် သန်းခေါင်စာရင်း (၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း) ........ ၂၆
၂.၁.၁။ နောက်ခံအကြောင်းအရာ ........ ၂၆
၂.၁.၂။ သန်းခေါင်စာရင်းမှတစ်ဆင့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ ကောက်ယူခဲ့သည့် သတင်းအချက်အလက် ........ ၂၆
၂.၁.၃။ လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ သန်းခေါင်စာရင်းအချက်အလက် ကန့်သတ်ချက်များ ........ ၂၉
၂.၂။ စီမံခန့်ခွဲရေးဆိုင်ရာ အချက်အလက် ........ ၃၀
၂.၂.၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့က ကောက်ယူထားသော အချက်အလက်များ ........ ၃၀
၂.၂.၂။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ........ ၃၂
၂.၂.၃။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ ........ ၃၂
၂.၂.၄။ ပြည်ပအလုပ်သမားမှတ်ပုံတင်ကတ် (OWIC) ........ ၃၄
၂.၂.၅။ ဆိုက်ရောက်နိုင်ငံများတွင် မြန်မာနိုင်ငံက ထုတ်ပေးသော ယာယီနိုင်ငံကူးလက်မှတ်နှင့် မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ် ........ ၃၅
၂.၂.၆။ နယ်စပ်တွင် ကောက်ယူခြင်း ........ ၃၆
၂.၂.၇။ အခြားစီမံခန့်ခွဲရေးဆိုင်ရာရင်းမြစ်များ ........ ၃၇
၂.၂.၈။ အနှစ်ချုပ် ........ ၄၁
၂.၃။ စစ်တမ်းများ ........ ၄၁
၂.၃.၁။ လုပ်သားအင်အား စစ်တမ်း ........ ၄၂
၂.၃.၂။ ကမ္ဘာ့ဘဏ်၏ ပံ့ပိုးမှုဖြင့် ကောက်ယူခဲ့သည့် စစ်တမ်းများ ........ ၄၄
၂.၃.၃။ ခရီးသည်စစ်တမ်းများ ........ ၄၄
၂.၃.၄။ NGO များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများက ကောက်ယူသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များ ........ ၄၅
၂.၃.၅။ အရေးပါပြီး အမြောက်အမြားရှိနေသော အချက်အလက်များ ........ ၄၆
၂.၄။ ဆိုက်ရောက်နိုင်ငံများရှိ အချက်အလက်များ ........ ၄၇
၂.၄.၁။ ထိုင်းနိုင်ငံ ........ ၄၇
၂.၄.၂။ မလေးရှားနိုင်ငံ ........ ၄၉
၂.၄.၃။ စင်္ကာပူနိုင်ငံ ........ ၅၀
၂.၄.၄။ ကိုရီးယား သမ္မတနိုင်ငံ ........ ၅၁

၂.၄.၅။ ဂျပန်နိုင်ငံ ... ၅၂
၂.၅။ ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာ အချက်အလက်ဒေတာဘေ့စ်များ ... ၅၃
၂.၅.၁။ အာဆီယံအတွင်း နိုင်ငံတကာ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်း ဒေတာဘေ့စ် ... ၅၃
၂.၅.၂။ OECD အဖွဲ့ဝင်နိုင်ငံများနှင့် OECD အဖွဲ့ဝင်မဟုတ်သောနိုင်ငံများသို့ ဝင်ရောက် လာသူများနှင့်ပတ်သက်သည့် အချက်အလက် ဒေတာဘေ့စ် ... ၅၄
၂.၅.၃။ ကမ္ဘာ့ဘဏ်၏ လွှဲပို့ငွေဆိုင်ရာအချက်အလက် ဒေတာဘေ့စ် ... ၅၅
၂.၅.၄။ UNDESA လူဦးရေဆိုင်ရာဌာန၏ နိုင်ငံတကာရွှေ့ပြောင်းသွားလာခြင်း အစီရင်ခံစာ ... ၅၅
၂.၅.၅။ ရွှေ့ပြောင်းသွားလာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ အသိပညာရေးရာ မိတ်ဖက်ပြု ၏ဆောင်ရွက်မှု (KNOMAD) ... ၅၆
၂.၅.၆။ ကုလသမဂ္ဂ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖွဲ့ ... ၅၇

**၃။ အကြံပြုတိုက်တွန်းချက်များ** ... ၅၈
၃.၁။ စံပြုသတ်မှတ်ထားသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် သဘောတရားများ ... ၅၈
၃.၂။ စွမ်းဆောင်ရည် တိုးတက်စေခြင်း ... ၅၈
၃.၃။ စနစ်များ တိုးတက်ကောင်းမွန်စေခြင်း ... ၅၉
၃.၄။ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ... ၅၉
၃.၅။ အလွယ်တကူရယူနိုင်မှုနှင့် ဖြန့်ဝေမှု ... ၆၁
၃.၆။ ကဏ္ဍအားလုံးတွင် လုပ်သားရွှေ့ပြောင်းသွားလာခြင်းကဏ္ဍကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်း ... ၆၁
၃.၇။ ကျင့်ဝတ်နှင့်အညီ အချက်အလက်ကောက်ယူခြင်း ... ၆၂
၃.၈။ ပါဝင်ဆောင်ရွက်ခြင်း ... ၆၂
၃.၉။ အချက်အလက်ကောက်ယူခြင်း အခွင့်အလမ်းများ ... ၆၂
၃.၁၀။ အရေးပါပြီး အပြောက်အများရှိနေသော အချက်အလက်များ ... ၆၃
၃.၁၁။ ရွှေ့ပြောင်းသွားလာသူများ၏ကျန်းမာရေးနှင့်ပတ်သက်၍ အချက်အလက်ကောက်ယူမှုကို တိုးတက်ကောင်းမွန်စေခြင်း ... ၆၄
၃.၁၂။ လွှဲပို့ငွေပေးပို့ခကုန်ကျစရိတ်များနှင့်ပတ်သက်၍ အချက်အလက်ကောက်ယူမှုကို တိုးတက်ကောင်းမွန်စေခြင်း ... ၆၅
၃.၁၃။ အိမ်ထောင်စုအဆင့်တွင် လွှဲပို့ငွေသက်ရောက်မှုနှင့်ပတ်သက်သည့် အချက်အလက်များ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း ... ၆၅
၃.၁၄။ ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာသူများနှင့်ပတ်သက်သည့် အချက်အလက်များ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း ... ၆၆
၃.၁၅။ ရွှေ့ပြောင်းကလေးသူငယ်များ၏ ပညာရေးနှင့်ပတ်သက်၍ အချက်အလက် ကောက်ယူခြင်းကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း ... ၆၇
၃.၁၆။ ပြည်ပတွင် လုပ်ကိုင်နေသည့်နိုင်ငံသားများနှင့်ဆိုင်သည့် အချက်အလက်များကို ကောက်ယူရန် ဆိုက်ရောက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ... ၆၈

**ကျမ်းကိုးစာရင်း** ... ၆၉

**နောက်ဆက်တွဲများ** ... ၇၂
နောက်ဆက်တွဲ ၁။ ဤလေ့လာမှုအတွက် ဆွေးနွေးတိုင်ပင်ခဲ့သည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများစာရင်း ... ၇၂
နောက်ဆက်တွဲ ၂။ လုပ်သားအင်အားစစ်တမ်း၊ ၂၀၁၅၊ ဇယား (၈၀) ... ၇၃
နောက်ဆက်တွဲ ၃။ ရွှေ့ပြောင်းအလုပ်သမားများသတင်းပို့နေရာမှ စာရင်းအင်းများ ... ၇၄
နောက်ဆက်တွဲ ၄။ MOLIP တိုင်ကြားမှုယန္တရား (၂၀၁၃ ဇူလိုင်မှ ၂၀၁၈ မေလအထိ) ... ၇၆

## ဇယားများစာရင်း


ဇယား (၁) မူဝါဒ ဖွံ့ဖြိုးရေးအတွက် အချက်အလက်ကောက်ယူခြင်း (အကျဉ်းချုပ်) ............ ၃
ဇယား (၂) SDG ပန်းတိုင်များအတွက် လိုအပ်သည့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များ ............ ၁၃
ဇယား (၃) မူဝါဒဖွံ့ဖြိုးရေးအတွက် အချက်အလက်ကောက်ယူခြင်း၊ (အပြည့်အစုံဖော်ပြမှု) ............ ၂၁
ဇယား (၄) ပြည်ပရောက် မြန်မာရွှေ့ပြောင်းသွားလာသူများအရေအတွက်၊ ၂၀၁၄ ခုနှစ်၊ လူဦးရေသန်းခေါင်စာရင်း ............ ၂၇
ဇယား (၅) မြန်မာရွှေ့ပြောင်းသွားလာသူများ၏ မူရင်း(တိုင်းဒေသကြီး/ပြည်နယ်) နှင့် ဆိုက်ရောက်(နိုင်ငံ) ...... ၂၈
ဇယား (၆) အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၏ အလုပ်အကိုင်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ............ ၃၁
ဇယား (၇) ဆိုက်ရောက်နိုင်ငံအလိုက်နှင့် ဘဏ္ဍာရေးနှစ်အလိုက်ဖော်ပြထားသော ပြည်ပတွင် လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများ - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန စာရင်းအင်း............ ၃၄
ဇယား (၈) ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအထိ ထိုင်းနိုင်ငံအတွင်းရောက်ရှိနေသည့် မှတ်ပုံတင်ထားသော မြန်မာရွှေ့ပြောင်းအလုပ်သမား အရေအတွက် ............ ၄၇
ဇယား (၉) ထိုင်းနိုင်ငံ၌ ရွှေ့ပြောင်းသွားလာသူများကျန်းမာရေးအာမခံအစီအစဉ်တွင် မှတ်ပုံတင်၍ ကျန်းမာရေးစစ်ဆေးပြီး ထွက်ပေါ်လာသည့်ရလဒ်များ၊ ၂၀၁၆ ဧပြီလ ၁ ရက်မှ ၂၀၁၆ ဩဂုတ်လ ၂ ရက်ထိ ............ ၄၈
ဇယား (၁၀) ILMS ဖော်ပြချက်အရ ပြည်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အရေအတွက် ............ ၅၄
ဇယား (၁၁) ၂၀၁၀ ခုနှစ် ဆိုက်ရောက်နိုင်ငံများ၏ သန်းခေါင်စာရင်းအချက်အလက်များအပေါ်အခြေခံ၍ ရွေးချယ်ထားသည့် ဆိုက်ရောက်နိုင်ငံများတွင် ရောက်ရှိနေထိုင်သည့် မြန်မာနိုင်ငံသားများ ............ ၅၅
ဇယား (၁၂) UNDESA အစီရင်ခံစာအရ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းသွားလာခြင်း ............ ၅၆


## စာအကွက်များ စာရင်း


စာအကွက် (၁) SDG ညွှန်းကိန်းအတွက် အဆင့်များ(Tiers) အဓိပ္ပါယ်ဖွင့်ဆိုချက် ............ ၁၂
စာအကွက် (၂) အချက်အလက်ကောက်ယူခြင်းနှင့်ပတ်သက်၍ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု အေဂျင်စီများအတွက် စည်းမျဉ်း စည်းကမ်းပါ အချက်များ ............ ၃၈
စာအကွက် (၃) ၂၀၁၅ လုပ်သားအင်အားစစ်တမ်းမှ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များ ......... ၄၃
စာအကွက် (၄) လူ့စွမ်းအားဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ စင်္ကာပူနိုင်ငံရှိ နိုင်ငံခြားသားအလုပ်သမားများ........ ၅၁
စာအကွက် (၅) လျှပ်တပြက်လေ့လာမှု - မည်သည့် အချက်အလက်အမျိုးအစားလိုအပ်သနည်း။ ............ ၆၄
စာအကွက် (၆) ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ အချက်အလက်ကောက်ယူခြင်း ဥပမာများ ............ ၆၆

# အတိုကောက်စကားလုံးများ

| | |
|---|---|
| 4Mx | နည်းမျိုးစုံဖြင့် ရွှေ့ပြောင်းသွားလာခြင်းအားစောင့်ကြည့်လေ့လာရေးယန္တရားအစပျိုးဆောင်ရွက်ချက် |
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအသင်း |
| CI | မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် |
| CSC | နိုင်ငံသားစိစစ်ရေးကတ်ပြား |
| CSO | ဗဟိုစာရင်းအင်းအဖွဲ့ |
| CTUM | မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် |
| DOL | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| EPS | အလုပ်အကိုင်ခွင့်ပြုချက်စနစ် |
| EU | ဥရောပသမဂ္ဂ |
| FDW | နိုင်ငံခြားအိမ်အကူအလုပ်သမား (စင်္ကာပူ) |
| ILMS | အာဆီယံအတွင်း နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်း ဒေတာဘေ့စ် |
| ILO | အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ |
| IOM | ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း |
| IRIS | အပြည်ပြည်ဆိုင်ရာ ကျင့်ဝတ်သိက္ခာနှင့်အညီ လုပ်သားစုဆောင်းခြင်းစနစ် |
| KNOMAD | ရွှေ့ပြောင်းသွားလာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ အသိပညာရေးရာ မိတ်ဖက်ပြုဆောင်ရွက်မှု |
| LEO | အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး |
| MMK | မြန်မာကျပ်ငွေ |
| MOEAF | မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် |
| MOLIP | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| MOU | နားလည်မှုစာချွန်လွှာ |
| MRC | ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ကူညီပေးရေး ဗဟိုဌာန |
| NPA | နိုင်ငံတကာ လုပ်သားများရွှေ့ပြောင်းခြင်း စီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားစီမံချက် |
| NSDS | စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးရေး အမျိုးသားအဆင့် မဟာဗျူဟာ |
| OECD | စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်း |
| OWIC | ပြည်ပအလုပ်သမားမှတ်ပုံတင်ကတ် |
| SDGs | စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ |
| SOP | စံလုပ်ထုံးလုပ်နည်း |
| TRIANGLE | အာဆီယံဒေသအတွင်း ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ခြင်းနှင့် မြှင့်တင်ဆောင်ရွက်ခြင်းအတွက် သုံးပွင့်ဆိုင်ဆောင်ရွက်မှု စီမံကိန်း |
| UN | ကမ္ဘာ့ကုလသမဂ္ဂ |
| UNCDF | ကုလသမဂ္ဂ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့ |
| UNDESA | ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဌာန |

# အနှစ်ချုပ်ဖော်ပြချက်

**"ရွှေ့ပြောင်းသွားလာခြင်းနဲ့ဆိုင်တဲ့ တိကျကောင်းမွန်တဲ့ အချက်အလက်တွေသုံးပြီး လက်တွေ့ကျတဲ့ မူဝါဒ ဆွေးနွေးဆောင်ရွက်မှုတွေကို ကျွန်တော်တို့ ပိုမိုအားကောင်းအောင်ဆောင်ရွက်ဖို့ လိုပါတယ်။"**

**ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်[၁]**

ထိရောက်ပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒများကို ရေးဆွဲချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် ယုံကြည်အားထားရသော အချက်အလက်နှင့် စာရင်းဇယားများသည် မရှိမဖြစ်အရေးပါသည်။ ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ လုပ်ငန်းစဉ်များ၊ မြုပ်ကွယ်နေသည့် အကြောင်းရင်းများ၊ သွယ်ဝိုက်သက်ရောက်မှုများကို နားလည်ရန်အတွက် ရှုထောင့်ပေါင်းစုံမှ ရွှေ့ပြောင်းသွားလာခြင်းနှင့်စပ်လျဉ်း၍ ယုံကြည်အားထားရပြီး အချိန်ကာလနှင့်အညီ တိကျမှုရှိသော သတင်းအချက်အလက်များကို စုစည်းရန်နှင့် စိတ်ဖြာလေ့လာရန် အရေးကြီးပါသည်။ ၂၀၀၆ ခုနှစ်၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံစုံမူဘောင်တွင် အချက်အလက်ကောက်ယူခြင်းကို ဦးစားပေးလုပ်ငန်းအဖြစ် ကိုးကားဖော်ပြထားပါသည်။ သို့သော်ငြားလည်း ကမ္ဘာလုံးဆိုင်ရာအဆင့်၊ ဒေသတွင်းအဆင့်နှင့် အများအားဖြင့် နိုင်ငံအဆင့်တွင် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်ကောက်ယူခြင်းသည် အထောက်အထားအခြေပြုမူဝါဒများ ရေးဆွဲခြင်းကို အထောက်အကူပြုရန် ပြည့်စုံလုံလောက်မှု မရှိသေးပါ။ မကြာသေးမီက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၃၀ အစီအစဉ်တွင် ရွှေ့ပြောင်းသွားလာခြင်းအပါအဝင် အချက်အလက်ကောက်ယူမှုကို ဦးစားပေးစာရင်းသွင်းခဲ့ပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ(SDGs)၏ ရည်မှန်းချက် (၁၇.၁၈) တွင် ရွှေ့ပြောင်းသွားလာသူများနှင့် ရွှေ့ပြောင်းသွားလာသူမဟုတ်သူများ နှစ်မျိုးလုံးအတွက် ချမှတ်ထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတက်ရေးပန်းတိုင်များနှင့် ရည်မှန်းချက် ရလဒ်များကို စောင့်ကြည့်လေ့လာရန် နည်းလမ်းတစ်ရပ် ဖြည့်ဆည်းရန် ရည်ရွယ်ချက်နှင့်အတူ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာအခြေအနေအလိုက် အချက်အလက်အားလုံးကို ခွဲခြားဖော်ပြရန် ရည်ညွှန်းထားသည် (ကမ္ဘာ့ကုလသမဂ္ဂ၊ ၂၀၁၆)။

---

## SDG ရည်မှန်းချက် (၁၇.၁၈)

၂၀၂၀ ခန့်တွင် သက်ဆိုင်ရာနိုင်ငံအခြေအနေအလိုက် ဝင်ငွေ၊ ကျား/မ၊ အသက်အရွယ်၊ လူမျိုး၊ တိုင်းရင်းသား၊ ရွှေ့ပြောင်းသွားလာမှုအခြေအနေ၊ မသန်စွမ်းမှု၊ ပထဝီတည်နေရာနှင့် အခြားဝိသေသလက္ခဏာရပ်များ အလိုက် ခွဲခြားဖော်ပြထားသော အရည်အသွေးမြင့်မားပြီး၊ အချိန်ကာလနှင့်အညီဖြစ်၍ ယုံကြည်အားထားရသော အချက်အလက်များ သိသာထင်ရှားစွာ တိုးတက်ရရှိစေရန် ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်သောနိုင်ငံများ၊ ကျွန်းငယ်ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် အခြားဖွံ့ဖြိုးဆဲနိုင်ငံများကို စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းအား မြှင့်တင်ဆောင်ရွက်ရန်။

---

SDG ပန်းတိုင်များအားလုံးတွင် ရွှေ့ပြောင်းသွားလာသူများအရေး ပါဝင်ပြီး SDG ပန်းတိုင် (၈) နှင့် (၁၀) တွင် အထူးသဖြင့် ရွှေ့ပြောင်းသွားလာခြင်းကို ရည်ညွှန်းဖော်ပြထားပြီး ကောင်းမွန်သောစီမံခန့်ခွဲမှုရှိသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒများမှတစ်ဆင့် ရွှေ့ပြောင်းသွားလာသူများအတွက် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်နှင့် ဘေးကင်းလုံခြုံမှုရှိသော ရွှေ့ပြောင်းသွားလာခြင်းအတွက် ရည်မှန်းချက်များနှင့် ညွှန်းကိန်းများ (targets and indicators) ကို ချမှတ်ထားပါသည်။ အခြားသီးခြားပန်းတိုင်များကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းဖြင့်လည်း ဘေးကင်းလုံခြုံမှုနှင့် ရွှေ့ပြောင်းသွားလာမှု ရလဒ်များအပေါ် ကြီးမားစွာ အကျိုးသက်ရောက်နိုင်ပါသည်။ အထူးသဖြင့် SDG ပန်းတိုင်(၁၆)ကို ဆောင်ရွက်ခြင်းဖြင့် အကျင့်ပျက်ချစားမှုလျှော့ချခြင်းနှင့် တရားဝင်မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံ အထောက်အထား ဖြည့်ဆည်းပေးခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး SDG ပန်းတိုင် (၁) ကို အကောင်အထည်ဖော်ခြင်းဖြင့်လည်း ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်မည်ဖြစ်ပါသည်။

---

၁ ကမ္ဘာ့ကုလသမဂ္ဂ၊ ၂၀၁၇

ဤစာတမ်း၏ ရည်ရွယ်ချက်မှာ အာဆီယံအတွင်း နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်း ဒေတာဘေ့စ် (ILMS) နည်းလမ်းနှင့် Global Migration Group ကရေးသားပြုစုသော ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များ ပြုစုထုတ်ဝေခြင်းနှင့် အသုံးပြုခြင်း တိုးတက်ရေးလက်စွဲစာအုပ် (ဤနေရာမှစ၍ နောက်စာမျက်နှာများတွင် "လက်စွဲစာအုပ်" ဟု ရည်ညွှန်းသုံးစွဲမည်) မှ လမ်းညွှန်ချက်များအပေါ် အခြေခံလျက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်ကောက်ယူခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ မူဝါဒ ရေးဆွဲသူများနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်သူများအား ပံ့ပိုးကူညီပေးရန် ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်မှစ၍ ILO သည် အာဆီယံနိုင်ငံများနှင့်သက်ဆိုင်သည့် ILMS အချက်အလက် ဒေတာဘေ့စ်ကို တည်ဆောက်ခဲ့ပြီး နိုင်ငံအဆင့် အချက်အလက်စုစည်းကောက်ယူခြင်းကို ငါးကြိမ်တိုင် ပြီးမြောက်ဆောင်ရွက်နိုင်မှုတွင် ပံ့ပိုးကူညီပေးခဲ့ပါသည်။ ILMS တွင် ကျား/မ ခွဲခြားဖော်ပြထားပြီး စာရင်းဇယားပေါင်း ၁၉ ခု ပါဝင်ပါသည်။ အာဆီယံ အတွင်း လုပ်သားရွှေ့ပြောင်းသွားလာခြင်းအရေးအတွက်၊ သွားလာနှုန်းတို့နှင့် စပ်လျဉ်း၍ ယုံကြည်အားထားရပြီး နှိုင်းယှဉ်နိုင်သော (သို့) နောက်ကြောင်းပြန်လေ့လာရလွယ်ကူသော အချက်အလက်များ မရှိခြင်းကို ဖြေရှင်းဆောင်ရွက် သည့်အနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ လုပ်ငန်းအတွက် မည်သည့် ဇယားများနှင့် ညွှန်းကိန်းများ သည် အသုံးဝင်ဆုံးနှင့် သက်ဆိုင်မှု အရှိဆုံးဖြစ်မည်ကို ဆုံးဖြတ်ရန် ဆွေးနွေးညှိနှိုင်းပွဲအချို့ကို ကနဦးပြုလုပ်ခဲ့ပြီး မိတ်ဖက်အဖွဲ့အစည်းများ ပါဝင်သည့် နည်းပညာဆိုင်ရာအစည်းအဝေးတွင် ၎င်းတို့ကိုအတည်ပြုခဲ့ပါသည်။ နိုင်ငံတကာ လုပ်သားရွှေ့ပြောင်းသွားလာခြင်း စစ်တမ်းမေးခွန်းလွှာ(ILMQ)မှတစ်ဆင့် သက်ဆိုင်ရာအချက်အလက်များကို ပြန်လည် ပေးပို့တင်ပြရန် တစ်နိုင်ငံချင်းစီတွင် အဓိကဆောင်ရွက်မည့် ကျွမ်းကျင်ပညာရှင်များကို ရွေးချယ်ခဲ့ပါသည်။ ၎င်းတို့ ပြန်ပို့ လာသည့် အချက်အလက်များရရှိပြီးနောက် နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းဒေတာ ဘေ့စ် (ILMS) ကိုပြုစုရန် အချက်အလက်များကို အတည်ပြုခြင်းနှင့် နောက်ဆုံးအဆင့် ကောက်နုတ်စုစည်းခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ILMS ကို ပိုမိုတိုးချဲ့ဆောင်ရွက်မည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာအဆင့် ဒေတာဘေ့စ်တစ်ခုဖြစ်ပေါ်လာ ပါမည်။ ဤစာတမ်းသည် အချက်အလက်ကောက်ယူခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံကို အထောက်အကူပြုမည်ဖြစ်ပြီး ILMS ကိုလည်း အချက်အလက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

လက်စွဲစာအုပ်၏ရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများကို ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ကောက်ယူရန်၊ ဇယားဖြင့်ဖော်ပြရန်၊ စိတ်ဖြာလေ့လာရန်၊ ဖြန့်ဝေရန်နှင့် အသုံးပြုရန်အစရှိသည့် ၎င်းတို့၏ သက်ဆိုင်ရာ SDG ပန်းတိုင်အလိုက် ဆောင်ရွက်ရန်တာဝန်ဝတ္တရားများနှင့်ပတ်သက်၍ အထောက်အကူပြုရန်ဖြစ်ပါသည် (Global Migration Group, 2017)။ ထို့အပြင် လက်စွဲစာအုပ်တွင် ရွှေ့ပြောင်းသွားလာခြင်းအား အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲခြင်းနှင့် မဟာဗျူဟာများအတွင်း ပေါင်းစပ်ထည့်သွင်းပုံနည်းလမ်းနှင့်ပတ်သက်၍ လမ်းညွှန်ဖော်ပြပေး ထားသည်။

လက်စွဲစာအုပ်တွင်ပါဝင်သည့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံတွင်ရရှိနိုင်သည့် လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လက်ရှိ အချက်အလက် အရင်းအမြစ်များကို ရှာဖွေလေ့လာခြင်းအားဖြင့် ဤစာတမ်း သည် မြန်မာနိုင်ငံအတွက် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ SDG ပန်းတိုင်များ တိုးတက်မှုကို အစီရင်ခံတင်ပြ ရာတွင်သော်လည်းကောင်း၊ အနာဂတ်တွင် အချက်အလက်ကောက်ယူခြင်း၊ မျှဝေခြင်း၊ အသုံးပြုခြင်းအတွက် အကြံဉာဏ်အသစ် ဖြစ်ပေါ်စေခြင်းသော်လည်းကောင်း အထောက်အကူတစ်ခုဖြစ်ပြီး အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွင်း လုပ်သားရွှေ့ပြောင်းသွားလာခြင်းကို ပေါင်းစပ် ထည့်သွင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍လည်း အထောက်အကူပြုမည်ဟု မျှော်လင့်ပါသည်။

ဤစာတမ်းတွင် မူရင်းနိုင်ငံများနှင့် ဆိုက်ရောက်နိုင်ငံများ၌ လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ နှစ်နိုင်ငံ သဘောတူညီမှုများနှင့် မူဝါဒများ ဖော်ဆောင်ရေးဆွဲမှုအတွက် ထိရောက်သော အချက်အလက် ကောက်ယူမှုက အထောက်အကူပြုနိုင်ပုံနှင့် အထောက်အထားဖြည့်ဆည်းပေးနိုင်ပုံနည်းလမ်းများကို ဖော်ပြထားပါသည်။ ဇယား (၁) သည် စာတမ်း၏ အဓိကစာကိုယ်ပိုင်းတွင် ပိုမိုရှည်လျားပြည့်စုံစွာဖော်ပြထားသည့် ဇယားကို အကျဉ်းချုပ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

## ဇယား (၁) မူဝါဒဖွံ့ဖြိုးရေးအတွက် အချက်အလက်ကောက်ယူခြင်း (အကျဉ်းချုပ်)

| လိုအပ်သည့် အချက်အလက်/ စာရင်းအင်းအမျိုးအစား | မူရင်းနိုင်ငံရှိ မူဝါဒ နယ်ပယ်များ | ဆိုက်ရောက်နိုင်ငံရှိ မူဝါဒနယ်ပယ်များ | မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံ နှစ်နိုင်ငံစလုံးအတွက် မူဝါဒနယ်ပယ်များ |
|---|---|---|---|
| **၁။ လူပုဂ္ဂိုလ်** | | | |
| **အသက်၊ ကျား/မ၊ လူမျိုး၊ ဘာသာစကား၊ ရွှေ့ပြောင်း သွားလာသူများ၏ စာတတ်မြောက်မှု** | ကျား/မ သင့်လျော်သလို လုပ်သားစုဆောင်းခြင်းနှင့် အလုပ်အကိုင် မူဝါဒများ။<br><br>ရွှေ့ပြောင်းသွားလာ နိုင်ချေရှိသူများအတွက် အဓိက ဦးတည်သည့် သတင်းအချက်အလက်များနှင့် စည်းရုံးလှုံ့ဆော်မှုများ။ | လုပ်ငန်းခွင်နှင့် နေထိုင်မှု အခြေ အနေများနှင့်ပတ်သက်၍ ကျား/မ သတိပြု ဆောင်ရွက်ခြင်း မူဝါဒများ။<br><br>အဓိက အသုံးပြုသည့် ဘာသာစကားများဖြင့် ဝန်ဆောင်မှုများ၊ အထောက် အကူပြုပစ္စည်းများတိုးတက် ရရှိစေရန် အရင်းအမြစ်များ ပံ့ပိုးဖြည့်ဆည်းမှု။ | |
| **နည်းပညာပိုင်းဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှုနှင့် အရည်အချင်း၊ လုပ်ငန်းကဏ္ဍများ** | သင့်လျော်သည့် အသက်မွေး ဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများကို မြှင့်တင်ရန် ကျား/မ ဆိုင်ရာနှင့် ကွဲပြား ခြားနားမှုများ သတိပြုဆောင် ရွက်ခြင်းမူဝါဒများ။ | သင့်လျော်သည့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ဖော်ဆောင်ခြင်း။ | ကျွမ်းကျင်မှုသင်တန်း၊ တရားဝင် အသိအမှတ်ပြုခြင်းနှင့် အပြန်အလှန် အသိအမှတ်ပြုခြင်း သဘောတူညီချက်များ။ |
| **၂။ ရွှေ့ပြောင်းမှု** | | | |
| **ရွှေ့ပြောင်းသည့် ခုနှစ်နှင့် ရွှေ့ပြောင်းမှု ဖြစ်စေသည့် အကြောင်းရင်း** | ရွှေ့ပြောင်းသွားလာခြင်း ဖြစ်ပေါ်စေသည့် အပျက် သဘောဆောင်သည့် အရာ များကို ဖြေရှင်းဆောင်ရွက်ခြင်း။<br><br>ရွှေ့ပြောင်းသွားလာမှု အလား အလာများကို ခန့်မှန်းခြင်း။ | ရွှေ့ပြောင်းသွားလာသူများ၏ နေထိုင်မှုကာလကြာချိန်၊ အလုပ်လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်များနှင့်ပတ်သက်သည့် မူဝါဒများ။<br><br>လူမှုဖူလုံရေးအကျိုးခံစားခွင့် ရရှိ ခံစားနိုင်ခွင့်။ | လုပ်သားရွှေ့ပြောင်းသွားလာမှုနှင့် ပတ်သက်၍ နားလည်မှု စာချွန်လွှာ (MOU) များ ပြုလုပ်ခြင်း။ |
| **ရွှေ့ပြောင်းသွားလာရာ လမ်းကြောင်းများ (မူရင်းနိုင်ငံမှ ဆိုက်ရောက်နိုင်ငံသို့)** | သင့်လျော်သည့် ပြည်ပ မထွက်ခွာမီ သင်တန်းများ။ | ပေါင်းစည်းခြင်းနှင့် လူမှုသဟဇာတဖြစ်ခြင်းဆိုင်ရာ မူဝါဒများ။<br><br>အခြေခံလိုအပ်သည့် ဝန်ဆောင် မှုများအတွက် စီမံကိန်း ရေးဆွဲခြင်း (ကျန်းမာရေး၊ ပညာရေး၊ သန့်ရှင်းရေး/ မိလ္လာစနစ်) | လူမှုဖူလုံရေး အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးရန်အတွက် လွှဲပြောင်းအကျိုးခံစားခွင့်ရှိသော လူမှုဖူလုံရေး ယန္တရားများ။<br><br>နှစ်နိုင်ငံ/နယ်စပ် ဖြတ်ကျော် ဆောင်ရွက်သည့် ကော်မတီများ ဖွံ့ဖြိုးရေး။ |

ကမ္ဘာလုံးဆိုင်ရာအတိုင်းအတာအားဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းနှင့် အချက်အလက်များရရှိရန် အတွက် အဓိကရင်းမြစ်နေရာ (၃) ခုရှိသည်ဟု သုံးသပ်ရပါသည်။ ထို (၃) ခုမှာ လူဦးရေသန်းခေါင်စာရင်း၊ စီမံခန့်ခွဲမှု ဆိုင်ရာ အချက်အလက်နှင့် စစ်တမ်းတို့ ဖြစ်ပါသည်။ ဤစာတမ်းသည် မြန်မာနိုင်ငံ အခြေအနေနှင့်အညီ ဤအရင်းအမြစ် များအတိုင်း ရှာဖွေလေ့လာပြုစုထားပါသည်။

ပထမနည်းလမ်းမှာ လူဦးရေသန်းခေါင်စာရင်းမှ ကောက်ယူရရှိသည့် စာရင်းအင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ အခြေအနေ အရဆိုသော် နှစ်ပေါင်းသုံးဆယ်အတောအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြည်လုံးကျွတ်လူဦးရေ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့ပြီး သန်းခေါင်စာရင်းကောက်ယူရာတွင် ပြည်ပ၌ လတ်တလောနေထိုင်နေသည့် အိမ်ထောင်စုဝင်များနှင့် ပတ်သက်သည့် မေးခွန်းပါဝင်သည်။ ကနဦး သန်းခေါင်စာရင်း ထုတ်ပြန်ချက်အရ နိုင်ငံရပ်ခြား ရောက်ရှိနေသည့် ရွှေ့ပြောင်းသွားလာသူ အရေအတွက်သည် စုစုပေါင်း ၂,၀၂၁,၉၁၀ ဦး ရှိသည်။ သို့သော်လည်း နောက်ကြောင်းပြန်ခန့်မှန်းနည်းအရ သန်းခေါင်စာရင်းကောက်ယူသည့်အချိန်၌ ပြည်ပတွင် နေထိုင်နေကြသူများမှာ လူပေါင်း ၄.၂၅ သန်းခန့် (မြန်မာ့လုပ်သားအင်အားထု၏ ၂၀ % ခန့်) ရှိသည်ဟု ခန့်မှန်းထားပါသည်။ ပြည်ပ ရောက်ရှိသည့် ဤရွှေ့ပြောင်းသွားလာသူများထဲမှ ၇၀% သည် ထိုင်းနိုင်ငံတွင်လည်းကောင်း၊ ၁၅% သည် မလေးရှား နိုင်ငံတွင်လည်းကောင်း၊ ၄% သည် စင်္ကာပူနှင့် တရုတ်နိုင်ငံတွင်လည်းကောင်း၊ ထို့ထက်နည်းသည့် ရာခိုင်နှုန်း အနည်းငယ်သည် အခြားနိုင်ငံများတွင်လည်းကောင်း အသီးသီးရောက်ရှိနေကြသည်။

နိုင်ငံတကာ လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ အချက်အလက်ကောက်ယူခြင်း ဒုတိယနည်းလမ်းမှာ နယ်စပ်ထွက်ပေါက်နှင့် ဝင်ပေါက်များတွင် ကောက်ယူခြင်းအပါအဝင် ရွှေ့ပြောင်းသွားလာခြင်း လုပ်ငန်းစဉ်အတွင်း အဖွဲ့အစည်းအမျိုးမျိုးက ကောက်ယူထားသော စီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များကို အသုံးပြုခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လုပ်သားရွှေ့ပြောင်းသွားလာခြင်း နှင့်ပတ်သက်၍ ထိရောက်သည့် အချက်အလက်ကောက်ယူရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP) က အဓိက ဆောင်ရွက်ပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (LEO) သည် ပြည်ပ အလုပ်အကိုင် ရှာဖွေသူကတ်ပြား ရရှိထားသော ပြည်ပသွားရောက်လုပ်ကိုင်ရန် စီစဉ်နေသူများအပါအဝင် အလုပ်သမားကတ်အတွက် မှတ်ပုံတင်ထားသောအလုပ်သမားများနှင့်ပတ်သက်သည့် အချက်အလက်များကို ကောက်ယူပါသည်။ နိုင်ငံနှင့်အဝှမ်း တည်ရှိနေသော အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (LEO) ၇၈ ရုံးမှ ဤကတ်များ လျှောက်ထားသော အလုပ်သမားများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို MOLIP က စုစည်းကောက်ယူပြီး ဗဟိုစာရင်းအင်း အဖွဲ့ (CSO) က ထုတ်ပြန်ကြေငြာပါသည်။ ထုတ်ပြန်ကြေငြာသည့် ကိန်းဂဏန်းအချက်အလက်များသည် ကျား/မ ခွဲခြား ဖော်ပြထားခြင်း မရှိပါ။

ပုံမှန် ရွှေ့ပြောင်းသွားလာရန်အတွက် အလုပ်သမားများအနေဖြင့် ပြည်ပအလုပ်သမားမှတ်ပုံတင်ကတ် (OWIC)[၂] အပြင် အထက်တွင်ဖော်ပြခဲ့သည့် ပြည်ပအလုပ်အကိုင်ရှာဖွေသူကတ် လိုအပ်သည်။ OWIC နှင့်အတူ အလုပ်ခန့်ထားမှု ဆိုင်ရာ သဘောတူစာချုပ် မှန်ကန်ကြောင်း အတည်ပြုခြင်းကို သတ်မှတ်ထားသော DOL ရုံး ၃ ရုံးတွင်သာ ပြုလုပ် ဆောင်ရွက်သည်။ ထို ရုံး ၃ ရုံးမှာ ရန်ကုန်မြို့၊ မြောက်ဒဂုံရှိ LEO ရုံး၊ မြဝတီမြို့ရှိ LEO ရုံး နှင့် မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်ရှိ အမှတ် (၂) စက်မှုသင်တန်းကျောင်းတို့ ဖြစ်သည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် OWIC ထုတ်ပေးသည့် အရေအတွက်ပေါ်မူတည်၍ ပြည်ပသို့ သွားရောက် သော ရွှေ့ပြောင်းသွားလာသူများ၏ နှစ်စဉ် ကိန်းဂဏန်းစာရင်းကို ထုတ်ပြန်သည်။ ၂၀၁၅-၁၆ ကိန်းဂဏန်းစာရင်းအရ ပြည်ပသို့ ရွှေ့ပြောင်းသွားလာသူ စုစုပေါင်း ၁၀၅,၆၁၆ ဦး ရှိပြီး ထိုအရေအတွက်မှ ၆၂,၈၀၀ ဦးသည် ထိုင်းနိုင်ငံသို့ လည်းကောင်း၊ ၃၅,၉၆၇ ဦးသည် မလေးရှားနိုင်ငံသို့လည်းကောင်း သွားရောက်ကြသည်။ ဤကိန်းဂဏန်းအရေအတွက် တွင်လည်း ကျား/မ ခွဲခြားဖော်ပြထားခြင်း မရှိပါ။

[၂] ဤကတ်ကို (စမတ်ကတ်) (Smart Card) အဖြစ် ရည်ညွှန်းဖော်ပြလေ့ရှိသည်။

ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ ရောက်ရှိနေသည့် ရွှေ့ပြောင်းသွားလာသူများနှင့်ပတ်သက်၍ MOLIP သည် ယာယီနိုင်ငံကူးလက်မှတ် (သို့) မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးခြင်းဖြင့် အချက်အလက်များ ကောက်ယူပါသည်။ Global New Light of Myanmar သတင်းအရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် ပြုလုပ်သည့် ၁/၂၀၁၈ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးတွင်၊ ထိုင်းနိုင်ငံ၌ရှိသော အထောက်အထားမဲ့ မြန်မာအလုပ်သမားပေါင်း ၁,၀၉၉,၅၈၆ ဦးကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးပြီး ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကို စိစစ်မှတ်တမ်းတင်ကာ နေပြည်တော်ရှိ အမျိုးသားအချက်အလက်ဌာနတွင် သိမ်းဆည်းထားပြီး အခြားဌာနများက တောင်းဆိုလာပါက မျှဝေပေးနိုင်ကြောင်းကို ပြည်ထောင်စုဝန်ကြီးက တင်ပြခဲ့ပါသည်။ အစီရင်ခံစာအရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်အထိတွင် အခြားသော ပြည်ပအလုပ်သမား ၁,၂၆၅,၆၈၈ ဦး အတွက် အလားတူ အချက်အလက်ကို ကောက်ယူနိုင်ခဲ့သည်။

လိုအပ်သော စာရွက်စာတမ်းအထောက်အထားများနှင့် မြန်မာနိုင်ငံမှထွက်ခွာသော ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်အကိုင်အတွက်နိုင်ငံကူးလက်မှတ် (PJ)ကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးသော ရုံးများတွင် လျှောက်ထားရပါသည်။ အများပြည်သူသို့ ထုတ်ပြန်ကြေငြာခြင်းမပြုသော်လည်း ထိုထုတ်ပေးထားသော နိုင်ငံကူးလက်မှတ် အရေအတွက်နှင့်ပတ်သက်၍ အချက်အလက် ဒေတာဘေ့စ် ရှိပါသည်။

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသည် ရန်ကုန်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် တရားဝင် နယ်စပ် ဖြတ်ကျော်ရာနေရာများဖြစ်သည့် တရုတ်နိုင်ငံနယ်စပ် (မူဆယ်၊ လွယ်ဂျယ်၊ ကံပိုက်တည်၊ ချင်းရွှေဟော်၊ ကျိုင်းတုံ)၊ ထိုင်းနိုင်ငံ (တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ မော်တောင်)၊ ဘင်္ဂလားဒေ့ရှ် (စစ်တွေ၊ မောင်းတော)နှင့် အိန္ဒိယ (တမူး၊ ရိဒ်) အစရှိသည့် တရားဝင်နယ်စပ်ဂိတ်များတွင် လူအဝင်၊ အထွက်ကို မှတ်တမ်းတင်ထားပါသည်။ ဤအချက်အလက်များကို အများပြည်သူသို့ ထုတ်ပြန်ကြေငြာခြင်း မရှိပါ။

မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) နှင့် ပုဂ္ဂလိက အေဂျင်စီများသည် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ (၁၉၉၉)အရ ပြည်ပသို့စေလွှတ်သည့်အလုပ်သမားစာရင်း၊ ၎င်းတို့ထွက်ခွာသည့်ရက်စွဲ၊ ဝန်ဆောင်ခနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်များကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြရန်တာဝန်ရှိပြီး အေဂျင်စီများအနေဖြင့် ဤစာရွက်စာတမ်းများကို ၅ နှစ် သိမ်းဆည်းထားရမည်ဖြစ်ပြီး သက်ဆိုင်ရာ အရာရှိများ တောင်းဆိုလာပါက တင်ပြရန် တာဝန်ရှိသည်။ MOEAF သည် ဦးစီးဌာနသို့ လစဉ်ကောက်ယူထားသည့် အလုပ်သမားစာရင်းကို တင်ပြရန်လိုအပ်သည်။ ဗဟိုစာရင်းအင်းအဖွဲ့ (CSO)က ဤစာရင်းများကို ကျား/မ၊ ဆိုက်ရောက်နိုင်ငံ ခွဲခြားခြင်းမရှိဘဲ ပေါင်းရုံးစုစည်းထားသည့် ကိန်းဂဏန်းအချက်အလက်အဖြစ် ထုတ်ပြန်ပါသည်။

တတိယနည်းလမ်းမှာ ကြီးမားကျယ်ပြန့်သည့် အိမ်ထောင်စု (သို့) လုပ်သားအင်အားစစ်တမ်းကဲ့သို့သော စစ်တမ်းများမှ လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ကောက်ယူခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် လုပ်သားအင်အားစစ်တမ်းတွင် ပြည်ပ၌နေထိုင်သည့် ယခင်အိမ်ထောင်စုဝင်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဖော်ပြထားကာ မြန်မာ့လူဦးရေ ၁.၂ သန်းသည် ပြည်ပတွင် နေထိုင်လျက်ရှိပြီး ၆၀% သည် အမျိုးသားများဖြစ်၍၊ ၄၀ % သည် အမျိုးသမီးများ ဖြစ်သည်ကို တွေ့ရှိရသည်။

အခြားသတင်းအချက်အလက်များကိုလည်း ကမ္ဘာ့ဘဏ်၏ စစ်တမ်းနှစ်ခုဖြစ်သည့် မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့် လူနေမှုအခြေအနေဆိုင်ရာ စစ်တမ်း (၂၀၁၄ - ၂၀၁၅) နှင့် မြန်မာနိုင်ငံ လူနေမှုအခြေအနေဆိုင်ရာ စစ်တမ်း (၂၀၁၆ - ၂၀၁၇) တွင်လည်း လေ့လာတွေ့ရှိနိုင်ပါသည်။

ခရီးသည်စစ်တမ်းပုံစံတစ်မျိုးကိုလည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ မြန်မာရွှေ့ပြောင်းလုပ်သားများ သတင်းပို့နေရာတွင် ကောက်ယူပါသည်။ ထိုနေရာတွင် ပြည်ပထွက်ခွာနှင့် ပြည်တွင်းနေရပ်ပြန်လာသော ရွှေ့ပြောင်းသွားလာသူများအနေဖြင့် မိမိဆန္ဒအလျောက် အစီရင်ခံတင်ပြနိုင်သည်။ OWIC များ၊ နိုင်ငံကူးလက်မှတ်များ၊ ရွှေ့ပြောင်းသွားလာသူ၏ ဆိုက်ရောက်နိုင်ငံနှင့် လုပ်သားစုဆောင်းသည့်အေဂျင်စီတို့နှင့်

ပတ်သက်၍ ကောက်ယူထားသည့် သတင်းအချက်အလက်များကို စိစစ် မှတ်တမ်းပြုထားသည်ဟု သိရှိရပါသည်။

အခြားအချက်အလက်များကိုလည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများထံမှ ရရှိနိုင်ပါသည်။ ဤအဖွဲ့အစည်းများသည် ရွှေ့ပြောင်းသွားလာခြင်း လုပ်ငန်းစဉ်တွင် ပြဿနာကြုံတွေ့နေသည့် ရွှေ့ပြောင်းသွားလာသူများကို အကူအညီပေးသည့်အပြင် ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်းနှင့်ဆိုင်သည့် သင်တန်းများကိုလည်း ပံ့ပိုးပေးပါသည်။

ဤအစီရင်ခံစာအနေဖြင့် မြန်မာနိုင်ငံအတွင်း အချက်အလက်ကောက်ယူမှုကို စူးစမ်းလေ့လာခြင်းအပြင် ဆိုက်ရောက်နိုင်ငံရှိ မြန်မာရွှေ့ပြောင်းသွားလာသူများနှင့်ပတ်သက်၍ ကောက်ယူထားသည့် အချက်အလက်များကိုလည်း အကျဉ်းချုပ် လေ့လာထားပါသည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံသည် ၎င်းနိုင်ငံတွင် နိုင်ငံသား၊ ကျား/မ၊ ရွှေ့ပြောင်းသွားလာမှုအခြေအနေ၊ အလုပ်အကိုင်ကဏ္ဍ၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်လုပ်ကိုင်သည့်နေရာ စသည်တို့ကို အသေးစိတ်နှင့် အချက်အလက်ပြည့်စုံစွာဖော်ပြထားသော အလုပ်အကိုင်ဦးစီးဌာနဝက်ဆိုက်ကို လွှင့်တင်ထားခဲ့သည်မှာ နှစ်များစွာကတည်းက ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအထိတွင်၊ ထိုင်းနိုင်ငံတွင်ရှိသော မြန်မာအလုပ်သမားအရေအတွက်မှာ ၂,၂၀၂,၃၉၄ ဦးဖြစ်ပြီး ထိုအရေအတွက်ထဲမှ ၁,၀၃၈,၅၈၄ ဦးသည် နိုင်ငံသားစိစစ်အတည်ပြုချက်ရရှိပြီး၊ ၃၈၅,၀၁၁ ဦးသည် MOU လုပ်ငန်းစဉ်ဖြင့် ထိုင်းနိုင်ငံတွင်ရှိကာ၊ ၇၇၇,၂၁၇ ဦးသည် နိုင်ငံသားစိစစ်မှုခံယူရန် စောင့်ဆိုင်းနေခဲ့ပြီး၊ ၁,၅၈၂ ဦးသည် နယ်စပ်ဖြတ်ကျော်ခွင့်ဖြင့် ရာသီလိုက် လုပ်ကိုင်ကြသည့် အလုပ်သမားများ ဖြစ်ကြသည် (အလုပ်အကိုင်ဦးစီးဌာန၊ တော်ဝင်ထိုင်းအစိုးရ)။ ထိုင်းနိုင်ငံသည် ရွှေ့ပြောင်းအလုပ်သမားများ၏ မှီခိုသူများ၊ လူကုန်ကူးခံရသူများ၊ ဆေးစစ်မှုနှင့်ဆေးကုသမှုခံယူနေသူများအပါအဝင် ထိုင်းကျောင်းများတွင်တက်ရောက်နေသည့် ရွှေ့ပြောင်းသွားလာသူများ၏ အချက်အလက်များကိုလည်း မှတ်တမ်း ပြုစုထားပါသည်။

## စိန်ခေါ်မှုများ

မြန်မာနိုင်ငံမှ ရွှေ့ပြောင်းသွားလာသူအများစုသည် အကြောင်းခြင်းရာနှစ်မျိုးအားဖြင့် အထောက်အထားမဲ့သူများ ဖြစ်ကြပါသည်။ ပထမအချက်မှာ ၎င်းတို့ကိုယ်တိုင် စာရွက်စာတမ်းအထောက်အထားမရှိခြင်းနှင့် ဒုတိယအချက်မှာ နိုင်ငံတကာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းများတွင် မှတ်တမ်းပြုစာရင်းသွင်းမခံရသူများဖြစ်သည်။ အောက်ပါအချက်များသည် မြန်မာရွှေ့ပြောင်းသွားလာသူများနှင့်ပတ်သက်သည့် အချက်အလက်များနှင့်ဆိုင်သည့် စိန်ခေါ်မှုများဖြစ်သည်။ -

- အောက်ဖော်ပြပါ အကြောင်းရင်းများကြောင့် မြန်မာနိုင်ငံအတွင်းတွင်ပင် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များကို နှိုင်းယှဉ်ရန်ခဲယဉ်းခြင်း -
    - ရွှေ့ပြောင်းသွားလာသူများ(migrants) အတွက် အနက်အဓိပ္ပါယ်အမျိုးမျိုး အသုံးပြုခြင်း၊
    - ကာလအမျိုးမျိုး (လစဉ်၊ နှစ်စဉ်၊ သုံးလပတ်တစ်ကြိမ်၊ ၁၀ နှစ်တစ်ကြိမ်) ကောက်ယူခြင်း၊
    - ကောက်ယူသည့် အချက်အလက် အဆင့်အမျိုးမျိုးကွဲပြားခြင်း၊ အချက်အလက်များသည် သိသာထင်ရှားစွာဖြင့် ကျား/မ ခွဲခြားဖော်ပြမှု မရှိခြင်း။
- အချက်အလက်များသည် ယေဘုယျအားဖြင့် အများပြည်သူ ကြည့်ရှုလေ့လာနိုင်သည့်နေရာ/ ဝက်ဆိုက်တွင် မရှိခြင်း။
- မြန်မာရွှေ့ပြောင်းသွားလာသူ အရေအတွက် အတော်များများသည် ပုံမှန်လမ်းကြောင်းများမှ ရွှေ့ပြောင်းသွားလာခြင်းမရှိသည့်အတွက် LEO ရုံးများတွင် ကောက်ယူသည့်စာရင်းတွင် မပါဝင်ကြပါ၊ OWIC ကတ်များလည်း မရရှိကြပါ၊ အလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (PJ)လည်း မရရှိကြပါ၊ (သို့) တရားဝင်ပြည်ပ ထွက်ခွာနေရာများမှ ထွက်ခွာခြင်း မရှိကြပါ။
- ဥပဒေအရလုပ်ဆောင်ရန် တာဝန်ရှိသော်လည်း ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများသည် ၎င်းတို့၏ကိုယ်ပိုင်အကျိုးအမြတ်အတွက် လုပ်ကိုင်ပြီး စီးပွားရေးလုပ်ငန်းအကျိုးကျေးဇူးဆိုင်ရာကိစ္စများကို မျှဝေလိုခြင်း မရှိကြပါ။

ထို့အပြင် ဤအစီရင်ခံစာသည်အလုပ်အကိုင်ဆိုင်ရာရွှေ့ပြောင်းသွားလာမှုနှင့်ပတ်သက်သည့် အချက်အလက်များကိုသာ သုံးသပ်လေ့လာကြည့်ရှုသော်လည်း လူများသည်အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း၊ အချိန်ကာလအလျောက် နေထိုင်သွားလာရန်အခြေအနေများ ပြောင်းလဲခြင်းကြောင့်သော်လည်းကောင်း တစ်နေရာမှ တစ်နေရာသို့ မကြာခဏရွှေ့ပြောင်းသွားလာနေကြသည်။ ရွှေ့ပြောင်းသွားလာခြင်းကို အကြောင်းအရာတစ်ခုတည်းကြောင့် ဖြစ်သည် ဟု မှတ်ယူပါက လမ်းလွဲသွားမည်ဖြစ်ပြီး ရေးဆွဲနေသည့် မူဝါဒများသည်လည်း ရှေ့နောက်ကိုက်ညီတော့မည် မဟုတ်ပေ။

နောက်ဆုံးအချက်အနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာလွတ်လပ်ခွင့်သည် အခြေခံအခွင့်အရေးတစ်ခုဖြစ်သည်။ လူများအနေဖြင့် ဆိုက်ရောက်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပါက ၎င်းတို့ကို သီးသန့်ခွဲထုတ်ပြီး အချက်အလက်ကောက်ယူခြင်းသည် ခွဲခြားဆက်ဆံမှု (သို့မဟုတ်) ထိန်းချုပ်မှုအဖြစ် အဓိပ္ပါယ်ကောက်ယူနိုင်ပါသည်။

## အနှစ်ချုပ် အကြံပြုတိုက်တွန်းချက်

အထောက်အထားအခြေပြုမူဝါဒ ရေးဆွဲချမှတ်ခြင်းကို အထောက်အကူပြုရန် နိုင်ငံတကာနှင့် နှိုင်းယှဉ်လေ့လာနိုင်သော ညွှန်းကိန်းများအတွက် ယုံကြည်အားထားရပြီး၊ ကျား/မ ခွဲခြားဖော်ပြမှုနှင့်အတူ၊ အသက်အရွယ်၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အခြေအနေများအလိုက် ခွဲခြားဖော်ပြရန် လိုအပ်ပါသည်။ ဤသို့ဖြစ်ရန်မှာ ကုလသမဂ္ဂက ပံ့ပိုးဖြည့်ဆည်းပေးနိုင်သည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းများနှင့်ပတ်သက်၍ ရှိနေသည့် ကမ္ဘာလုံးဆိုင်ရာလမ်းညွှန်ချက်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အချက်အလက်ကောက်ယူခြင်းနှင့်စိတ်ဖြာလေ့လာခြင်းတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် လိုအပ်ပါသည်။နိုင်ငံများသည်လူဦးရေသန်းခေါင်စာရင်းများတွင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မေးခွန်းများ ထည့်သွင်းသင့်ပြီး မွေးဖွားရာနိုင်ငံ (သို့) နိုင်ငံသားအပြင် ရောက်ရှိသည့်ခုနှစ်နှင့် ရွှေ့ပြောင်းသွားရသည့်အကြောင်းရင်းစသည့် မေးခွန်းများလည်း ထည့်သွင်းသင့်ပါသည်။ ဤသို့အားဖြင့် ယခင်ရွှေ့ပြောင်းသွားလာမှုများနှင့် ရွှေ့ပြောင်းသွားလာရသည့် အကြောင်းရင်းများကို ခန့်မှန်းတွက်ချက်ဖော်ပြနိုင်မည် ဖြစ်သည်။ (ကုလသမဂ္ဂ၊ ၂၀၁၇)

အောက်ပါအချက်များသည် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခြေအနေလက္ခဏာရပ်များနှင့် ပတ်သက်၍ လိုအပ်သည့် စာရင်းအင်းဆိုင်ရာအချက်အလက်များကို အကျဉ်းချုပ် ခြုံငုံသုံးသပ်တင်ပြထားခြင်း ဖြစ်ပါသည်။

- ဆိုက်ရောက်နိုင်ငံအပါအဝင် လူဦးရေဆိုင်ရာအချက်အလက်နှင့် လူမှုစီးပွားဆိုင်ရာလက္ခဏာရပ်များ၊
- စုစုပေါင်း လုပ်သားအင်အားတွင်ပါဝင်သည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အရေအတွက်/ပမာဏ၊
- အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့် ကျွမ်းကျင်မှုများ၊
- စီးပွားရေးကဏ္ဍများ၊
- လုပ်သားအင်အားပါဝင်မှု (ပုံစံတကျ/ပုံစံတကျမဟုတ်သောကဏ္ဍများ)၊
- အလုပ်အကိုင်ဆိုင်ရာအခြေအနေ၊
- ရွှေ့ပြောင်းသွားလာမှုဆိုင်ရာအခြေအနေ (အထောက်အထားရှိ/အထောက်အထားမဲ့)၊
- အလုပ်အကိုင်ဆိုင်ရာအခြေအနေများ (အလုပ်ချိန်၊ လစာ၊ နားချိန်နှင့် အခြားစာချုပ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ စသည်)၊
- လူမှုဖူလုံရေးအကျုံးဝင်မှု၊
- နေထိုင်မှုကာလကြာချိန်၊
- လက်ရှိနှင့် အသစ်ဖြစ်သော ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းများတွင် ပေါ်ပေါက်လာသည့် အပြောင်းအလဲများ၊

- လုပ်သားရွှေ့ပြောင်းသွားလာခြင်း အကြောင်းရင်းများ၊
- လုပ်သားစေလွှတ်သည့်နိုင်ငံနှင့် လုပ်သားလက်ခံသည့်နိုင်ငံများတွင် လုပ်သားရွှေ့ပြောင်းသွားလာမှု၏အကျိုးသက်ရောက်မှုများ (လုပ်သားဈေးကွက်၊ GDP ပမာဏ၊ အလုပ်အကိုင်ဖန်တီးမှု၊ ဆင်းရဲမှုလျှော့ချနှုန်း၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု စသည်)၊
- လွှဲပို့ငွေများ၊
- သတင်းအချက်အလက်များအားလုံးကို ကျား/မ၊ အသက်အရွယ်၊ လုပ်ငန်းကဏ္ဍ၊ ဘာသာစကား၊ ရွှေ့ပြောင်းသွားလာမှုအခြေအနေ၊ သက်ဆိုင်မှုရှိလျှင် ကိုးကွယ်ရာဘာသာနှင့် လူမျိုးအလိုက် ခွဲခြားဖော်ပြရန် လိုအပ်ပါသည်။

အစီရင်ခံတင်ပြရန်နှင့် မူဝါဒရေးဆွဲရန်ရည်ရွယ်ချက်အတွက် အထက်ပါ အချက်အလက်များကို ကောက်ယူရန်နှင့် အသုံးပြုရန်အလို့ငှာ ဤအစီရင်ခံစာအားဖြင့် အောက်ပါ အကြံပြုချက်များကို အဆိုပြုအပ်ပါသည်။

၁။ လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ စံချိန်စံညွှန်းပြုထားသော အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် သဘောတရားကို ချမှတ်ကျင့်သုံးခြင်း - အချက်အလက်ကောက်ယူခြင်းနှင့်ပတ်သက်၍ အစိုးရ၏ ချဉ်းကပ်ဆောင်ရွက်မှု တစ်ရပ်လုံးတွင် လုပ်သားရွှေ့ပြောင်းသွားလာခြင်းအတွက် စံသတ်မှတ်ထားသော အနက်အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် သဘောတရားများကို လက်ခံကျင့်သုံးမှုပါဝင်ရန် ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ဝန်ကြီးဌာနများအကြား အချက်အလက် နှိုင်းယှဉ်မှုများနှင့် ဆက်စပ်ကိုက်ညီမှုရှိသော မူဝါဒများကို ဖော်ဆောင်ရာတွင် အထောက်အကူပြုမည်ဖြစ်သည်။

၂။ အချက်အလက်များကို ကောက်ယူရန်၊ ထိန်းသိမ်းထားရှိရန်၊ စိတ်ဖြာလေ့လာရန်နှင့် ထုတ်ပြန်ရန် ဗဟိုစာရင်းအင်းအဖွဲ့၊ MOLIP နှင့်သက်ဆိုင်ရာအေဂျင်စီများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ဆောင်ရွက်ခြင်း၊

၃။ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ပေါင်းရုံးစုစည်းထားသည့် စနစ်တစ်ရပ်ကို တည်ထောင်ခြင်း၊

၄။ ရွှေ့ပြောင်းအလုပ်သမားအရေအတွက်ကို မှန်ကန်စွာ ခန့်မှန်းတွက်ချက်နိုင်ရန် အမျိုးသားစာရင်းအင်းစနစ်တစ်ရပ်ကို အထောက်အကူပြုမည့် စီမံခန့်ခွဲရေးဆိုင်ရာမှတ်တမ်းအတွက် မည်သူမည်ဝါ ဖြစ်ကြောင်း ဖော်ပြသည့် အထောက်အထားများ/နံပါတ်များ (ဥပမာ။ ။ နိုင်ငံကူးလက်မှတ် (သို့ CoI နံပါတ်၊ OWIC နံပါတ်) ပါဝင်သည့် အထူးဒီဇိုင်းရေးဆွဲထားသည့် စာရင်းအင်းအချက်အလက် (ဒေတာဘေ့စ်) တစ်ခုကို စတင်မိတ်ဆက် ဆောင်ရွက်ခြင်း၊

၅။ ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု တိုးတက်စေခြင်း - စုစည်းကောက်ယူထားသည့် အချက်အလက်များကို နှိုင်းယှဉ်လေ့လာနိုင်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အချက်အလက် ကောက်ယူမှုများကို ဆက်စပ်ကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း။ အချက်အလက်အသုံးပြုသူများ(မူဝါဒရေးဆွဲသူများ)နှင့် အချက်အလက်ပြုစုသူများအကြား (CSOများအပါအဝင်) ရှင်းလင်းလွယ်ကူသည့် ဆက်သွယ်ရေးလမ်းကြောင်း တစ်ခုကို တည်ဆောက်ခြင်း။ CSO နှင့် သက်ဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နည်းပညာဆိုင်ရာနှင့် မူဝါဒပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအပါအဝင် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်သက်ဆိုင်သူများပါဝင်သည့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒရေးရာအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းခြင်း။

၆။ ရယူသုံးစွဲရန် လွယ်ကူမှုနှင့် အချက်အလက်ဖြန့်ဝေနိုင်မှု - CSO မရရှိသည့်သတင်းများအပြင် သတင်းရင်းမြစ်မှနေ၍ အချက်အလက်များအား တိုက်ရိုက်ဖြန့်ဝေခြင်းကို မြှင့်တင်ဆောင်ရွက်ခြင်းသည် အများပြည်သူကြည့်

ရှုလေ့လာနိုင်သည့်နေရာတွင် ရရှိနိုင်မည့် သတင်းအချက်အလက်အဆင့်ကို မြှင့်တင်ရာတွင် အလွန်အရေးပါပါသည်။

၇။ လုပ်သားရွှေ့ပြောင်းသွားလာခြင်းကို အခြားကဏ္ဍများတွင် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်း - လူဦးရေသန်းခေါင်စာရင်း၊ အိမ်ထောင်စုစစ်တမ်းများနှင့် လုပ်သားအင်အားစစ်တမ်းများအပါအဝင် ဒေသန္တရစာရင်းအင်းနှင့် အချက်အလက်စနစ်များတွင် ရွှေ့ပြောင်းသွားလာခြင်းနှင့်ဆိုင်သည့် မေးခွန်းများကို ထည့်သွင်းခြင်းဖြင့် အချက်အလက်များကောက်ယူနိုင်ပါသည်။

၈။ အချက်အလက်များကို ကျင့်ဝတ်နှင့်အညီကောက်ယူခြင်း - အချက်အလက်ကာကွယ်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်စေရန် အမျိုးသားဥပဒေကို ရေးဆွဲခြင်းနှင့် အချက်အလက်ကောက်ယူခြင်း၊ ထိန်းသိမ်းထားရှိခြင်း၊ အသုံးပြုခြင်းနှင့် ဖြန့်ဝေခြင်းများတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်လျှို့ဝှက်ခွင့်ကို လေးစားမှုရှိစေရန် သေချာဆောင်ရွက်ခြင်း၊

၉။ ပါဝင်ဆောင်ရွက်ခြင်း - စစ်တမ်းပုံစံရေးဆွဲမှုနှင့် အခြားအချက်အလက်ကောက်ယူမှုနည်းလမ်းများ (အချက်အလက်များ ဖြန့်ဝေခြင်းနှင့် စိတ်ဖြာလေ့လာခြင်း)တွင် ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့အတွက် ပံ့ပိုးဆောင်ရွက်ပေးသည့်အဖွဲ့များ ပါဝင်ဆောင်ရွက်မှုသည် စာရင်းအင်း ဆက်စပ်ကိုက်ညီမှုနှင့် အရည်အသွေးကို တိုးတက်စေမည်ဖြစ်သည်။

၁၀။ အချက်အလက်ကောက်ယူခြင်းအခွင့်အလမ်းများ - ဆိုက်ရောက်နိုင်ငံများရှိ သံရုံးများမှသော်လည်းကောင်း မြန်မာနိုင်ငံနှင့်ပြည်ပရှိအလုပ်သမားအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြင့်သော်လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ အာဆီယံအဆင့်တို့တွင် အလားအလာရှိသော အချက်အလက်ကောက်ယူနိုင်သည့်အခွင့်အလမ်းများကို စဉ်းစားသုံးသပ်ခြင်း၊

၁၁။ အရေးပါပြီး အမြောက်အမြားရှိနေသော အချက်အလက်များ - ငွေကြေးဆိုင်ရာဝန်ဆောင်မှု အေဂျင်စီများက စုစည်းထားသည့်သတင်းအချက်အလက်များကို ပိုမိုကျယ်ပြန့်စွာ မျှဝေခြင်း၊

၁၂။ ရွှေ့ပြောင်းသွားလာသူများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ အချက်အလက်ကောက်ယူမှုကို တိုးတက်အောင်ဆောင်ရွက်ခြင်း - စံသတ်မှတ်ထားသည့် ညွှန်းကိန်းများကို မိတ်ဆက်ပေးခြင်းနှင့် ပြည်ပမထွက်ခွာမီနှင့် ပြန်လည်ရောက်ရှိသည့်အချိန်တို့တွင် ဆေးစစ်ချက်မှ ရရှိလာသည့် ကျန်းမာရေးဆိုင်ရာ အခြေအနေအလားအလာများကို စိတ်ဖြာလေ့လာခြင်း၊

၁၃။ လွှဲပို့ငွေ ပေးပို့သည့် ကုန်ကျစရိတ်များနှင့်ပတ်သက်၍ အချက်အလက်ကောက်ယူမှုကို တိုးတက်အောင်ဆောင်ရွက်ခြင်း၊

၁၄။ အိမ်ထောင်စုအဆင့်တွင် လွှဲပို့ငွေ အကျိုးသက်ရောက်မှုနှင့်ဆိုင်သည့် အချက်အလက်များကို တိုးတက်အောင်ဆောင်ရွက်ခြင်း၊

၁၅။ ပုံမှန်မဟုတ်သည့်ရွှေ့ပြောင်းသွားလာသူများနှင့်ဆိုင်သည့် အချက်အလက်များ တိုးတက်အောင် ဆောင်ရွက်ခြင်း - ရွှေ့ပြောင်းသွားလာသူများကို အန္တရာယ်ဖြစ်စေခြင်း မရှိစေဘဲ ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာသူများနှင့် ပတ်သက်၍ အချက်အလက်ကောက်ယူရန် ဆန်းသစ်သည့်နည်းလမ်းများကို ရှာဖွေကြံဆခြင်း။ ဥပမာအားဖြင့် Mixed Migration Monitoring Mechanism (4Mx) နည်းလမ်းဖြစ်သည်။ လူများ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသွားလာခြင်းကို စောင့်ကြည့်လေ့လာပြီး မိုဘိုင်းဖိုးအက်ပလီကေးရှင်းမှတစ်ဆင့် အခြေခံသတင်းအချက်အလက်များကို ကောက်ယူမှတ်တမ်းတင်ရန် ဒေသန္တရအဆင့် စောင့်ကြည့်လေ့လာသူများကို ခန့်အပ်တာဝန်ပေးထားပြီး လွယ်ကူစွာဖြင့် ဗဟိုထိန်းချုပ် ဆောင်ရွက်နိုင်ပါသည်။[၄]

[၄] အောက်တွင်ဖော်ပြထားသည့် အပိုင်း ၃ တွင် 4Mx အသေးစိတ်ကို ဖော်ပြထားသည်။

၁၆။ ရွှေ့ပြောင်းသွားလာသူကလေးသူငယ်များ၏ ပညာရေးနှင့်ပတ်သက်၍ အချက်အလက်ကောက်ယူမှုကို တိုးတက် အောင်ဆောင်ရွက်ခြင်း - ရွှေ့ပြောင်းသွားလာသူကလေးသူငယ်များ၏ အခြေအနေကို စောင့်ကြည့် လေ့လာရန် တာဝန်ဝတ္တရားကို မြန်မာနိုင်ငံအပြင် ခရီးဖြတ်သန်းသွားရသည့်နိုင်ငံ၊ ဆိုက်ရောက်နိုင်ငံများ အပါ အဝင် သက်ဆိုင်ရာနိုင်ငံများအားလုံးက ခွဲဝေဆောင်ရွက်ခြင်းကို သေချာစေခြင်း၊

၁၇။ ပြည်ပတွင်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများနှင့်ပတ်သက်သည့် အချက်အလက်များကို ကောက်ယူရန် ဆိုက်ရောက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

# ၁။ မိတ်ဆက်

ထိရောက်ပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒများကို ရေးဆွဲ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် ယုံကြည်အားထားရသော အချက်အလက်နှင့် စာရင်းဇယားများသည် မရှိမဖြစ် အရေးပါသည်။ ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ လုပ်ငန်းစဉ်များ၊ မြေပုံကွယ်နေသည့်အကြောင်းရင်းများ၊ သွယ်ဝိုက်သက်ရောက်မှုများကို နားလည်ရန်အတွက် ရှုထောင့်ပေါင်းစုံမှ ရွှေ့ပြောင်းသွားလာခြင်းနှင့်စပ်လျဉ်း၍ ယုံကြည်အားထားရပြီး အချိန်ကာလနှင့်အညီ တိကျမှုရှိသော သတင်းအချက်အလက်များကို စုစည်းရန်နှင့် စိတ်ဖြာလေ့လာရန် အရေးကြီးပါသည်။ ၂၀၀၆ ခုနှစ်၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ၏ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံစုံမူဘောင်တွင် အချက်အလက်ကောက်ယူခြင်းကို ဦးစားပေးလုပ်ငန်းအဖြစ် ကိုးကားဖော်ပြထားပါသည်။ ဆယ်စုနှစ်တစ်စုကျော် ကြာမြင့်ခဲ့သော်ငြားလည်း ကမ္ဘာလုံးဆိုင်ရာအဆင့်၊ ဒေသတွင်းအဆင့်နှင့် အများအားဖြင့် နိုင်ငံအဆင့်တွင် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်ကောက်ယူခြင်းသည် အထောက်အထားအခြေပြုမူဝါဒများ ရေးဆွဲခြင်းကို အထောက်အကူပြုရန် ပြည့်စုံလုံလောက်မှု မရှိသေးပါ။

မူဝါဒရေးဆွဲရေးအတွက် လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ ပိုမိုကောင်းမွန်သည့် သတင်းအချက်အလက်ကောက်ယူမှုလိုအပ်သည်ကို မြန်မာနိုင်ငံတွင် အလေးထားဂရုပြုမိပြီးဖြစ်သည်။ နိုင်ငံတကာ လုပ်သားများရွှေ့ပြောင်းသွားလာခြင်း စီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယ အမျိုးသားငါးနှစ်စီမံချက် (၂၀၁၈ -၂၀၂၂) မူကြမ်းရေးဆွဲမှုနှင့်ပတ်သက်၍ ဆွေးနွေးမှုများတွင် အချက်အလက် ကောက်ယူမှုမှတစ်ဆင့် ပိုမိုကောင်းမွန်သည့် မူဝါဒရေးဆွဲမှုကို အထောက်အကူပြုမည့် နယ်ပယ်အချို့ကို ဖော်ထုတ်သတ်မှတ်ခဲ့ပါသည်။ နယ်ပယ်များမှာ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်း၊ ပွဲစားများကို စည်းမျဉ်းစည်းကမ်းဖြင့် ကြပ်မတ်ဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းသွားလာသည့်မိသားစုများရှိ ကလေးသူငယ်များအတွက် လူမှုဘဝဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ ဖြည့်ဆည်းမှု၊ ဒေသတွင်းရပ်ရွာလူထုအဖွဲ့အစည်းအပေါ် လွှဲပို့ငွေနှင့် ၎င်းတို့၏သက်ရောက်မှုများ၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ နေထိုင်မှုနှင့် အလုပ်အကိုင်ဆိုင်ရာအခြေအနေများ၊ ကိုယ်ပိုင်အိမ်ထောင်စုအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုစီးပွားနောက်ခံအခြေအနေတို့ ဖြစ်ကြသည်။ ထို့အပြင် စီမံချက်တွင် "လုပ်သားများရွှေ့ပြောင်းခြင်းကို စီမံခန့်ခွဲခြင်းနှင့် အုပ်ချုပ်ခြင်းကဏ္ဍကို ပိုမို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ခြင်း" ခေါင်းစဉ်တပ်ထားသည့်အပိုင်းကို အဆိုပြုဖော်ပြထားပြီး ဤအပိုင်းသည် လုပ်သားများရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်စီမံခန့်ခွဲမှုစနစ်အတွက် အလုံးစုံမဟာဗျူဟာကျသော ရည်မှန်းချက်နှင့် မူဝါဒနယ်ပယ်အတွက် အားစိုက်ဆောင်ရွက်မည်ဖြစ်သည်။ အရေးအတွက်၊ ဝိသေသလက္ခဏာရပ်များ၊ ဆိုက်ရောက်ရာနိုင်ငံများနှင့် အခြားအဓိကအချက်အလက်များကို အသေးစိတ်ဖော်ပြသော ကျား/မ ခွဲခြားဖော်ပြထားသည့် မှတ်ပုံတင်ထားသောအချက်အလက်များနှင့် ပတ်သက်၍ လစဉ်အစီရင်ခံစာများကို ပြုစုထုတ်ပြန်ရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအတွင်း ဗဟိုစီမံခန့်ခွဲသည့် လုပ်သားရွှေ့ပြောင်းသွားလာခြင်း သတင်းအချက်အလက်စနစ်တစ်ရပ်ကို တည်ထောင်ရန် အဆိုပြုထားပါသည်။ အများပြည်သူ သိရှိစေရန် ဝက်ဆိုက်တွင် အလုပ်နေရာချထားခြင်းနှင့်ပတ်သက်၍ နှစ်စဉ်အစီရင်ခံစာတစ်စောင် ပြင်ဆင်ခြင်းကိုလည်း အဆိုပြုထားပါသည်။

ယေဘုယျအားဖြင့် မြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၆ ခုနှစ် စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးရေး အမျိုးသားအဆင့်မဟာဗျူဟာ (NSDS) တွင် အရည်အသွေး၊ ယုံကြည်အားထားနိုင်မှု၊ အကျိုးရှိစွာအသုံးချနိုင်မှုနှင့် အပြည့်အဝ အသုံးမချနိုင်မှုတို့နှင့် စပ်လျဉ်း၍ စိန်ခေါ်မှုအခက်အခဲမျိုးစုံကို ဖော်ပြထားပြီး မူဝါဒရေးဆွဲဖော်ဆောင်ရန်အတွက် အားကောင်းသော စာရင်းအင်းဆိုင်ရာ အခြေခံတစ်ရပ်လိုအပ်ချက်ကို ဖော်ထုတ်တင်ပြထားပါသည်။ မိမိတို့၏ ကိုယ်ပိုင်သီးခြား ရည်ရွယ်ချက်များကိုသာ ဦးတည်ဆောင်ရွက်လေ့ရှိသော သက်ဆိုင်ရာဌာနများ၏ အချက်အလက်များသည် အကန့်အသတ်ဖြင့်သာရှိသည်ကို လေ့လာတွေ့ရှိသည့်အလျောက် NSDS သည် မူဝါဒရေးဆွဲဖော်ဆောင်ခြင်းကို ပံ့ပိုးရန်အတွက် အချက်အလက်ကောက်ယူမှုနှင့် လုပ်ငန်းစဉ်ဆောင်ရွက်မှုအတွက် ခေတ်ကာလနှင့်အညီဖြစ်ပြီး ထိရောက်သော ဆောင်ရွက်ချက်များ လိုအပ်သည်ကို တင်ပြထားသည်။

အမှန်တကယ်တွင် မြန်မာနိုင်ငံသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၃၀ အစီအစဉ်တွင် ဆောင်ရွက်ရန် တာဝန်ဝတ္တရားများနှင့်အညီ အချက်အလက်ကောက်ယူမှုကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန် ကတိကဝတ်ပြုပြီး ဖြစ်ပါသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ(SDG)၏ ရည်မှန်းချက် (၁၇.၈) သည် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အခြေအနေများအပြင် အကြောင်းအရာမျိုးစုံအလိုက် အချက်အလက်အားလုံးကို ခွဲခြားဖော်ပြခြင်းနှင့် သက်ဆိုင်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ရွှေ့ပြောင်းသွားလာမှုအပေါ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၏ အကျိုးသက်ရောက်မှုကို တွေ့မြင်နိုင်သလို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် ရွှေ့ပြောင်းသွားလာမှု၏ အကျိုးသက်ရောက်မှုကိုလည်း တွေ့မြင်နိုင်မည်ဖြစ်သည်။ (ကုလသမဂ္ဂ၊ ၂၀၁၆)

## SDG ရည်မှန်းချက် (၁၇.၁၈)

၂၀၂၀ ခုနှစ်တွင် သက်ဆိုင်ရာနိုင်ငံအခြေအနေအလိုက် ဝင်ငွေ၊ ကျား/မ၊ အသက်အရွယ်၊ လူမျိုး၊ တိုင်းရင်းသား၊ ရွှေ့ပြောင်းသွားလာမှုအခြေအနေ၊ မသန်စွမ်းမှု၊ ပထဝီတည်နေရာနှင့် အခြားလက္ခဏာရပ်များအလိုက် ခွဲခြားဖော်ပြထားသော အရည်အသွေးမြင့်မားပြီး၊ အချိန်ကာလနှင့်အညီဖြစ်၍ ယုံကြည်အားထားရသော အချက်အလက်များ သိသာထင်ရှားစွာ တိုးတက်ရရှိစေရန် ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်သောနိုင်ငံများ၊ ကျွန်းငယ်ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် အခြားဖွံ့ဖြိုးဆဲနိုင်ငံများကို စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းအား မြှင့်တင်ဆောင်ရွက်ရန်။

SDG ပန်းတိုင်များအားလုံးတွင် ရွှေ့ပြောင်းအလုပ်သမားများနှင့်ဆိုင်သည့်အချက်များ ယေဘုယျပါဝင်ပြီး အချို့သော အချက်များတွင် ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ သီးသန့်ဖော်ပြသည့် ရည်မှန်းချက်များနှင့် ညွှန်းကိန်းများ ပါဝင်သည်။ ထို့ကြောင့် အစီရင်ခံစာအတွက် စာရင်းအင်းများကို ဖော်ပြရန် ၎င်းတို့နှင့် သက်ဆိုင်သည့် အချက်အလက်များ လိုအပ်မည်ဖြစ်သည်။ အခြားသောပန်းတိုင်များကိုအောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့်လည်း ရွှေ့ပြောင်းသွားလာခြင်း၏ ရလဒ်များအပေါ် သိသာထင်ရှားသည့် အကျိုးသက်ရောက်မှုများ ရှိနိုင်ပါသည်။

ရှိနှင့်ပြီးဖြစ်သည့် စောင့်ကြည့်လေ့လာရေးစနစ်များကို ထည့်သွင်းစဉ်းစားသုံးသပ်လျက် အစိုးရက အစီရင်ခံတင်ပြမည့် ညွှန်းကိန်းများကို အစီရင်ခံတင်ပြမှု လွယ်ကူမှုအပေါ်မူတည်၍ အဆင့်များအလိုက် အမျိုးအစား ခွဲခြားသတ်မှတ်ထားပါသည်။

**စာအကွက် (၁) SDG ညွှန်းကိန်းအတွက် အဆင့်များ (Tiers) အဓိပ္ပါယ်ဖွင့်ဆိုချက်**

**အဆင့် ၁။** ။ ညွှန်းကိန်းသည် သဘောတရားအရ ရှင်းလင်းပြီး နိုင်ငံတကာအဆင့် တည်ထောင်ထားသည့် နည်းလမ်းများရှိကာ၊ စံချိန်စံညွှန်းများကို ရရှိနိုင်သည်။ ညွှန်းကိန်းနှင့် ဆက်စပ်သက်ဆိုင်မှုရှိသည့် ဒေသတိုင်းတွင် အနည်းဆုံးအားဖြင့် နိုင်ငံများနှင့် လူဦးရေ၏ ၅၀%အတွက် နိုင်ငံများက အချက်အလက်များကို ပုံမှန်ထုတ်ပြန်ပေးနိုင်ခြင်းရှိသည်။

**အဆင့် ၂။** ။ ညွှန်းကိန်းသည် သဘောတရားအရ ရှင်းလင်းပြီး နိုင်ငံတကာအဆင့် တည်ထောင်ထားသည့် နည်းလမ်းများရှိကာ စံချိန်စံညွှန်းများကို ရရှိနိုင်သည်။ သို့သော်လည်း နိုင်ငံများက အချက်အလက်များကို ပုံမှန်ထုတ်ပြန်ခြင်း မပြုကြပါ။

**အဆင့် ၃။** ။ ညွှန်းကိန်းအတွက် နိုင်ငံတကာအဆင့် တည်ထောင်ထားသည့် နည်းလမ်းများမရှိဘဲ စံချိန်စံညွှန်းများလည်း မရနိုင်သေးပါ။ သို့သော် နည်းလမ်းများ/စံနှုန်းများကို ရေးဆွဲပြုစုနေဆဲ/စမ်းသပ်နေဆဲ (သို့) ရေးဆွဲ/စမ်းသပ်ရန်ရှိသည်။

*၂၀၁၇ခုနှစ်၊ မတ်လတွင် (၅) ကြိမ်မြောက် အစည်းအဝေး၌ IAEG-SDG က ပြုစုထားသည့် နောက်ဆုံးမွမ်းမံဖြည့်စွက်ချက်အပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်။*

သီးခြားနယ်ပယ်များတွင် ကျွမ်းကျင်မှုရှိသည့် နည်းပညာပိုင်းဆိုင်ရာ အေဂျင်စီအဖွဲ့များကို သီးခြားညွှန်းကိန်းများအား ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သူများအဖြစ် တာဝန်ပေးထားပါသည်။ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သူများသည် မတူကွဲပြားသည့် ကိန်းဂဏန်းအချက်အလက်များ စုစည်းဖော်ပြရာနေရာတွင် နှိုင်းယှဉ်လေ့လာနိုင်သော အချက်အလက်များကို စုစည်းပေးခြင်း၊ နိုင်ငံအဆင့် စာရင်းအင်းဆိုင်ရာ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းနှင့် နိုင်ငံတကာလက်ခံထားသည့် စံနှုန်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်မှုများ တိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်းအပြင် နှစ်စဉ်ကမ္ဘာလုံးဆိုင်ရာတိုးတက်မှု အစီရင်ခံစာအတွက် ကာလအလိုက်ရှင်းလင်းဖော်ပြရန် ပြင်ဆင်ခြင်းတို့အတွက် တာဝန်ရှိသည့် ဦးဆောင်အေဂျင်စီအဖွဲ့များ ဖြစ်သည်။

လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ SDG ပန်းတိုင်များ၊ ရည်မှန်းချက်များနှင့် ညွှန်းကိန်းများကို အောက်ပါဇယား (၂) တွင်ဖော်ပြထားပြီး အချက်တစ်ခုချင်းစီနှင့်ပတ်သက်၍ ကောက်ယူရရှိနိုင်သည့် သတင်းအချက်အလက် (သို့) အချက်အလက် အမျိုးအစားများနှင့်ပတ်သက်၍ အကြံပြုချက်များလည်း ပါဝင်ပါသည်။

## ဇယား (၂) SDG ပန်းတိုင်များအတွက် လိုအပ်သည့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များ

| SDG ပန်းတိုင် | SDG ရည်မှန်းချက်များ | SDG ညွှန်းကိန်းများ၊ မွမ်းမံတည်းဖြတ်ထားသည့် အဆင့် (tiers) အမျိုးအစားခွဲခြားမှု (၂၀၁၈ မေလ)၊ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သည့် အေဂျင်စီအဖွဲ့ | သက်ဆိုင်သည့် အချက်အလက် |
|---|---|---|---|
| **၁။ မည်သည့်နေရာတွင်မဆို ဆင်းရဲနွမ်းပါးမှုပုံစံ အားလုံးပပျောက်ရေး၊** | ၁.၃။ အားလုံးအတွက် လူမှုကာကွယ်စောင့်ရှောက်မှု အခြေခံရပိုင်ခွင့်များ အပါအဝင် နိုင်ငံအခြေအနေနှင့် လျော်ညီသော လူမှုကာကွယ် စောင့်ရှောက်မှု စနစ်နှင့် စီမံဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ခြင်းနှင့် ၂၀၃၀ ခန့်တွင် ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်လွယ်သူများ အကျုံးဝင် ပါဝင်ရေး အောင်မြင်အောင် ဆောင်ရွက်ခြင်း။ | ၁.၃.၁။ ကျား/မ၊ ကလေးသူငယ်၊ အလုပ်လက်မဲ့သူများ၊ အသက်ကြီးသူများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်၊ မွေးကင်းစကလေး၊ လုပ်ငန်းခွင်ဒဏ်ရာရသူ၊ ဆင်းရဲသူများနှင့် ထိခိုက်လွယ်သူများအလိုက် လူမှုကာကွယ်စောင့်ရှောက်မှု အခြေခံရပိုင်ခွင့်/စနစ်အောက်တွင် အကျုံးဝင်မည့် လူဦးရေအချိုးအစား၊<br>အဆင့် ၂၊ ILO | ရွှေ့ပြောင်းသွားလာသူများ စာရင်းအင်း-<br><br>ပြည်ပမထွက်ခွာမီနှင့် နေရပ်ပြန်လာချိန်တွင် မြန်မာနိုင်ငံရှိ လူမှုဖူလုံရေးအောက် အကျုံးဝင်သူများ<br><br>ဆိုက်ရောက်နိုင်ငံတွင် လူမှုဖူလုံရေးအောက်အကျုံးဝင်သူများ<br><br>ဆိုက်ရောက်နိုင်ငံတွင် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုများ |

| SDG ပန်းတိုင် | SDG ရည်မှန်းချက်များ | SDG ညွှန်းကိန်းများ၊ မွမ်းမံတည်းဖြတ်ထားသည့် အဆင့် (tiers) အမျိုးအစားခွဲခြားမှု (၂၀၁၈ မေလ)၊ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သည့် အေဂျင်စီအဖွဲ့ | သက်ဆိုင်သည့် အချက်အလက် |
|---|---|---|---|
| **၈။ အားလုံးအတွက် စဉ်ဆက်မပြတ် ရေရှည်တည်တံ့ပြီး အကျုံးဝင်အကျိုးခံစားနိုင်သော စီးပွားရေးတိုးတက်မှု၊ ပြည့်ဝပြီး ကုန်ထုတ်စွမ်းအားရှိသော အလုပ်အကိုင်နှင့် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များကို မြှင့်တင်ဆောင်ရွက်ခြင်း။** | ၈.၈။ ရွှေ့ပြောင်းအလုပ်သမားများ၊ အထူးသဖြင့် အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားများနှင့် အန္တရာယ်ရှိသော အလုပ်အကိုင်တွင် လုပ်ကိုင်နေသူများ အပါအဝင် အလုပ်သမားအားလုံးအတွက် အခွင့်အရေးများကို ကာကွယ်ခြင်းနှင့် ဘေးကင်းလုံခြုံသော လုပ်ငန်းဝန်းကျင်ကို မြှင့်တင်ဆောင်ရွက်ခြင်း။ | ၈.၈.၁။ ကျား/မ နှင့် ရွှေ့ပြောင်းသွားလာခြင်း အခြေအနေအလိုက် သေလောက်သော လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာနှင့် သေလောက်မှုမရှိသော လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာဖြစ်ပေါ်နှုန်း၊<br>အဆင့် ၂၊ ILO<br><br>၈.၈.၂။ ကျား/မနှင့် ရွှေ့ပြောင်းသွားလာခြင်း အခြေအနေအလိုက် ILO ၏ စာသားရင်းမြစ်များနှင့် အမျိုးသားဥပဒေပြဋ္ဌာန်းချက်များအပေါ်အခြေခံ၍ အလုပ်သမား အခွင့်အရေးများ (လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် စုပေါင်းဆွေးနွေးညှိနှိုင်း တောင်းဆိုခွင့်)နှင့်အညီ အမျိုးသားအဆင့်လိုက်နာဆောင်ရွက်မှုအဆင့်၊<br>အဆင့် ၃၊ ILO | အောက်ပါအဖွဲ့အစည်းများမှ စာရင်းအင်းများ -<br>■ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုအေဂျင်စီများ၊<br>■ ရွှေ့ပြောင်းအလုပ်သမားများ ကိုယ်တိုင် သတင်းပို့တင်ပြချက်များ၊<br>■ အလုပ်သမားသံအရာအရှိ၊<br>■ သေလောက်သော လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာနှင့် သေလောက်မှုမရှိသော လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာ အတွက် ဆိုက်ရောက်နိုင်ငံ ၏ တရားဝင်စာရင်းအင်း အချက်အလက်များ၊ |
| | ၈ (ခ)။ ၂၀၂၀ ခုနှစ်ခန့်တွင် လူငယ်အလုပ်အကိုင်အတွက် ကမ္ဘာလုံးဆိုင်ရာမဟာဗျူဟာ တစ်ရပ်ကို ရေးဆွဲ အကောင်အထည်ဖော်ခြင်းနှင့် ILO ၏ Global Jobs Pact ကို အကောင်အထည်ဖော်ခြင်း၊ | ၈ (ခ) (၁)။ ထူးခြားသည့် မဟာဗျူဟာ (သို့) အမျိုးသား အလုပ်အကိုင်မဟာဗျူဟာ တစ်ရပ်အဖြစ် လူငယ် အလုပ်အကိုင်အတွက် ရေးဆွဲဆောင်ရွက်နေသည့် အမျိုးသား မဟာဗျူဟာရှိမှု၊<br>အဆင့် ၃၊ ILO | လူငယ်များ၏ သင့်လျော်ကောင်းမွန်သော ပြည်ပအလုပ်အကိုင်နှင့်ပတ်သက်သည့် စာရင်းအင်းများ၊ အလားအလာများနှင့် ပုံစံများ၊ |
| | ၁၀.၇။ စီမံကိန်းရေးဆွဲထားပြီး ကောင်းစွာစီမံခန့်ခွဲမှုရှိသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ခြင်းအပါအဝင် စနစ်တကျ၊ ဘေးကင်းလုံခြုံမှု၊ ပုံမှန်ရှိမှုနှင့် တာဝန်ယူမှုရှိစွာ ရွှေ့ပြောင်းသွားလာခြင်းများဖြစ်ပေါ်ရေး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးခြင်း၊ | ၁၀.၇.၁။ ဆိုက်ရောက်နိုင်ငံတွင်ရရှိသည့် နှစ်စဉ်ဝင်ငွေ အချိုးအစားတစ်ရပ်အဖြစ် အလုပ်သမားကကျခံရသည့် လုပ်သားစုဆောင်းခများ ၊<br>အဆင့် ၃၊ ILO, World Bank | တာဝန်ရှိသူ၏ အချက်အလက် အသေးစိတ်နှင့်အတူ ကျခံရသည့် အခကြေးငွေ၊ ကုန်ကျစရိတ်များ အားလုံးအပါအဝင် လုပ်သားစုဆောင်းခြင်းနှင့် အလုပ်အကိုင် နေရာချထားခများနှင့်ဆိုင်သည့် အချက်အလက်အသေးစိတ်ကို ထိန်းသိမ်းထားရှိခြင်း၊ |

| SDG ပန်းတိုင် | SDG ရည်မှန်းချက်များ | SDG ညွှန်းကိန်းများ၊ မွမ်းမံတည်းဖြတ်ထားသည့် အဆင့် (tiers) အမျိုးအစားခွဲခြားမှု (၂၀၁၈ မေလ)၊ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သည့် အေဂျင်စီအဖွဲ့ | သက်ဆိုင်သည့် အချက်အလက် |
|---|---|---|---|
| **၁၀။ နိုင်ငံများအတွင်းနှင့် နိုင်ငံများအကြား တန်းတူညီမျှမှုမရှိခြင်းကို လျှော့ချခြင်း။** | ၁၀.၇။ စီမံကိန်းရေးဆွဲထားပြီး ကောင်းစွာစီမံခန့်ခွဲမှုရှိသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ခြင်းအပါအဝင် စနစ်တကျ၊ ဘေးကင်းလုံခြုံမှု၊ ပုံမှန်ရှိမှုနှင့် တာဝန်ယူမှုရှိစွာ ရွှေ့ပြောင်းသွားလာခြင်းများဖြစ်ပေါ်ရေး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးခြင်း၊ | ၁၀.၇.၂။ ကောင်းစွာစီမံခန့်ခွဲမှုရှိသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ခဲ့သည့် နိုင်ငံများ အရေအတွက်၊ အဆင့် ၃၊ DESA, Population Division; IOM | ပြင်ဆင်ရေးဆွဲသည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ၊ NPA အကောင်အထည်ဖော်ခြင်းဆိုင်ရာ နှစ်ဝက် အစီရင်ခံစာများ၊ ပွင့်လင်းမြင်သာပြီး ရရှိရန်လွယ်ကူသည့် နှစ်နိုင်ငံ အလုပ်သမားဆိုင်ရာ သဘောတူညီမှုများနှင့် MOU များ၊ စံ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်များ၊ |
| | ၁၀(ဂ)။ ၂၀၃၀ ခုနှစ်တွင်၊ ရွှေ့ပြောင်းအလုပ်သမားများ လွှဲပို့ငွေကုန်ကျစရိတ်ကို ၃ % အောက် လျှော့ချရန်နှင့် ၅ % အထက်ရှိသော ကုန်ကျစရိတ်များ ပပျောက်ရန်၊ | ၁၀(ဂ)။ လွှဲပို့ငွေပမာဏ၏ အချိုးအစားတစ်ခုအဖြစ် ငွေလွှဲပို့ခကုန်ကျစရိတ်။ အဆင့် ၂၊ World Bank | ILO နှင့် ကမ္ဘာ့ဘဏ် (World Bank) သည် ဤညွှန်းကိန်းများ ဖြစ်ပေါ်လာရေးနှင့် နည်းလမ်းများ ပံ့ပိုးကူညီပေးသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည်။<br><br>အမျိုးမျိုးသော လွှဲပို့ငွေဝန်ဆောင်မှုပေးသူများ၊ ကုန်ကျစရိတ်၊ အကျိုးရှိထိရောက်မှု၊ အဆင်ပြေလွယ်ကူမှုနှင့် မြန်ဆန်မှုဆိုင်ရာ အချက်အလက်များ၊ |
| **၁၆။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းသာယာပြီး အားလုံး ပါဝင်သော လူ့ဘောင်အဖွဲ့အစည်းကို မြှင့်တင်ဆောင်ရွက်ရန်နှင့် အားလုံးအတွက် တရားရေးအကူအညီရယူနိုင်မှုကို မြှင့်တင်ဆောင်ရွက်ခြင်း အပြင် အဆင့်အားလုံးတွင် ထိရောက်မှုရှိပြီး တာဝန်ယူမှုနှင့် အားလုံး ပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်းများကို တည်ထောင်ခြင်း၊** | ၁၆.၅။ အကျင့်ပျက်ခြစားမှုနှင့် လာဘ်ပေးလာဘ်ယူမှုပုံစံအားလုံးကို ထိရောက်စွာ လျှော့ချရေး ဆောင်ရွက်ခြင်း၊ | ၁၆.၅.၁။ အနည်းဆုံးအားဖြင့် အစိုးရအရာရှိတစ်ဦးနှင့် အဆက်အသွယ်တစ်ကြိမ်ရှိပြီး ပြီးခဲ့သည့် ၁၂ လအတွင်း ထိုအစိုးရအရာရှိအား လာဘ်ပေးခဲ့သည့် (သို့) ထိုအစိုးရအရာရှိများက လာဘ်ပေးရန် တောင်းဆိုခြင်း ခံခဲ့ရသည့် လူပုဂ္ဂိုလ်များ အချိုးအစား၊ အဆင့် ၂၊ UNODC | ရွှေ့ပြောင်းသွားလာသူများက လာဘ်ပေးရခြင်းကို အမည်ဖော်ပြရန်မလိုဘဲ ကိုယ်တိုင် အွန်လိုင်းမှ တိုင်ကြားတင်ပြခြင်း၊ |
| | ၁၆.၉။ ၂၀၃၀ခုနှစ်တွင် မွေးစာရင်းအပါအဝင် အားလုံးအတွက် တရားဝင် သက်သေခံအထောက်အထားများ ထုတ်ပေးခြင်း၊ | ၁၆.၉.၁။ အာဏာပိုင်အဖွဲ့အစည်းများထံတွင် မှတ်ပုံတင်ပြီးဖြစ်သော အသက် ၅ နှစ်အောက် ကလေးသူငယ်များ အချိုးအစား (အသက်အရွယ် အလိုက်) အဆင့် ၁၊ UNSD, UNICEF | မွေးစာရင်းမှတ်တမ်းများနှင့်တကွ သံရုံးများဖြင့် သတင်းအချက်အလက် စည်းရုံးလှုံ့ဆော်မှု၊<br><br>ဆိုက်ရောက်နိုင်ငံများမှ အများပြည်သူဆိုင်ရာ အချက်အလက်၊ |

| SDG ပန်းတိုင် | SDG ရည်မှန်းချက်များ | SDG ညွှန်းကိန်းများ၊ မွမ်းမံ တည်းဖြတ်ထားသည့် အဆင့် (tiers) အမျိုးအစားခွဲခြားမှု (၂၀၁၈ မေလ)၊ ထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်သည့် အေဂျင်စီအဖွဲ့ | သက်ဆိုင်သည့် အချက်အလက် |
|---|---|---|---|
| **၁။ မည်သည့်နေရာတွင်မဆို ဆင်းရဲနွမ်းပါးမှုပုံစံ အားလုံး ပပျောက်ရေး။** | ၁.၁။ ၂၀၃၀ ခန့်တွင် မည်သည့် နေရာ၌မဆို လူသားအားလုံး အတွက် အလွန်အမင်း ဆင်းရဲ နွမ်းပါးမှု ပပျောက်ရေး၊ (လက်ရှိတိုင်းတွာချက်အရ တစ်ရက် US ဒေါ်လာ ၁.၂၅ အောက်ဖြင့် နေထိုင်နေသူများ) | ၁.၁.၁။ ကျား/မ၊ အသက် အရွယ်၊ အလုပ်အကိုင် အခြေ အနေ၊ ပထဝီတည်နေရာ (မြို့ပြ/ ကျေးလက်) အလိုက် နိုင်ငံတကာဆင်းရဲနွမ်းပါးမှုမျဉ်း အောက်ရှိသည့် လူဦးရေအချိုးအစား၊ အဆင့် ၁၊ World Bank, Partner ILO | ပြည်ပရွှေ့ပြောင်းအလုပ်သမား ရှိသော အိမ်ထောင်စုများနှင့် ပြည်ပရွှေ့ပြောင်းအလုပ်သမား မရှိသော အိမ်ထောင်စုများအား နှိုင်းယှဉ်လေ့လာမှုများ၊ |
| **၁၇။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုး တက်ရေးအတွက် အကောင် အထည်ဖော် ဆောင်ရွက် သည့် နည်းလမ်းများ ခိုင်မာ အားကောင်းစေခြင်းနှင့် ကမ္ဘာ လုံးဆိုင်ရာ မိတ်ဖက်ပြု ဆောင်ရွက်ခြင်းကို အားသစ်လောင်း ဆောင်ရွက်ခြင်း။** | ၁၇.၁၈။ ၂၀၂၀ ခန့်တွင် သက် ဆိုင်ရာနိုင်ငံအခြေအနေ အလိုက် ဝင်ငွေ၊ ကျား/မ၊ အသက်အရွယ်၊ လူမျိုး၊ တိုင်းရင်းသား၊ ရွှေ့ပြောင်းသွားလာမှုအခြေ အနေ၊ မသန်စွမ်းမှု၊ ပထဝီတည် နေရာနှင့် အခြားဝိသေသ လက္ခဏာရပ်များ အလိုက် ခွဲခြားဖော်ပြထားသော အရည်အသွေးမြင့်မားပြီး၊ အချိန်ကာလနှင့်အညီဖြစ်၍ ယုံကြည်အားထားရသော အချက်အလက်များ သိသာ ထင်ရှားစွာ တိုးတက်ရရှိစေရန် စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ | ၁၇.၁၈.၁။ တရားဝင်စာရင်းအင်း ဆိုင်ရာ အခြေခံမူများနှင့်အညီ ရည်မှန်းချက်နှင့် သက်ဆိုင်သည့် အခြေအနေတွင် အပြည့်အစုံ ခွဲခြားဖော်ပြမှု ပါဝင်သည့် နိုင်ငံ အဆင့်ဖော်ထုတ်သတ်မှတ်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ရေး ညွှန်းကိန်းများ အချိုးအစား၊ အဆင့် ၃၊ UNSD | နိုင်ငံအဆင့် အချက်အလက် ကောက်ယူသည့်နည်းလမ်းများ အားလုံးတွင် ရွှေ့ပြောင်းသွား လာခြင်းဆိုင်ရာ အခြေအနေကို ပေါင်းစပ်ထည့်သွင်းခြင်း၊ |

ဤစာတမ်း၏ ရည်ရွယ်ချက်မှာ အာဆီယံအတွင်း နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်း ဒေတာဘေ့စ်(ILMS)နည်းလမ်းနှင့် Global Migration Groupက ရေးသားပြုစုသော ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များ ပြုစုခြင်းနှင့် အသုံးပြုခြင်း တိုးတက်ရေးလက်စွဲစာအုပ် (ဤနေရာမှ စ၍ နောက်စာမျက်နှာများတွင် "လက်စွဲစာအုပ်" ဟု ရည်ညွှန်းသုံးစွဲပါမည်) မှ လမ်းညွှန်ချက်များ အပေါ်အခြေခံ၍ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက် စုစည်းကောက်ယူမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် မူဝါဒရေးဆွဲသူ များနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်သူများအား လက်တွေ့ပံ့ပိုးကူညီပေးရန်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်မှစ၍ ILO သည် အာဆီယံတွင် ILMS ဒေတာဘေ့စ်ကို တည်ထောင်ခဲ့ပြီး အမျိုးသားအဆင့် အချက်အလက် စုစည်းကောက်ယူခြင်းကို ငါးကြိမ်တိုင် ပြီးမြောက်အောင်ဆောင်ရွက်မှုတွင် ပံ့ပိုးကူညီပေးခဲ့ပါသည်။ ILMS တွင် ကျား/မ ခွဲခြားဖော်ပြထားပြီး စာရင်းဇယားပေါင်း ၁၉ ခုပါဝင်ပါသည်။ အာဆီယံအတွင်း လုပ်သားရွှေ့ပြောင်းသွားလာသူ အရေ အတွက်၊ သွားလာနှုန်းတို့နှင့်စပ်လျဉ်း၍ ယုံကြည်အားထားရပြီး နှိုင်းယှဉ်လေ့လာနိုင်သော (သို့) ကိုင်တွယ်ဖြေရှင်းရလွယ် သော အချက်အလက်များမရှိခြင်းကို ဖြေရှင်းဆောင်ရွက်သည့်အနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ လုပ်ငန်းအတွက် မည်သည့်ဇယားများနှင့် ညွှန်းကိန်းများသည် အသုံးဝင်ဆုံးနှင့် သက်ဆိုင်မှုအရှိဆုံးဖြစ်မည်ကို ဆုံးဖြတ်ရန်

ဆွေးနွေးညှိနှိုင်းပွဲအချို့ကို ကနဦးပြုလုပ်ခဲ့ပြီး မိတ်ဖက်အဖွဲ့အစည်းများပါဝင်သည့် နည်းပညာဆိုင်ရာအစည်းအဝေးတွင် ၎င်းတို့ကို အတည်ပြုခဲ့ပါသည်။ နိုင်ငံတကာ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စစ်တမ်းမေးခွန်းလွှာ(ILMQ)မှ တစ်ဆင့် သက်ဆိုင်ရာအချက်အလက်များကို ပြန်လည်ပေးပို့တင်ပြရန် တစ်နိုင်ငံချင်းစီတွင် အဓိကဆောင်ရွက်မည့် ကျွမ်းကျင်ပညာရှင်များကို ရွေးချယ်ဖော်ထုတ်ခဲ့ပါသည်။ ၎င်းတို့ပြန်ပို့လာသည့် အချက်အလက်များရရှိပြီးနောက် နိုင်ငံတကာ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းဒေတာဘေ့စ် (ILMS) ကိုပြုစုရန် အချက်အလက်များကို အတည်ပြုခြင်းနှင့် နောက်ဆုံးအဆင့် ကောက်နုတ်စုစည်းခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ILMS ကို ပိုမိုတိုးချဲ့ဆောင်ရွက်မည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာအဆင့် ဒေတာဘေ့စ်တစ်ခု ဖြစ်ပေါ်လာပါမည်။ ဤစာတမ်းသည် အချက်အလက်ကောက်ယူခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံကို အထောက်အကူပြုမည်ဖြစ်ပြီး ILMS ကိုလည်း အချက်အလက် ပံ့ပိုးဖြည့်ဆည်းနိုင်မည်ဟု မျှော်လင့်ပါသည်။

လက်စွဲစာအုပ်၏ ရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများကို ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ကောက်ယူရန်၊ ဇယားဖြင့်ဖော်ပြရန်၊ စိတ်ဖြာလေ့လာရန်၊ ဖြန့်ဝေရန်နှင့် အသုံးပြုရန် အစရှိသည့် ၎င်းတို့၏ သက်ဆိုင်ရာ SDG ပန်းတိုင်အလိုက် ဆောင်ရွက်ရန်တာဝန်ဝတ္တရားများနှင့်ပတ်သက်၍ အထောက်အကူပြုရန်ဖြစ်ပါသည် (Global Migration Group, 2017)။ ထို့အပြင် လက်စွဲစာအုပ်တွင် ရွှေ့ပြောင်းသွားလာခြင်းအား အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း ရေးဆွဲခြင်းနှင့် မဟာဗျူဟာများအတွင်း ပေါင်းစပ်ထည့်သွင်းပုံနည်းလမ်းနှင့်ပတ်သက်၍ လမ်းညွှန်ဖော်ပြပေးထားသည်။

လက်စွဲစာအုပ်တွင်ပါဝင်သည့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံတွင် ရရှိနိုင်သည့် လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လက်ရှိ အချက်အလက်အရင်းအမြစ်များကို ရှာဖွေလေ့လာခြင်းဖြင့် ဤစာတမ်းသည် မြန်မာနိုင်ငံအတွက် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ SDG ပန်းတိုင်များ တိုးတက်မှုကို အစီရင်ခံတင်ပြရန်နှင့်၊ အနာဂတ်တွင် အချက်အလက်ကောက်ယူခြင်း၊ မျှဝေခြင်း၊ အသုံးပြုခြင်းအတွက် အကြံဉာဏ်အသစ်များရရှိစေရန် အထောက်အကူတစ်ခုဖြစ်ပြီး စီမံကိန်းများအတွင်း လုပ်သားရွှေ့ပြောင်းသွားလာခြင်းကို ပေါင်းစပ်ထည့်သွင်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍လည်း အထောက်အကူပြုမည်ဟု မျှော်လင့်ပါသည်။

ဤစာတမ်းတွင် မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံများ၌ လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ နှစ်နိုင်ငံ သဘောတူညီမှုများနှင့် မူဝါဒဖော်ဆောင်ရေးဆွဲမှုအတွက် ထိရောက်သောအချက်အလက်ကောက်ယူမှုက အထောက်အကူပြုနိုင်ပုံနှင့် အထောက်အထားဖြည့်ဆည်းပေးနိုင်ပုံနည်းလမ်းများကို ဖော်ပြထားပါသည်။ ဇယား(၁)သည် စာတမ်း၏ အဓိကစာကိုယ်ပိုင်းတွင် ပိုမိုရှည်လျားပြည့်စုံစွာဖော်ပြထားသည့် ဇယားကို အကျဉ်းချုပ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

အချက်အလက်ကောက်ယူမှုကို အထောက်အကူပြုနိုင်သည့် အခြားလမ်းညွှန်ချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ကုလသမဂ္ဂ၏ နိုင်ငံတကာရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းများနှင့်ပတ်သက်၍ အကြံပြုတိုက်တွန်းချက်များ (United Nations' (UN's) Recommendations on statistics of international migration, UNDESA, Statistical Division, 1998)၊
- လူဦးရေသန်းခေါင်စာရင်းမှတစ်ဆင့် နိုင်ငံတကာရွှေ့ပြောင်းသွားလာခြင်းကို တိုင်းတာရန်အတွက် ကုလသမဂ္ဂ၏ လက်စွဲစာအုပ် (UN's Handbook for measuring international migration through population censuses, United Nations, 2017)၊
- လူဦးရေနှင့် အိမ်ထောင်စုသန်းခေါင်စာရင်းအတွက် ကုလသမဂ္ဂ၏ အခြေခံမူများနှင့် အကြံပြုတိုက်တွန်းချက်များ (UN's Principles and recommendations for population and housing censuses, UNDESA, Statistical Division, 2008)၊
- အာဆီယံတွင်း နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းဒေတာဘေ့စ် တစ်ခု ပြုစုတည်ထောင်ရေး လမ်းညွှန်ချက် - ပိုမိုထိရောက်သော အချက်အလက်ကောက်ယူမှုနှင့် ဝေမျှမှုဖြစ်ပေါ်ရေး (Guide on developing an international labour migration statistics database in ASEAN: Towards more effective data collection and sharing, ILO, 2015)၊

- အာဆီယံအတွင်း နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းဒေတာဘေ့စ် အပေါ် စိတ်ဖြာလေ့လာသည့် အစီရင်ခံစာ - အထောက်အထားအခြေပြု မူဝါဒရေးဆွဲချမှတ်မှုအတွက် အချက်အလက် ကောက်ယူမှုကို တိုးတက်စေခြင်း (Analytical report on the international labour migration statistics database in ASEAN: Improving data collection for evidence-based policy-making, ILO, 2015)၊
- နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာစာရင်းအင်း-ပစိဖိတ်ဒေသအတွင်းမူဝါဒရေးဆွဲသူများနှင့် စာရင်းအင်းဆိုင်ရာအဖွဲ့အစည်းများအတွက် လမ်းညွှန်ချက် (International labour migration statistics - A guide for policymakers and statistics organizations in the Pacific, ILO Office for Pacific Islands, 2015)၊
- ရွှေ့ပြောင်းသွားလာခြင်းနှင့် နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှု အသိုက်အဝန်းစာရင်းအင်းဆိုင်ရာ ဥရောပ ပါလီမန်၏ စည်းမျဉ်း (EC) အမှတ် ၈၆၂/၂၀၀၇ (Regulation (EC) No 862/2007 of the European Parliament on Community Statistics on Migration and International Protection, Official Journal of the European Union, 11 July 2007)။

ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိန်းဂဏန်းစာရင်းအင်းများသည် ဆက်စပ်ကိုက်ညီမှုရှိပြီး အဓိပ္ပါယ်ပြည့်ဝစေရန်အတွက် အလုပ်သမားနှင့်ပတ်သက်၍ရရှိအသုံးပြုနိုင်သည့်ကောင်းမွန်သောအချက်အလက်အပြည့်အစုံရှိရန်အရေးကြီးပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ လုပ်သားစာရင်းအင်းဆိုင်ရာပြဋ္ဌာန်းချက် (၁၉၈၅) (အမှတ် ၁၆၀) တွင် အခြေခံအလုပ်သမားစာရင်းအင်းကောက်ယူမှု၊ စုစည်းမှုနှင့် ထုတ်ဝေမှုတို့ပါဝင်သည့် လမ်းညွှန်ချက်များကို ဖော်ပြထား ပါသည်။ ပြဋ္ဌာန်းချက်အမှတ် (၁၆၀) ကို အတည်ပြု လက်မှတ်ရေးထိုးသော နိုင်ငံများအနေဖြင့် ပြဋ္ဌာန်းချက်လိုက်နာ ကျင့်သုံးမှုကို နှစ်စဉ်အစီရင်ခံတင်ပြရပြီး ILO ၏ စာရင်းအင်းရေးရာဌာနက နည်းပညာဆိုင်ရာ အကြံဖြတ်သုံးသပ်မှုကို ပြုလုပ်ပါသည်။

## ၁.၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် အဓိက သဘောတရားများ

လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်ကောက်ယူမှုသည် ရှုပ်ထွေးများပြားပြီး စိန်ခေါ်မှုများ ရှိနေပါ သည်။ လုပ်သားရွှေ့ပြောင်းသွားလာမှုနှင့်ပတ်သက်၍ နိုင်ငံတကာအချက်အလက်များကို နှိုင်းယှဉ်လေ့လာခြင်းသည် ခက်ခဲပါသည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံတိုင်း (သို့မဟုတ်) ဌာနတိုင်းသည်ပင် အဓိက သဘောတရားများနှင့် ပတ်သက်၍ တူညီသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အသုံးမပြုကြသောကြောင့် ဖြစ်သည်။

အမှန်တကယ်ဆိုရလျှင် ရွှေ့ပြောင်းသွားလာသူနှင့်ပတ်သက်၍ တစ်ခုတည်းသတ်မှတ်ထားသည့် တရားဝင် အဓိပ္ပါယ် ဖွင့်ဆိုချက်မရှိသေးပါ။ လူဦးရေသန်းခေါင်စာရင်းမှတစ်ဆင့်နိုင်ငံတကာရွှေ့ပြောင်းသွားလာခြင်းကိုတိုင်းတာရန်အတွက် ကုလသမဂ္ဂ၏ လက်စွဲစာအုပ် (Handbook for measuring international migration through population censuses) တွင် နေမြဲအရပ်ဒေသမှ ရွှေ့ပြောင်းသွားသောသူများကို ရွှေ့ပြောင်းသွားလာသူများဟူ၍ အဓိပ္ပါယ် ဖွင့်ဆို ထားပါသည် (UNDESA, Population Division, 2017) ။

ကုလသမဂ္ဂ၏ နိုင်ငံတကာရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းများအတွက် အကြံပြုတိုက်တွန်းချက်များ (Recommendations on international migration statistics) တွင် နေထိုင်သည့်ကာလကြာချိန်ဆိုင်ရာ စံတိုင်းတာ မှုဖြင့် နိုင်ငံတကာ/ပြည်ပ ရွှေ့ပြောင်းသွားလာသူများကို အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ မိမိ၏နေမြဲနိုင်ငံမှ အခြားနိုင်ငံ တစ်ခုခုသို့ အနည်းဆုံး ၁ နှစ်ကြာ ရွှေ့ပြောင်းသွားသူများကို ကာလရှည် ပြည်ပရွှေ့ပြောင်းသွားလာသူများဟု အဓိပ္ပါယ် ဖွင့်ဆိုထားပြီး နိုင်ငံတစ်ခုခုသို့ ၁ နှစ်အောက်နှင့် အနည်းဆုံး ၃ လကြာ ရွှေ့ပြောင်းသွားသူများကို ကာလတို ပြည်ပ ရွှေ့ပြောင်းသွားလာသူများဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည် (UNDESA, Statistics Division, 2008)။

ရွှေ့ပြောင်းအလုပ်သမားများအားလုံးနှင့် ၎င်းတို့မိသားစုဝင်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက် (၁၉၉၀) ၏ အပိုဒ် ၂ တွင် ရွှေ့ပြောင်းအလုပ်သမားကို "နိုင်ငံတစ်နိုင်ငံတွင် ထိုနိုင်ငံသား အဖြစ် မဟုတ်ဘဲ လစာဖြင့် အလုပ်လုပ်ကိုင်ရန် (သို့) အလုပ်လုပ်ကိုင်သည့် (သို့) အလုပ်လုပ်ကိုင်လျက်ရှိပြီး ဖြစ်သူကို ဆိုလိုသည်" ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

အနှစ်ချုပ်အားဖြင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများကို အောက်ပါ စံသတ်မှတ်ချက်များဖြင့် ယေဘုယျ အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ပါသည်။

- နယ်စပ်ဖြတ်ကျော်၍ နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ ရွှေ့ပြောင်းသွားရောက်ခြင်း၊
- နေမြဲအရပ်ဒေသ ပြောင်းလဲခြင်း (နေမြဲအရပ်ဒေသကို လူပုဂ္ဂိုလ်တစ်ဦးနေထိုင်လေ့ရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုထားပြီး ထိုနိုင်ငံမှာ နေထိုင်ရန်အပြင် ပုံမှန် နေ့စဉ်အနားယူသည့် နေထိုင်ရာနေရာရှိသည့် နိုင်ငံကို ဆိုလိုသည်။ အနားယူအပန်းဖြေရန်၊ အားလပ်ရက်၊ သူငယ်ချင်း၊ မိတ်ဆွေများထံ လည်ပတ်ရန်၊ စီးပွားရေးလုပ်ငန်း၊ ဆေးကုသမှု (သို့) ဘာသာရေးဆိုင်ရာဘုရားဖူးခရီးများအတွက် ယာယီ ပြည်ပသို့ ခရီးသွားခြင်းသည် နေမြဲအရပ်ကို ပြောင်းလဲသည့်သဘော မသက်ရောက်ပါ။)
- အနည်းဆုံး နေထိုင်မှုကာလ
- နိုင်ငံသားဖြစ်မှု၊ လူမျိုး၊ မွေးဖွားရာဒေသ

နိုင်ငံတကာအမြင်နှင့်ကျင့်သုံးမှုများ ပိုမိုပါဝင်သည့် အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် သဘောတရားများကို လက်ခံကျင့်သုံးခြင်းဖြင့် မြန်မာနိုင်ငံတွင် ပြုစုထုတ်ဝေမည့် သတင်းအချက်အလက်များကို ပိုမိုကျယ်ပြန့်သည့် မူဝါဒဆိုင်ရာဆွေးနွေးမှုများတွင် အသုံးပြုနိုင်လာမည် ဖြစ်ပါသည်။

လက်တွေ့အဆင့်တွင် ကာလရှည်နှင့် ကာလတို ရွှေ့ပြောင်းသွားလာသူများအကြား ခွဲခြားဖော်ပြမှုသည် ခဲယဉ်းနိုင်ပါသည်။ လူဝင်မှုဆိုင်ရာစာရွက်စာတမ်းများ၊ ဗီဇာ၊ ပြည်ဝင်ခွင့်နှင့် ပြည်ထွက်ခွင့် တံဆိပ်တုံးများ၊ အလုပ်လုပ်ကိုင်ခွင့်ကာလနှင့် နေထိုင်ခွင့်စသည်တို့သည် အခြေအနေတစ်စိတ်တစ်ပိုင်းကိုသာ ဖော်ပြခြင်းဖြစ်ပြီး အားလုံးအကျုံးဝင်သည့် အခြေအနေတစ်ရပ်လုံးကို ဖော်ပြခြင်းမဟုတ်ပါ။ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ၎င်းတို့၏ အလုပ်အကိုင်သက်တမ်းတစ်လျှောက်တွင် အခြေအနေတစ်မျိုးတည်း၌ ထိန်းသိမ်းနေထိုင်သွားနိုင်မည် မဟုတ်ပေ။ အများစုသည် ပုံမှန်နှင့် ပုံမှန်မဟုတ်သည့် အခြေအနေအမျိုးမျိုးတွင် ရွှေ့ပြောင်း သွားလာနေကြပြီး တစ်ခါတရံတွင် စာရင်းအင်း ကောက်ယူခြင်းတွင် ပါဝင်ပြီး တစ်ခါတရံတွင်မူ ပါဝင်ခြင်း မရှိပါ။ ထို့ကြောင့် အကောင်းမွန်ဆုံးဖြစ်သော အချက်အလက်စနစ်များသည်ပင် စိန်ခေါ်မှုများ ရှိနေပါသည်။

ရွှေ့ပြောင်းအလုပ်သမားများ (ဆိုလိုသည်မှာ ကာယအလုပ် (သို့) ဝန်ဆောင်မှုလုပ်ငန်းရှိ အောက်ဆုံးအဆင့် ကဏ္ဍများတွင် လုပ်ကိုင်သူများ) အတွက် မူဝါဒများနှင့် ဖြေရှင်းဆောင်ရွက်ချက်များသည် ကျွမ်းကျင်မှုပြည့်ဝသော ရွှေ့ပြောင်းအလုပ်သမားများအတွက် ရေးဆွဲထားသည့် မူဝါဒများ၊ ဖြေရှင်းဆောင်ရွက်မှုများနှင့် အလွန် ကွဲပြားခြားနားမှု ရှိပါသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းအလုပ် (သို့) အလုပ်အကိုင်အမျိုးအစား (သို့) နေထိုင်ရန်ရည်ရွယ်ချက်များအလိုက် အချက်အလက်များကို ခွဲခြားရန် လိုအပ်သော်ငြားလည်း၊ ရွှေ့ပြောင်းသွားလာခြင်းကို အကြောင်းပြချက်တစ်ခုတည်းကြောင့် ဖြစ်သည်ဟု မှတ်ယူသုံးသပ်ပါက လမ်းလွဲသွားနိုင်ပြီး လက်တွေ့အခြေအနေနှင့် မကိုက်ညီသည့် မူဝါဒရေးဆွဲမှုရလဒ်များ ဖြစ်ပေါ်လာပေမည်။ ဥပမာအားဖြင့် ရွှေ့ပြောင်းအလုပ်သမားတစ်ဦးသည် အလုပ်ကြမ်းသမားတစ်ဦးအဖြစ် လုပ်ကိုင်ကောင်း လုပ်ကိုင်နေနိုင်သော်လည်း ၎င်း၏အဓိက ရည်ရွယ်ချက်မှာ ရွှေ့ပြောင်းသွားလာရန်နှင့် ညနေပိုင်းသင်တန်းကို သင်ယူလေ့လာရန်လည်း ဖြစ်နိုင်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် လူများရွှေ့ပြောင်းသွားလာကြသကဲ့သို့ ရွှေ့ပြောင်းနေထိုင်သည့် အကြောင်းရင်းများသည်လည်း အချိန်ကာလအလျောက် ပြောင်းလဲနေပါသည်။

ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ ကုလသမဂ္ဂပြဋ္ဌာန်းချက် (၁၉၉၀) တွင် ရွှေ့ပြောင်းအလုပ်သမား အမျိုးအစားများကို ဖော်ပြထားပါသည် -

- *နယ်စပ်ဖြတ်ကျော်အလုပ်လုပ်ကိုင်သည့်အလုပ်သမား*။ ။ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံတွင် နေထိုင် လုပ်ကိုင်ခွင့်ရရှိထားပြီး ပုံမှန်အားဖြင့် နေ့စဉ် (သို့) အနည်းဆုံးတစ်ပတ်လျှင် တစ်ကြိမ် ထိုအိမ်နီးချင်းနိုင်ငံသို့ ပြန်လည်သွားရောက်လုပ်ကိုင်သော ရွှေ့ပြောင်းအလုပ်သမားကို ဆိုလိုပါသည်။

- *ရာသီအလိုက်လုပ်ကိုင်သောအလုပ်သမား* ။ ။ ရွှေ့ပြောင်းအလုပ်သမားတစ်ယောက်အဖြစ် ရာသီအခြေအနေပေါ် မူတည်၍ လုပ်ကိုင်ပြီး နှစ်တစ်နှစ်၏ ကာလတစ်ခုအတွင်းတွင်သာ လုပ်ကိုင်သူကို ဆိုလိုပါသည်။
- *ပင်လယ်ကူးသင်္ဘောသား (ငါးဖမ်းရေလုပ်သားများ အပါအဝင်)* ။ ။ နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားမဟုတ်ဘဲ ထိုနိုင်ငံတွင် မှတ်ပုံတင်ထားသော ရေယာဉ်ပေါ်တွင် အလုပ်ခန့်ထားသည့် ရွှေ့ပြောင်းအလုပ်သမားကို ဆိုလိုသည်။

SDG ပန်းတိုင်များအတွက် ညွှန်းကိန်းများနှင့်ပတ်သက်၍ တိုးတက်မှုဆိုင်ရာ အစီရင်ခံခြင်းနှင့်ပတ်သက်၍ လွှဲပို့ငွေများကို နိုင်ငံခြားစီးပွားရေးလုပ်ငန်းများမှ ငွေသား (သို့) ငွေသားမဟုတ်သည့် အခြားပေးချေမှုဖြင့် ရရှိသည့် အိမ်ထောင်စုဝင်ငွေဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

## ၁.၂။ စိန်ခေါ်မှုများ

အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများ၏ သတင်းအချက်အလက်များကို ကောက်ယူခြင်းသည် အကြီးမားဆုံးအခက်အခဲ ဖြစ်သည်။ အထောက်အထားမဲ့ဖြစ်နေခြင်း၏ သဘောသဘာဝမှာ လျှို့ဝှက်စွာဖြင့် ပုန်းလျှိုးကွယ်လျှိုးနေထိုင်ရပြီး မည်သည့်နေရာတွင်မဆို လူဦးရေကောက်ယူခြင်း (သို့) မှတ်တမ်းယူခြင်း (သို့) မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များမှ ရှောင်ကွင်းနေထိုင်ရခြင်းဖြစ်သည်။ အမှန်တကယ်ဆောင်ရွက်လိုသည့် ကင်းလွတ်သက်သာခွင့်အစီအစဉ်ကို အကောင်အထည်ဖော်ခြင်း မရှိသေးပါက၊ အထောက်အထားမဲ့ ရွှေ့ပြောင်းသွားလာသူ အရေအတွက်ကိန်းဂဏန်းများမှာ အများအားဖြင့် လေ့လာမှုများ၊ လုပ်ငန်းခွင်များ (သို့) ကျန်ရစ်ခဲ့သည့် ဆွေမျိုးသားချင်းများမှ သတင်းအချက်အလက်ကောက်ယူခြင်းများမှ ခန့်မှန်းတွက်ချက်ထားမှုသာ ဖြစ်ပါသည်။

အချက်အလက်ကောက်ယူရာတွင် ဆိုက်ရောက်နိုင်ငံများအတွက် (ဥပမာအားဖြင့် လူဝင်မှုကြီးကြပ်ရေး ဗီဇာစနစ် (သို့) အလုပ်လုပ်ကိုင်ခွင့်လက်မှတ်၊ သက်သေခံလက်မှတ်၊ လူမှုဖူလုံရေး (သို့) အာမခံကတ်များ မှတစ်ဆင့်) အခွင့်အရေးများရှိသော်လည်း ဝန်ကြီးဌာနအမျိုးမျိုးမှ ကောက်ယူသည့် သတင်းအချက်အလက်များသည် ဌာနများအကြား မျှဝေလေ့မရှိဘဲ ၎င်းတို့၏ ကောက်ယူသည့်နည်းလမ်းများမှာလည်း အမျိုးမျိုး ကွဲပြားနိုင်ပါသည်။ ထို့အပြင် အထောက်အထားမဲ့ ရွှေ့ပြောင်းသွားလာသူများသည်လည်း ဤစာရွက်စာတမ်းများ မရှိကြပါ။ ထို့အပြင် ရွှေ့ပြောင်းသွားလာသူဦးရေ ပမာဏကို ဖော်ပြခြင်းသည် နိုင်ငံရေးအတွက် အသုံးချမှုရှိနိုင်ပြီး၊ လူမျိုးရေးနှင့် တိုင်းရင်းသားရေး အာဃာတ အမုန်းတရားများကို စေ့ဆော်ပေးသည့်အခြေအနေ ဆိုက်ရောက်နိုင်သောကြောင့် အချို့ဆိုက်ရောက်နိုင်ငံများသည် အချက်အလက်များကို အများပြည်သူသို့ ထုတ်ပြန်လေ့မရှိပါ။

မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံများအကြား အချက်အလက်ကောက်ယူမှုသည် များစွာကွဲပြားခြားနားနိုင်ပြီး ထိုကွဲပြားခြားနားမှုက နှစ်နိုင်ငံအကြား အရှက်ရစရာ (သို့) နိုင်ငံရေးတင်းမာမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

ရွှေ့ပြောင်းသွားလာမှု၏ ဖွံ့ဖြိုးရေးသက်ရောက်မှုများနှင့်ပတ်သက်၍ အထောက်အထားများ ရှိမနေခြင်းကြောင့် အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းများ၊ မဟာဗျူဟာများအတွင်းသို့ ရွှေ့ပြောင်းသွားလာခြင်းကိုပေါင်းစပ်ထည့်သွင်းဆောင်ရွက်ရန်မှာ အခက်အခဲ ရှိစေပါသည်။

နောက်ဆုံးအချက်အနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာလွတ်လပ်ခွင့်သည် အခြေခံအခွင့်အရေးတစ်ခု ဖြစ်သည်။ လူများအနေဖြင့် ဆိုက်ရောက်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိပါက၊ ၎င်းတို့ကို အချက်အလက်ကောက်ယူမှုအတွက် သီးသန့်ခွဲထုတ်ခြင်းကို ခွဲခြားဆက်ဆံမှု (သို့မဟုတ်) ထိန်းချုပ်မှုအဖြစ် အဓိပ္ပါယ် ကောက်ယူနိုင်ပါသည်။

## ၁.၃။ မူဝါဒ ချမှတ်ဆောင်ရွက်မှုအတွက် အချက်အလက်ကောက်ယူခြင်း

ဤစာတမ်းအနေဖြင့် အတိုင်းအတာတစ်ခုဖြင့် ဆိုက်ရောက်နိုင်ငံများအပါအဝင် မြန်မာနိုင်ငံတွင်ရှိသည့် လုပ်သားရွှေ့ပြောင်းသွားလာမှုဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ လက်ရှိရင်းမြစ်များကို ရှာဖွေလေ့လာပြီး လုပ်သားရွှေ့ပြောင်း

သွားလာမှုဆိုင်ရာ မူဝါဒများ ရေးဆွဲချမှတ်ရန် လိုအပ်သည့် သတင်းအချက်အလက်အမျိုးအစားများကို ဆွေးနွေးတင်ပြရန် ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့် စိန်ခေါ်မှုများ၊ လုပ်သားရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အထောက်အထားအခြေပြု မူဝါဒရေးဆွဲဖော်ဆောင်ရေးအတွက် လိုအပ်ချက်များ၊ SDG အတွက် အချက်အလက်ကောက်ယူရန် တာဝန်ဝတ္တရားများကို ထည့်သွင်းစဉ်းစားသုံးသပ်၍ ဤစာတမ်းအနေဖြင့် အချက်အလက်ကောက်ယူရန်အတွက် အရေးကြီးသည့် နယ်ပယ်များကို ဦးစားပေးဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများအလိုက် ဆက်လက်ရေးဆွဲဆောင်ရွက်နိုင်မည့် log frame ဇယား တစ်ခုကို အဆိုပြုထားပါသည် (ဇယား (၃) ကို ကြည့်ပါ)။

## ဇယား (၃) မူဝါဒဖွံ့ဖြိုးရေးအတွက် အချက်အလက်ကောက်ယူခြင်း (အပြည့်အစုံဖော်ပြမှု)

| လိုအပ်သည့် အချက်အလက်/ စာရင်းအင်း အမျိုးအစား | မူရင်းနိုင်ငံ၏ မူဝါဒ နယ်ပယ်များ | ဆိုက်ရောက်နိုင်ငံ၏ မူဝါဒနယ်ပယ်များ | မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံ နှစ်နိုင်ငံစလုံး၏ မူဝါဒနယ်ပယ်များ |
|---|---|---|---|
| **၁။ လူပုဂ္ဂိုလ်** | | | |
| **အသက်၊ ကျား/မ၊ လူမျိုး၊ ဘာသာစကား၊ ရွှေ့ပြောင်း သွားလာသူများ၏ စာတတ်မြောက်မှု** | ကျား/မ သင့်လျော်သည့် လုပ်သားစု ဆောင်းခြင်းနှင့် အလုပ်အကိုင် မူဝါဒများ၊<br><br>ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ တွင် ကိုယ်စားပြုဖော်ပြမှုနည်းသော ရွှေ့ပြောင်းသွားလာနိုင်ချေရှိသူများအတွက် သတင်း အချက်အလက်ပေးသည့် စည်းရုံးလှုံ့ဆော်မှုများ၊ | လုပ်ငန်းခွင်နှင့် နေထိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ကျား/မ သတိပြုဆောင်ရွက်ခြင်းမူဝါဒများ၊<br><br>အဓိကအသုံးပြုသည့် ဘာသာ စကားများဖြင့် ဝန်ဆောင်မှုများ နှင့် အထောက်အကူပြု ပစ္စည်း များ ဖွံ့ဖြိုးလာစေရန် အရင်း အမြစ်များ ဖြည့်ဆည်းပေးမှု၊ | |
| **နည်းပညာဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှုနှင့် အရည်အချင်း၊** | သင့်လျော်သည့် အသက်မွေး ဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်း များကို မြှင့်တင်ရန် ကျား/မ ဆိုင် ရာနှင့် ကွဲပြားခြားနားမှု သတိပြု ဆောင်ရွက်သည့် မူဝါဒများ၊ | သင့်လျော်သည့် အလုပ်အကိုင် ဆိုင်ရာ ကျွမ်းကျင်မှု သင်တန်း များ ဖော်ဆောင်ခြင်း၊ | ကျွမ်းကျင်မှုသင်တန်း၊ တရားဝင် အသိအမှတ် ပြုခြင်းနှင့် အပြန် အလှန် အသိအမှတ်ပြုခြင်း သဘောတူညီချက်များ |
| **၂။ ရွှေ့ပြောင်းမှု** | | | |
| **ရွှေ့ပြောင်းအလုပ်သမား များကို လိုအပ်ခြင်း (ကဏ္ဍ၊ ကျား/မ၊ အသက်အရွယ်နှင့် နိုင်ငံအလိုက်)** | အလုပ်အကိုင်ဆိုင်ရာမူဝါဒများ၊ သင့်လျော်သည့် အလုပ်အကိုင် နှင့် ချိတ်ဆက်ပေးခြင်း၊ ကျွမ်းကျင်မှုသင်တန်း၊ | သင့်လျော်သည့် အလုပ်အကိုင် နှင့် ချိတ်ဆက်ပေးခြင်း၊ | အလုပ်သမားများ၏ အလုပ် အကိုင်နှင့် ပတ်သက်၍ နိုင်ငံချင်း နားလည်မှုစာချွန်လွှာ (MOU) များ ရေးဆွဲခြင်း၊ |
| **ရွှေ့ပြောင်းသည့် ခုနှစ်နှင့် ရွှေ့ပြောင်းမှု ဖြစ်စေသည့် အကြောင်းရင်း** | ရွှေ့ပြောင်းသွားလာခြင်း ဖြစ်ပေါ် စေသည့် အပျက်သဘောဆောင် သည့် အရာများကို ဖြေရှင်း ဆောင်ရွက်ခြင်း၊ နေရပ်ပြန်လာ သည့် ရွှေ့ပြောင်းသွားလာသူ များအတွက် ကြိုတင်ခန့်မှန်းမှုနှင့် ပြင်ဆင်မှုများ၊ | | ရွှေ့ပြောင်းသွားလာသူ ၏ နေထိုင်မှုကာလ ကြာချိန်၊ အလုပ်လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်များနှင့် ပတ်သက်သည့် မူဝါဒများ၊ |

| လိုအပ်သည့် အချက်အလက်/ စာရင်းအင်း အမျိုးအစား | မူရင်းနိုင်ငံ၏ မူဝါဒ နယ်ပယ်များ | ဆိုက်ရောက်နိုင်ငံ၏ မူဝါဒနယ်ပယ်များ | မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံ နှစ်နိုင်ငံစလုံး၏ မူဝါဒနယ်ပယ်များ |
|---|---|---|---|
| **ရင်းမြစ်နေရာဒေသများ - ရွှေ့ပြောင်းသွားလာသူများနှင့် မူရင်းဒေသဆိုင်ရာ သတင်းအချက်အလက် အသေးစိတ်** | ကျန်ရစ်ခဲ့သည့် မိသားစုဝင်များအတွက် လူမှုဝန်ဆောင်မှု စီမံကိန်းရေးဆွဲခြင်း၊<br><br>မကြာသေးမီကာလက လူဦးရေ လျော့နည်းသွားသည့် နေရာဒေသများအတွက် လုံခြုံရေးနှင့် မြေယာသိမ်း ကိစ္စရပ်များကို ဖြေရှင်းခြင်း၊<br><br>အလုပ်အကိုင်ဖန်တီးရေးမူဝါဒများ၊<br><br>ဒေသတွင်းနှင့်ကိုက်ညီသည့် မူဝါဒများ ရေးဆွဲချမှတ်ခြင်း၊<br><br>ဒေသတွင်းရှိ ပွဲစားများကို စီမံခန့်ခွဲခြင်း၊<br><br>ပြန်လာခြင်းနှင့် ပြန်လည် ပေါင်းစည်းခြင်းအတွက် မူဝါဒများ၊ | ရွှေ့ပြောင်းအလုပ်သမားများအတွက် မိတ်ဆက်သင်တန်းများပြင်ဆင်ခြင်း (သင့်လျော်သည့် ဘာသာစကားဖြင့် သင်ကြားရေးအထောက်အကူ ပြုပစ္စည်းများ၊ ယဉ်ကျေးမှု မတူခြားနားမှုများ) | |
| **ရွှေ့ပြောင်းသွားလာရာ လမ်းကြောင်းများ (မူရင်းနိုင်ငံမှ ဆိုက်ရောက်နိုင်ငံသို့ သွားရာလမ်းကြောင်း)** | သင့်လျော်သည့် ပြည်ပ မထွက်ခွာမီသင်တန်းများ၊<br><br>ငွေကြေးဝန်ဆောင်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ | ပေါင်းစည်းခြင်းနှင့် လူမှုပေါင်းစည်းခြင်းဆိုင်ရာ မူဝါဒများ၊<br><br>လိုအပ်သည့် ဝန်ဆောင်မှုများအတွက် စီမံကိန်းရေးဆွဲခြင်း (ကျန်းမာရေး၊ ပညာရေး၊ သန့်ရှင်းရေး/မိလ္လာစနစ်) | ရွှေ့ပြောင်းသွားလာ ခြင်း၊ လူမှုကာကွယ် စောင့်ရှောက်မှု ဖြည့်ဆည်းချက်၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်များကို လွှဲပြောင်းခံစားခွင့် အတွက် ယန္တရားများကို စီမံခန့်ခွဲရန် နိုင်ငံအဆင့် (သို့) သင့်လျော်မှုရှိလျှင် မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံများအကြား MOU ရေးဆွဲခြင်း၊<br><br>အပြန်အလှန်ပံ့ပိုးမှုနှင့် ဖွံ့ဖြိုး တိုးတက်ရေးအတွက် မူရင်းနှင့် ဆိုက်ရောက်နိုင်ငံများအကြား ချိတ်ဆက် ဆောင်ရွက်ခြင်း၊<br><br>မူရင်းနှင့်ဆိုက်ရောက် နိုင်ငံ နှစ်နိုင်ငံစလုံးရှိ သင့်လျော်သည့် အာဏာပိုင်အဖွဲ့များ အကြား ဆက်သွယ်ဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ |

| လိုအပ်သည့် အချက်အလက်/ စာရင်းအင်း အမျိုးအစား | မူရင်းနိုင်ငံ၏ မူဝါဒ နယ်ပယ်များ | ဆိုက်ရောက်နိုင်ငံ၏ မူဝါဒနယ်ပယ်များ | မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံ နှစ်နိုင်ငံစလုံး၏ မူဝါဒနယ်ပယ်များ |
| --- | --- | --- | --- |
| **နေရပ်ပြန်လာသော ရွှေ့ပြောင်းသွားလာသူများ (အသက်အရွယ်၊ ကျား/မ၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်၊ ကျန်းမာရေး အခြေအနေ၊ လူမျိုး၊ ကျွမ်းကျင်မှု)** | ပြန်လာပြီးနောက်ပိုင်း ရွေးချယ် လုပ်ကိုင်စရာများကို ဖြည့်ဆည်း ပေးသော မူဝါဒများ -<br>■ အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက်ပံ့ပိုးမှု၊<br>■ ဒေသတွင်းအလုပ်အကိုင်<br>■ ပြည်ပအလုပ်အကိုင်<br>■ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊<br>■ အခြားပညာရေးများ<br>အသေးစားစီးပွားရေး လုပ်ငန်း များအတွက် ချေးငွေအပါအဝင် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ၊ | | |
| **နေရပ်ပြန်လာသော ကလေး သူငယ်များ (အလုပ်လုပ်ကိုင် သည့် ကလေးသူငယ်များ၊ ရွှေ့ပြောင်းသွားလာသူများ၏ ကလေးသူငယ်များ) ပညာ ရေးဆိုင်ရာ အရည်အချင်း များ၊ ကျန်းမာရေးအခြေအနေ၊ ဘာသာစကား၊** | ပညာရေးဆိုင်ရာ လိုအပ်ချက် ကျောင်းအပ်မှု စာရွက်စာတမ်း ပြုလုပ်ခြင်း/ နိုင်ငံသားဖြစ်ခြင်း၊ | | ပညာရေးဆိုင်ရာ အရည်အချင်းများကို နှစ်ဦးနှစ်ဖက် အပြန်အလှန် အသိအမှတ်ပြုမှု၊ |
| **လွှဲပြောင်းငွေကြောင့် အိမ်ထောင်စုအဆင့် သက်ရောက်မှုဆိုင်ရာ အချက်အလက်များ** | ငွေကြေးစီမံခန့်ခွဲတတ်ရန် ပံ့ပိုးဆောင်ရွက်ပေးမှုများ၊<br><br>ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု များကို လက်လှမ်းမီရရှိခြင်း၊ | | |
| **၃။ ဖြေရှင်းရန် ကိစ္စရပ်များ** | | | |
| **တိုင်ကြားမှုများနှင့် နစ်နာမှုများဆိုင်ရာ ဘက်ပေါင်းစုံပါဝင်သည့် အချက်အလက် ဒေတာဘေ့စ်** | ပြည်ပအလုပ်အကိုင်အေဂျင်စီများ ကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းသိမ်းဆောင်ရွက်ခြင်း၊<br>မူဝါဒချမှတ်ဆောင်ရွက်ရန် လိုအပ်သော ပြဿနာရှိသည့် နယ်ပယ်များအပေါ် သတိထား စောင့်ကြည့်ခြင်း၊<br><br>အလုပ်သမား သံအရာရှိ ခန့်အပ် ခြင်းနှင့် လုပ်ငန်းတာဝန် အခန်း ကဏ္ဍ | မူဝါဒချမှတ်ဆောင်ရွက်ရန် လိုအပ်သော ပြဿနာရှိနေ သည့် ကဏ္ဍများ၊ အလုပ်ရှင်များ၊ လူကုန်ကူးအန္တရာယ် ဖြစ်နိုင်ချေ များအပေါ် သတိထား စောင့်ကြည့်ခြင်း၊ | နစ်နာမှု ပြန်လည် ပေးလျော်ခြင်း ဆိုင်ရာမူဝါဒများ (မကျေနပ်ချက် များအပေါ် စုံစမ်းတင်ပြရန် အစိုးရက ခန့်ထားသည့် အရာရှိ)၊ ကောင်စစ်ဝန် ကူညီပံ့ပိုးရေး မူဝါဒများ၊<br><br>တိုင်ကြားမှုနှင့် ပြန်လည်ကုစားမှု ဆိုင်ရာ MOU (သို့) စံလုပ်ထုံး လုပ်နည်း (SOP) များကို ရေးဆွဲ ချမှတ်ခြင်း၊<br><br>နစ်နာကြေးများကို လွှဲပြောင်းပေး ခြင်းဆိုင်ရာ MOU (သို့) SOP များကို ရေးဆွဲချမှတ်ခြင်း၊ |

| လိုအပ်သည့် အချက်အလက်/ စာရင်းအင်း အမျိုးအစား | မူရင်းနိုင်ငံ၏ မူဝါဒ နည်းပယ်များ | ဆိုက်ရောက်နိုင်ငံ၏ မူဝါဒနယ်ပယ်များ | မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံ နှစ်နိုင်ငံစလုံး၏ မူဝါဒနယ်ပယ်များ |
|---|---|---|---|
| **လုပ်သားဖြည့်တင်းနိုင်မှုနှင့် လုပ်သားလိုအပ်ချက်** | ကာလရှည် အလုပ်အကိုင်ဆိုင်ရာ မူဝါဒနှင့် ကျွမ်းကျင်မှု သင်တန်းစီမံကိန်းရေးဆွဲခြင်းများ၊<br><br>သင့်လျော်သည့် အလုပ်အကိုင်နှင့် ချိတ်ဆက်ပေးခြင်း၊ | ကာလရှည် အလုပ်အကိုင်ဆိုင်ရာမူဝါဒနှင့် ကျွမ်းကျင်မှု သင်တန်း စီမံကိန်း ရေးဆွဲခြင်းများ၊<br><br>သင့်လျော်သည့် အလုပ်အကိုင်နှင့် ချိတ်ဆက်ပေးခြင်း၊ | |
| **ရွှေ့ပြောင်းသွားလာနိုင်ချေရှိသူနှင့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူ များ၏ ကျန်းမာရေး အခြေအနေ၊** | ပြည်သူ့ကျန်းမာရေး ဆောင်ရွက်ချက်များအတွက် လိုအပ်ချက်များကို သတိထားစောင့်ကြည့်ခြင်း<br><br>ဆိုက်ရောက်နိုင်ငံများနှင့်အတူ မူဝါဒချမှတ် ဆောင်ရွက်မှုများ အတွက် လိုအပ်သည့်အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပြဿနာရပ်များအပေါ် သတိထား စောင့်ကြည့်ခြင်း၊ | မူဝါဒချမှတ်ဆောင်ရွက်မှုများ အတွက် လိုအပ်သည့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ဆိုင်ရာ ပြဿနာများနှင့် လူမှုကောင်းကျိုးချမ်းသာ ဆိုင်ရာ ပြဿနာများအပေါ် သတိထား စောင့်ကြည့်ခြင်း၊ | ကုသမှုပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ရေး ပညာပေးအစီအစဉ် များ ပါဝင်သည့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သည့် ဆေးစစ်ချက်များ၊ |
| **လွှဲပို့ငွေဆိုင်ရာ အချက်အလက်များ - ပမာဏနှင့် ငွေပို့သည့် နည်းလမ်းများ၊** | သင့်လျော်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊<br><br>နိုင်ငံ၏ GDP<br><br>နိုင်ငံခြားငွေလဲလှယ်ခြင်း၊ | ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ၊ | နိုင်ငံများအကြား ဘဏ်စနစ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ၊ |
| **လွှဲပို့ငွေများနှင့် ရွှေ့ပြောင်းသွားလာခြင်းများ၏ နိုင်ငံအဆင့် သက်ရောက်မှုဆိုင်ရာ အချက်အလက်များ၊** | လူမှုဆိုင်ရာနှင့် စီးပွားရေး စီမံကိန်း ရေးဆွဲခြင်း၊<br><br>စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲခြင်း၊ | | |
| **စာရွက်စာတမ်းပြုလုပ်ခြင်း လုပ်ငန်းစဉ် (ဆိုလိုသည် မှာ - မည်သူမည်ဝါဖြစ် ကြောင်း သက်သေခံ လက်မှတ်၊ အိုင်ဒီ၊ ပတ်စ်ပို့၊ အလုပ်လုပ်ကိုင်ခွင့်၊ ကင်းလွတ်သက်သာခွင့် ဆိုင်ရာအချက်အလက်များ)** | နိုင်ငံသားဖြစ်မှုဆိုင်ရာ မူဝါဒများ၊<br><br>အဝေးရောက်နေသူ/ မလာရောက် နိုင်သူများက မဲပေးခြင်း၊ | နိုင်ငံမဲ့/ဒုက္ခသည်များအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံဖော်ပြမှုနှင့် ပံ့ပိုးမှု၊ | စာရွက်စာတမ်း ပြုလုပ်ခြင်းနှင့် တရားဝင်ဖြစ်အောင် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များ၊ |
| **လုပ်သားစုဆောင်းသည့် အေဂျင်စီများ၊ ပွဲစားများ နှင့်ဆိုင်သည့် အချက်အလက်များ၊** | ကျင့်ဝတ်နှင့်အညီ လုပ်သားစုဆောင်းခြင်း၊<br><br>လိုက်နာရမည့် ကျင့်ဝတ်၊<br><br>အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး၊<br><br>ပွဲစားများကိုစည်းမျဉ်းစည်းကမ်းဖြင့် ထိန်းသိမ်းဆောင်ရွက်ခြင်း၊<br><br>လူကုန်ကူးမှုတိုက်ဖျက်ရေး၊ | အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး၊<br><br>လူကုန်ကူးမှုတိုက်ဖျက်ရေး၊ | ကျင့်ဝတ်နှင့်အညီ လုပ်သား စုဆောင်းခြင်း၊ ရွှေ့ပြောင်း အလုပ်သမားများ၏ အလုပ်အကိုင်များနှင့်ပတ်သက်၍ နိုင်ငံအချင်းချင်း လိုက်နာရန် ကျင့်ဝတ် စည်းကမ်းများ၊ |

| လိုအပ်သည့် အချက်အလက်/ စာရင်းအင်း အမျိုးအစား | မူရင်းနိုင်ငံ၏ မူဝါဒ နယ်ပယ်များ | ဆိုက်ရောက်နိုင်ငံ၏ မူဝါဒနယ်ပယ်များ | မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံ နှစ်နိုင်ငံစလုံး၏ မူဝါဒနယ်ပယ်များ |
|---|---|---|---|
| **ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာသူများ** | နိုင်ငံသားစိစစ်မှုနှင့် နိုင်ငံသား ဖြစ်မှုဆိုင်ရာမူဝါဒများ၊<br>လုပ်သား စုဆောင်းခ ကုန်ကျ စရိတ်နှင့် လုပ်ထုံးလုပ်နည်းများ၊<br>မွေးစာရင်းနှင့် သေစာရင်းများ၊ | တရားဝင်ဖြစ်အောင် ဆောင်ရွက်ခြင်း/ကင်းလွတ် သက်သာခွင့် အစီအစဉ်များ၊ | |
| ရင်းမြစ် - စာရေးသူက ပြုစုထားခြင်းဖြစ်သည်။ | | | |

## ၁.၄။ နည်းလမ်း

ဤစာတမ်းသည် အများပြည်သူကြည့်ရှုလေ့လာနိုင်သည့်နေရာ/သတင်းရင်းမြစ်နေရာတွင် ရှိနေသည့် အချက်အလက်များကို သုံးသပ်ခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်ကောက်ယူခြင်းတွင်ပါဝင်သော သက်ဆိုင်ရာ အစိုးရဌာနများ၊ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒရေးဆွဲရေးဌာနများ၊ အထူးသဖြင့် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ၊ ပြည်သူ့အင်အားဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့မှ တာဝန်ထမ်းဆောင်သူအရာရှိများနှင့် တွေ့ဆုံမေးမြန်းမှုများအပေါ်တွင် အခြေခံပြုစုထားခြင်းဖြစ်သည်။[၄] အချက်အလက်နှင့် စာရင်းအင်းဆိုင်ရာ သတင်းအချက်အလက်များကို ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ သုတေသနအစီရင်ခံစာများနှင့် ဆိုက်ရောက်နိုင်ငံများရှိ အများပြည်သူရယူအသုံးပြုနိုင်သည့် စာရင်းအင်းများမှ ရယူစုစည်းထားခြင်း ဖြစ်ပါသည်။

သို့သော် ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ ကောက်ယူခဲ့သည့် အချက်အလက်အများစုသည် အများပြည်သူကြည့်ရှုလေ့လာနိုင်သည့်နေရာတွင် မတွေ့ရပါ။ အများအားဖြင့် မြန်မာအစိုးရဌာနများသည် ကောက်ယူပြီးသည့် အချက်အလက်အမျိုးအစားကိုသာ မျှဝေပေးနိုင်ခဲ့ပြီး ကောက်ယူထားသည့် အချက်အလက်များကိုမူ မျှဝေနိုင်ခဲ့ခြင်း မရှိပါ။

ဤကန့်သတ်ချက်များအတွင်းမှပင် ဤစာတမ်းကို ပြုစုထားခြင်းဖြစ်ပြီး စာတမ်းတွင် လက်ရှိကောက်ယူနေသည့် အချက်အလက်များ၊ ကောက်ယူသည့်နည်းလမ်း၊ ကောက်ယူရသည့်ရည်ရွယ်ချက်အပြင် မည်သည့်ဌာနများနှင့် မျှဝေဆောင်ရွက်ခြင်း စသည်ကို ဖော်ပြထားပါသည်။ ရယူသုံးစွဲနိုင်သည့် အချက်အလက်များနှင့်ပတ်သက်၍ ကိန်းဂဏန်းစာရင်းအင်းများကို ဤစာတမ်း၌ ပြန်လည်ဖော်ပြထားပါသည်။ ထို့အပြင် ဤစာတမ်းတွင် ထိုအချက်အလက်များသည် အထောက်အထားအခြေပြု မူဝါဒရေးဆွဲခြင်းတွင် အထောက်အကူပြုနိုင်ပုံနှင့်စပ်လျဉ်း၍ အကြံပြုချက်များ ဖော်ပြပေးထားသည့်အပြင် ပိုမိုလိုအပ်သည့် အချက်အလက်များ (သို့) အချက်အလက်များကို ပိုမို စနစ်တကျကောက်ယူရန် လိုအပ်သည့် အဓိက နေရာများကိုလည်း ဖော်ထုတ်တင်ပြထားပါသည်။

ဤစာတမ်းကို အပိုင်း ၃ ပိုင်း ခွဲခြားဖော်ပြထားပါသည်။ ပထမတစ်ပိုင်းတွင် ဤစာတမ်းပြုစုရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းကို မိတ်ဆက်ဖော်ပြထားပြီး ဒုတိယအပိုင်း၌ မြန်မာနိုင်ငံတွင် လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်၍ အချက်အလက်အရင်းအမြစ် ရရှိနိုင်သည့်နေရာများနှင့် လက်ရှိရယူနိုင်သည့် အချက်အလက်များကို အနှစ်ချုပ် ဖော်ပြထားပါသည်။ တတိယပိုင်းတွင် အကြံပြုတိုက်တွန်းချက်များကို ဖော်ပြထားပါသည်။

[၄] နောက်ဆက်တွဲ (၁) တွင် ဤစာတမ်းပြုစုရန်အတွက် ပြုလုပ်ခဲ့သည့် အင်တာဗျူး (လူတွေ့မေးမြန်းခြင်း) စာရင်း အသေးစိတ်ကို ဖော်ပြထားပါသည်။

# ၂။ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်နှင့် စာရင်းအင်းရင်းမြစ်များ

ဤအပိုင်းတွင် အချက်အလက်ပုံစံ၊ ပါဝင်သည့်အကြောင်းအရာ၊ လုပ်ငန်းစဉ်၊ စိတ်ဖြာလေ့လာပုံ၊ အချက်အလက်များကို မျှဝေခြင်းရှိ/မရှိနှင့် မည်သို့မျှဝေသည်ကို အလေးထားပြီး မြန်မာနိုင်ငံသားများ နိုင်ငံတကာသို့ ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင်ရှိသော လက်ရှိ စာရင်းအင်းနှင့် အချက်အလက်ရင်းမြစ်များကို ဖော်ထုတ်ရှင်းလင်း တင်ပြထားပါသည်။ ဤအပိုင်းတွင် မြန်မာရွှေ့ပြောင်းသွားလာသူများအတွက် ဆိုက်ရောက်နိုင်ငံများတွင်ရှိသော နိုင်ငံတကာဆိုင်ရာ သတင်းအချက်အလက်နှင့် သတင်းရင်းမြစ်များကိုလည်း ရှာဖွေတင်ပြထားပါသည်။

ကမ္ဘာလုံးဆိုင်ရာအားဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းနှင့် အချက်အလက်များရရှိရန်အတွက် အဓိက ရင်းမြစ်သုံးခုရှိသည်ဟု သုံးသပ်ရပါသည်။ ပထမတစ်ခုမှာ လူဦးရေသန်းခေါင်စာရင်းမှ ရရှိသည့် စာရင်းအင်းများဖြစ်ပြီး ဒုတိယတစ်ခုမှာ နယ်စပ်ထွက်ပေါက်နှင့် ဝင်ပေါက်များတွင် ကောက်ယူခြင်း အပါအဝင် ရွှေ့ပြောင်းသွားလာခြင်း လုပ်ငန်းစဉ်အတွင်း အေဂျင်စီအဖွဲ့အမျိုးမျိုးက ကောက်ယူရရှိသော စီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များဖြစ်သည်။ တတိယတစ်ခုမှာ ကြီးမားသည့် အိမ်ထောင်စုစစ်တမ်းကဲ့သို့ စစ်တမ်းများမှ ရရှိခြင်းဖြစ်သည်။

## ၂.၁။ မြန်မာလူဦးရေနှင့် သန်းခေါင်စာရင်း (၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း)

### ၂.၁.၁။ နောက်ခံအကြောင်းအရာ

၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းတွင် အစိုးရနှင့် အခြားပါဝင်သက်ဆိုင်သူအဖွဲ့အစည်းများ ရယူအသုံးပြု နိုင်သည့် လူဦးရေဆိုင်ရာအချက်အလက်၊ လူမှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ လက္ခဏာရပ်များ၊ အိမ်အကြောင်းအရာများ၊ အိမ်ထောင်စုများ အဆင်ပြေမှု စသည်တို့နှင့်ပတ်သက်၍ လူဦးရေနှင့်ဆိုင်သည့် လိုအပ်သည့် သတင်းအချက်အလက်များကို ဖော်ပြပေးထားသည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ် ပြုလုပ်သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမှု ဖြစ်သောကြောင့် အလွန်အရေးပါသည့် စာရင်းတစ်ခု ဖြစ်ပါသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေ (၂၀၁၃) အရ ယခင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန[၇] ရှိ ပြည်သူ့အင်အားဦးစီးဌာနသည် (ကုလသမဂ္ဂ လူဦးရေဆိုင်ရာရန်ပုံငွေအဖွဲ့ နှင့်အတူ ပူးပေါင်းဆောင်ရွက်၍) သန်းခေါင်စာရင်း ကောက်ယူဆောင်ရွက်ရန် တာဝန်ရှိသည့်ဌာန ဖြစ်ပါသည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် ၂၀၁၁ ခုနှစ်မှ အစပျိုး၍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သည့် မိတ်ဖက်အဖွဲ့အစည်းများမှ သင်တန်းများ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာပံ့ပိုးမှု အမြောက်အများ ပါဝင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ည၌ အိမ်ထောင်စုဆိုင်ရာမေးခွန်းလွှာများ အသုံးပြု၍ စစ်တမ်းစတင်ကောက်ယူခဲ့ပါသည်။ သို့သော်လည်း ပဋိပက္ခဖြစ်ပွားနေသည့် နေရာများဖြစ်သည့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းနေရာအချို့တွင် စစ်တမ်းကောက်ယူခြင်း မပြုနိုင်ခဲ့ပါ။

### ၂.၁.၂။ သန်းခေါင်စာရင်းမှတစ်ဆင့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ ကောက်ယူခဲ့သည့် သတင်းအချက်အလက်

စာရင်းကောက်ယူနေသည့်အချိန် ပြည်ပတွင်ရောက်ရှိနေထိုင်နေသူ မိသားစုဝင်များနှင့်ပတ်သက်သည့် မေးခွန်းများကို မေးမြန်း၍ နိုင်ငံတကာ/ပြည်ပ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များကို ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် ကောက်ယူခဲ့ပါသည်။ ကောက်ယူခဲ့သည့်အချက်အလက်များတွင် အသက်၊ ကျား/မ၊ အိမ်ထောင်ဦးစီးနှင့်တော်စပ်ပုံ၊ မိသားစုဝင်များ ပြည်ပထွက်ခွာသွားသည့်ခုနှစ်၊ လက်ရှိရောက်ရှိ နေထိုင်နေသည့်နိုင်ငံ စသည်တို့ ပါဝင်ပါသည်။

၇ လက်ရှိတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်၊ ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP)

သန်းခေါင်စာရင်းအရ ပြည်ပတွင်နေထိုင်သူ မိသားစုဝင်ပေါင်း ၂.၀၂ သန်း (သို့) စုစုပေါင်းလူဦးရေ၏ ၃.၉ ရာခိုင်နှုန်းရှိသည် (ဇယား (၄))။ ဤဦးရေအနက်မှ ၁,၃၆၆,၂၉၃ ဦးသည် လတ်တလော ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းသွားသူများ (၂၀၁၀ (သို့) နောက်ပိုင်းနှစ်များတွင် ရွှေ့ပြောင်းသူများ) ဖြစ်ပြီး၊ အခြားရွှေ့ပြောင်းသွားသူများအားလုံးကို ၁၀၀ တစ်လျှောက်လုံးတွင် အနည်းဆုံးတစ်ကြိမ် ရွှေ့ပြောင်းသွားလာသူများအဖြစ် အမျိုးအစား ခွဲခြားဖော်ပြထားပါသည် (ပြည်သူ့အင်အားဦးစီးဌာန၊ ၂၀၁၆)။ သန်းခေါင်စာရင်းအရ ပြည်ပရွှေ့ပြောင်းသွားလာသူ ၆၁ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ပြီး ၃၉ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်သည်။ မြန်မာရွှေ့ပြောင်းသွားလာသူအားလုံး၏ ၇၀ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံသို့သွားပြီး အမျိုးသား ၅၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၄၃ ရာခိုင်နှုန်းဖြစ်ကြောင်း ခွဲခြားဖော်ပြထားသည်။ သန်းခေါင်စာရင်းအရ တရုတ်နိုင်ငံသို့သွားသော ရွှေ့ပြောင်းသွားလာသူများကိုလည်း အလားတူပုံစံ ခွဲခြားဖော်ပြထားပြီး စင်္ကာပူနိုင်ငံသို့သွားသော ရွှေ့ပြောင်းသွားလာသူများတွင် အမျိုးသမီးအရေအတွက်သည် အမျိုးသားများထက် အနည်းငယ်ပိုများကြောင်းကို ဖော်ပြထားသည်။ အမျိုးသမီးများ နည်းပါးသည့်အရေအတွက်ဖြင့် ရွှေ့ပြောင်းသွားလာခြင်းကို ကြည့်ခြင်းအားဖြင့် ပြည်ပတွင် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေသည်ကို တွေ့ရသောကြောင့် ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများတွင် ကျား/မ တန်းတူညီမျှရေးအတွက် လေ့လာသုံးသပ်ရန် လိုအပ်ပါသည်။ အမျိုးသားရွှေ့ပြောင်းသွားလာသူဦးရေ များပြားသည့်နိုင်ငံများအနေဖြင့် အထူးသဖြင့် အမျိုးသားများနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဖြေရှင်းရန် သီးခြားမူဝါဒရေးဆွဲချမှတ်မှုများ လိုအပ်နိုင်ပါသည်။

## ဇယား (၄) ပြည်ပရောက် မြန်မာရွှေ့ပြောင်းသွားလာသူများအရေအတွက်၊ ၂၀၁၄ ခုနှစ်၊ လူဦးရေ သန်းခေါင်စာရင်း

| ဆိုက်ရောက်နိုင်ငံ | ကျား/မ | | | | ရွှေ့ပြောင်းသွားလာသူ စုစုပေါင်းအရေအတွက် | |
|---|---|---|---|---|---|---|
| | ကျား | % | မ | % | စုစုပေါင်း | % |
| ထိုင်း | ၈၁၂ ၇၉၈ | ၅၇ | ၆၀၅ ၆၇၄ | ၄၂ | ၁ ၄၁၈ ၄၇၂ | ၇၀ |
| မလေးရှား | ၂၄၅ ၇၇၂ | ၈၁ | ၅၈ ၂၂၄ | ၁၉ | ၃၀၃ ၉၉၆ | ၁၅ |
| စင်္ကာပူ | ၃၉ ၀၇၈ | ၄၉ | ၄၀ ၅၈၁ | ၅၁ | ၇၉ ၆၅၉ | ၄ |
| တရုတ် | ၅၃ ၁၂၆ | ၅၇ | ၃၉ ၁၃၇ | ၄၂ | ၉၂ ၂၆၃ | ၄ |
| ဂျပန် | ၄ ၃၁၄ | ၉၇ | ၃ ၂၈၃ | ၄၃ | ၇ ၅၉၇ | ၀. ၄ |
| ကိုရီးယား | ၁၄ ၁၁၈ | ၆၁ | ၄၇၄ | ၃ | ၁၄ ၅၉၂ | ၀. ၇ |
| အိန္ဒိယ | ၁၀ ၉၁၇ | ၅၈ | ၇ ၀၅၈ | ၃၉ | ၁၇ ၉၇၅ | ၀. ၉ |
| အမေရိက | ၂၀ ၉၃၇ | ၆၂ | ၁၅ ၆၄၀ | ၄၀ | ၃၇ ၅၇၇ | ၂ |
| အခြား | ၃၁ ၁၀၈ | ၆၁ | ၁၈ ၆၇၁ | ၃၇ | ၄၉ ၇၇၉ | ၂ |
| စုစုပေါင်း | ၁ ၂၃၃ ၁၆၈ | ၆၁ | ၇၈၈ ၇၄၂ | ၃၉ | ၂ ၀၂၀ ၉၁၀ | ၁၀၀ |

ရင်းမြစ် - Population Division, 2016b, table C-4

ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အခြေအနေရှုထောင့်ပေါင်းစုံကို နားလည်သိမြင်ခြင်းအားဖြင့် အလုပ်အကိုင်ဖန်တီးမှု၊ လုပ်သားလိုအပ်ချက်နှင့် လုပ်သားဖြည့်တင်းနိုင်မှု၊ ကျန်ရစ်သူမိသားစုများအတွက် လူမှုဝန်ဆောင်မှုများအပါအဝင် ပြည်ပမှ လွှဲပို့ငွေများကို အပြည့်အဝရရှိရန်အတွက် ပိုမိုကောင်းမွန်သည့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု စသည်တို့နှင့်ပတ်သက်၍ မူဝါဒများကို ဖော်ဆောင်ချမှတ်ရာတွင် အထောက်အကူ ပြုနိုင်ပါသည်။ ထို့အပြင် သန်းခေါင်စာရင်းတွင် ရွှေ့ပြောင်းသွားလာသူများ၏ မူရင်းဒေသဖြစ်သည့် ပြည်နယ် (သို့) တိုင်းဒေသကြီးမှတစ်ဆင့် ဆိုက်ရောက်နိုင်ငံများသို့ ရွှေ့ပြောင်းသွားလာရာလမ်းကြောင်းများနှင့်ပတ်သက်သည့် အချက်အလက်များကိုလည်း ဖော်ပြထားပါသည် (ဇယား (၅))။

## ဇယား (၅) မြန်မာရွှေ့ပြောင်းသွားလာသူများ၏ မူရင်း(တိုင်းဒေသကြီး/ပြည်နယ်) နှင့် ဆိုက်ရောက် (နိုင်ငံ)

| မူရင်း ပြည်နယ်/ တိုင်းဒေသကြီး | ပြည်ပတွင်နေထိုင်နေသည့် အိမ်ထောင်စုဝင်အရေအတွက် | | | အများဆုံးသွားရောက်သည့် နိုင်ငံများ | | |
|---|---|---|---|---|---|---|
| | ရွှေ့ပြောင်းသွားလာသူ အရေအတွက် (ပြည်နယ်/တိုင်းဒေသကြီး လူဦးရေ %) | အမျိုးသား | အမျိုးသမီး | နံပါတ် (၁) အများဆုံး သွားရောက်သည့်နိုင်ငံ | နံပါတ် (၂) အများဆုံး သွားရောက်သည့်နိုင်ငံ | နံပါတ် (၃) အများဆုံး သွားရောက်သည့်နိုင်ငံ |
| မွန်ပြည်နယ် | ၄၂၆၅၈၆ (၂၀. ၇%) | ၂၄၅၅၆၄ | ၁၈၁၀၂၂ | ထိုင်း (၃၈၅၄၈၇) | မလေးရှား (၃၂၆၂၀) | စင်ကာပူ (၄၃၂၄) |
| ကရင်ပြည်နယ် | ၃၂၂၄၆၀ (၂၀. ၄%) | ၁၇၃၄၃၀ | ၁၄၉၀၃၀ | ထိုင်း (၃၀၄၉၈၀) | မလေးရှား (၁၂၈၆၄) | စင်ကာပူ (၁၁၅၀) |
| ရှမ်းပြည်နယ် | ၂၃၅၈၆၉ (၄%) | ၁၁၆၀၅၄ | ၁၁၉၈၁၅ | ထိုင်း (၁၇၉၇၈၃) | တရုတ် (၄၂၄၉၀) | မလေးရှား (၅၇၄၉) |
| တနင်္သာရီတိုင်း | ၂၀၃၂၃၂ (၁၄. ၄%) | ၁၁၂၈၃၄ | ၉၀၃၉၈ | ထိုင်း (၁၈၇၉၆၈) | မလေးရှား (၁၂၈၇၉) | စင်ကာပူ (၆၈၅) |
| ပဲခူးတိုင်း | ၁၆၉၆၉၁ (၃. ၄%) | ၁၁၀၃၆၇ | ၅၉၃၂၄ | ထိုင်း (၁၂၉၀၆၉) | မလေးရှား (၂၆၅၆၄) | စင်ကာပူ (၆၅၂၉) |
| ရန်ကုန်တိုင်း | ၁၆၆၆၉၈ (၂. ၂%) | ၁၀၉၈၅၅ | ၅၆၈၄၃ | မလေးရှား (၄၅၅၉၃) | စင်ကာပူ (၃၃၉၁၀) | ထိုင်း (၃၂၇၉၁) |
| ရခိုင်ပြည်နယ် | ၁၁၅၅၀၂ (၃. ၆%) | ၉၄၉၀၃ | ၂၀၅၉၉ | ထိုင်း (၇၄၇၃၀) | မလေးရှား (၂၈၂၀၀) | တရုတ် (၇၈၃၃) |
| မကွေးတိုင်း | ၈၄၄၂၂ (၂. ၁%) | ၆၂၀၂၃ | ၁၈၃၉၉ | ထိုင်း (၃၆၆၇၄) | မလေးရှား (၃၀၀၂၀) | တရုတ် (၁၁၄၅၄) |
| မန္တလေးတိုင်း | ၈၀၀၇၁ (၁. ၂၉%) | ၅၉၅၇၈ | ၂၀၄၉၃ | မလေးရှား (၃၀၉၉၈) | ထိုင်း (၂၈၃၃၄) | တရုတ် (၈၂၃၉) |
| စစ်ကိုင်းတိုင်း | ၆၄၂၅၂ (၁. ၂%) | ၄၃၆၈၆ | ၂၀၅၆၆ | မလေးရှား (၂၇၁၈၄) | အိန္ဒိယ (၉၀၁၂) | ထိုင်း (၇၉၈၁) |
| ဧရာဝတီတိုင်း | ၅၉၄၈၈ (၀. ၉%) | ၄၂၅၇၂ | ၁၆၉၁၆ | ထိုင်း (၂၉၃၈၂) | မလေးရှား (၁၆၇၀၄) | စင်ကာပူ (၈၀၂၁) |
| ချင်းပြည်နယ် | ၅၁၅၄၅ (၁၀. ၇%) | ၃၃၉၇၅ | ၁၇၅၇၀ | မလေးရှား (၂၇၀၁၆) | အမေရိက (၁၂၁၀၇) | အိန္ဒိယ (၅၈၈၀) |
| ကချင်ပြည်နယ် | ၂၁၈၄၀ (၁. ၂%) | ၁၀၁၆၃ | ၁၁၃၁၇ | ထိုင်း (၉၂၅၀) | တရုတ် (၆၁၃၇) | မလေးရှား (၂၇၁၂) |
| နေပြည်တော် (ပြည်ထောင်စု နယ်မြေ) | ၁၁၉၂၈ (၁%) | ၉၂၄၄ | ၂၆၈၄ | ထိုင်း (၆၂၁၄) | မလေးရှား (၃၆၇၉) | |
| ကယားပြည်နယ် | ၈၃၈၅ (၂. ၉%) | ၄၉၂၀ | ၃၄၆၅ | ထိုင်း (၅၆၀၁) | မလေးရှား (၁၁၃၄) | စင်ကာပူ (၇၁၆) |

ရင်းမြစ် - Table: ILO 2015a; Data: Population Division, 2016b, table C-5

ပြည်ပတွင်နေထိုင်နေသည့် အိမ်ထောင်စုဝင်ဦးရေ အများဆုံးပြည်နယ်သည် မွန်ပြည်နယ်ဖြစ်သည်ဟု ဖော်ပြထားပြီး မွန်ပြည်နယ်တစ်ခုလုံး အတိုင်းအတာအရ လူဦးရေ၏ ၂၀.၇%နှင့်နှိုင်းယှဉ်လျှင် မော်လမြိုင်ရှိ လူဦးရေ၏ ၂၅.၂ ရာခိုင်နှုန်းသည် အဓိကအားဖြင့် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားလာကြောင်း ဖော်ပြထားသည်။ မွန်ပြည်နယ်သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းနီးစပ်ပြီး မော်လမြိုင်သည် ထိုင်းနယ်စပ်သို့သွားရာ အဓိက သယ်ယူပို့ဆောင်ရေးအချက်အချာကျသည့်နေရာ တွင် ရှိသည်။ ကရင်ပြည်နယ်သည် ပြည်ပသို့ ရွှေ့ပြောင်းသွားလာသူ ဒုတိယအများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံနှင့်နယ်စပ်ချင်းထိစပ်ကာ မြဝတီမှ မဲဆောက်သို့ သွားသည့် အဓိက နယ်စပ်ဖြတ်ကျော်ရာ နေရာတစ်ခု ရှိသည်။ ဘားအံသည်လည်း မော်လမြိုင်ကဲ့သို့ပင် ထိုင်းနိုင်ငံသို့ သွားရာအချက်အချာကျသည့်နေရာတွင် ရှိနေသည်။ ဘားအံလူဦးရေ၏ ၂၅.၆ ရာခိုင်နှုန်းသည် ပြည်ပတွင်နေထိုင်နေကြသည်ဟု ဖော်ပြထားသည်။ တောင်ဘက်အစွန်းပိုင်းတွင် ထိုင်းနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသည့် တနင်္သာရီတိုင်းဒေသကြီးသည်လည်း ၎င်းလူဦးရေ၏ ၁၄.၄ ရာခိုင်နှုန်းမှာ ပြည်ပတွင် နေထိုင်နေကြောင်း ဖော်ပြထားသည်။ ထားဝယ်သည် အကြီးဆုံးမြို့ဖြစ်ပြီး ထီးခီးနှင့်နီးကာ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံ၊ ဖူနမ်ရွှန် (ကန်ချနာဘူရီ) သို့ သွားနိုင်သည်။ ၎င်းလူဦးရေ၏ ၂၆.၂ ရာခိုင်နှုန်း (သို့) ၁၃၂,၂၃၁ ဦးသည် ပြည်ပသို့ ထွက်ခွာသွားသည်ဟု ဖော်ပြထားသည်။ ထိုင်းနိုင်ငံသို့သွားရာ အခြားအရေးပါသည့်နေရာတစ်ခုမှာ ပင်လယ်မှ ဖြတ်သန်းသွားရသော ကော့သောင်းမှ ရနောင်းသွားရာ ခရီးလမ်းကြောင်းဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်းဆုံးအပိုင်းတွင် တည်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးသည် မလေးရှားနိုင်ငံနှင့်နီးစပ်သော တိုင်းဒေသကြီးလည်း ဖြစ်သည် (ILO, 2015a)။

## ၂.၁.၃။ လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ သန်းခေါင်စာရင်း အချက်အလက် ကန့်သတ်ချက်များ

သန်းခေါင်စာရင်းများသည် နိုင်ငံတကာတွင် အကျုံးဝင်သည့်ပုံစံရှိသောကြောင့် စာရင်းအင်းများ၏ အခြေခံ အဓိကကျသည့် ရင်းမြစ်တစ်ခုဖြစ်သည်ဟု အသိအမှတ်ပြုထားသော်လည်း ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ မေးခွန်းအရေအတွက်မှာ အကန့်အသတ်ဖြင့်သာ ရှိနေသည်။ မူရင်းနိုင်ငံများအတွက် သန်းခေါင်စာရင်းကောက်ယူသည့် အချိန်တွင် နိုင်ငံအတွင်းရှိလူများကိုသာ မေးမြန်းစာရင်းကောက်ယူနိုင်သောကြောင့် ပြည်ပတွင်နေထိုင်သည့် အိမ်ထောင်စုဝင်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရန်မှာ အခြားသူများ ဖြေကြားသည့်အပေါ်တွင်သာ အားကိုးအားထား ပြုရသည်။ ဤအချက်သည် ပြဿနာရပ်ဖြစ်ပြီး အထူးသဖြင့် မြန်မာနိုင်ငံမှ ပြည်ပသို့ ပုံမှန်မဟုတ်သည့်လမ်းကြောင်းများ မှတစ်ဆင့် ရွှေ့ပြောင်းသွားလာသည့် ဆွေမျိုးသားချင်းများအကြောင်းကို ပြောပြရန်မှာ မိသားစုဝင်များအနေဖြင့် စိုးရိမ်ကြောက်ရွံ့နေလေ့ရှိသည်။ ထို့အပြင် အချို့ကိစ္စရပ်များတွင် အိမ်ထောင်စု တစ်စုလုံးက ရွှေ့ပြောင်းသွားကြပြီး စာရင်းအချက်အလက်အတွက် ဖြေဆိုပေးရန် တစ်ဦးတစ်ယောက်မျှ မကျန်ရစ်ခြင်း ဖြစ်သည် (ILO, 2015a)။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း အကြောင်းအရာ ဖော်ပြချက်တွင် ရွှေ့ပြောင်းသွားလာသူအရေအတွက်သည် အစီရင်ခံဖော်ပြထားသည့်အရေအတွက်ထက် ပိုများနိုင်ဖွယ်ရှိကြောင်းကို အသိအမှတ်ပြုထားပါသည်။ နောက်ကြောင်းပြန်ခန့်မှန်းချက်နည်းအားဖြင့် အစီရင်ခံစာတွင် လူပေါင်း ၄.၂၅ သန်း (မြန်မာလုပ်သားအင်အားထု၏ ၂၀ ရာခိုင်နှုန်းခန့်) သည် သန်းခေါင်စာရင်း ကောက်ယူနေသည့်အချိန်တွင် ပြည်ပ၌နေထိုင်နေကြသည်ဟု ခန့်မှန်းထားသည် (Population Division, 2016a)။

ပြည်ပသို့ ပြန်လည်ရွှေ့ပြောင်းသွားခြင်း (သို့) ပြည်ပတွင်နေထိုင်သည့်ကာလ (သို့) ခရီးဖြတ်သန်းသွားသည့် နိုင်ငံအရေအတွက် (ဖြတ်သန်းသွားသည့်နိုင်ငံများနှင့် ဆိုက်ရောက်နိုင်ငံများအပါအဝင်) အသေးစိတ်အချက်အလက်များအားဖြင့် ရွှေ့ပြောင်းသွားလာသူများ၏ ခရီးများနှင့် ဝိသေသလက္ခဏာများကို ပိုမိုနားလည်သိရှိနိုင်မည်ဖြစ်သော်လည်း အချက်အလက်အတွင်း မှတ်တမ်းပြုထားနိုင်ခြင်း မရှိပါ။ ထိုသို့သော သတင်းအချက်အလက်များမှာ လူမှုဖူလုံရေး၊ နိုင်ငံသားအခွင့်အရေး၊ ကျွမ်းကျင်မှုအဆင့်မြှင့်ခြင်း၊ နေရပ်ပြန်လာသည့် ရွှေ့ပြောင်းသွားလာသူများ ပြန်လည်ပေါင်းစည်းခြင်းတို့နှင့်စပ်လျဉ်းသည့် မူဝါဒများရေးဆွဲသည့်အခါတွင် အထောက်အကူ ဖြစ်နိုင်ပါသည်။

## ၂.၂။ စီမံခန့်ခွဲရေးဆိုင်ရာ အချက်အလက်

ရွှေ့ပြောင်းသွားလာခြင်းလုပ်ငန်းစဉ်ကို စီမံခန့်ခွဲသော အစိုးရဌာနများက စီမံခန့်ခွဲရေးရည်ရွယ်ချက်အတွက် အချက်အလက် ပမာဏများစွာကို ကောက်ယူကြသည်။ စိစစ်ခွင့်ပြုချက်ပေးသည့် လုပ်ငန်းစဉ်အတွင်း ရွှေ့ပြောင်းသွားလာသူများထံမှ သတင်းအချက်အလက်များကို အလုပ်သမားရေးရာဌာနများကသော်လည်းကောင်း၊ နိုင်ငံဖြတ်သန်းမသွားလာမီနှင့် သွားလာစဉ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ထိန်းချုပ်ရေးစနစ်များဖြင့်သော်လည်းကောင်း၊ လုပ်ငန်းစဉ်ကို အဆင်ပြေချောမွေ့စေရန်ဆောင်ရွက်ပေးသည့် အခြား စီမံအုပ်ချုပ်ရေးဆိုင်ရာအေဂျင်စီအဖွဲ့များက သော်လည်းကောင်း ကောက်ယူပါသည်။ တာဝန်ရှိသောဌာနများအနေဖြင့် နိုင်ငံသားများအတွက် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ တာဝန်ဝတ္တရားများရှိသောကြောင့် အဓိကအားဖြင့် အချက်အလက်များကို စီမံခန့်ခွဲရေးနှင့် မှတ်တမ်းတင်ထားရန် ရည်ရွယ်ချက်အတွက် ကောက်ယူခြင်းဖြစ်သည့်အတွက် အတိုင်းအတာတစ်ခုအားဖြင့် သက်ဆိုင်ရာအချက်အလက်များမှာ အမျိုးအစားအလိုက် ရှိပါသည်။ ယင်းအချက်အလက်များကို မူရင်းနိုင်ငံအပြင် ဆိုက်ရောက်နိုင်ငံများမှပါ ကောက်ယူထားခြင်းဖြစ်သည်။

### ၂.၂.၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့က ကောက်ယူထားသော အချက်အလက်များ

ဗဟိုစာရင်းအင်းအဖွဲ့ (CSO)၏ လစဉ်၊ သုံးလပတ်နှင့် နှစ်စဉ်အစီရင်ခံစာများတွင် တာဝန်ရှိသော ဝန်ကြီး ဌာနအမျိုးမျိုးမှ စာရင်းအင်းဆိုင်ရာ သတင်းအချက်အလက်များ စုစည်းပါဝင်သည်။ ဝန်ကြီးဌာနအမျိုးမျိုးနှင့် သက်ဆိုင်သည့် မေခရို စီးပွားရေး ညွှန်းကိန်းများ၊ အဓိကကျသည့်ကဏ္ဍအလိုက် ပိုင်းခြားဖော်ပြထားသည့် လူဦးရေဆိုင်ရာ စာရင်းအင်းများ၊ လုပ်ငန်းကဏ္ဍအလိုက် စွမ်းဆောင်ရည်ညွှန်းကိန်းများသည် အဓိက သတင်းအချက်အလက်အစုအတွင်း စုစည်းပါဝင်ပြီး ၎င်းတို့ကို ဗဟိုစာရင်းအင်းအဖွဲ့မှ ရရှိနိုင်ပါသည်။ အချက်အလက်နှင့် စာရင်းအင်းများကို ပုံမှန်အားဖြင့် ထုတ်ဝေမှု သုံးမျိုးဖြင့် ပြည်သူလူထုအား ဖြန့်ဝေပါသည်။ နှစ်စဉ်မြန်မာစာရင်းအင်းစာစောင် (Myanmar statistical yearbook)၊ သုံးလပတ်စာရင်းအင်းစာစောင် (Quarterly statistics bulletin) နှင့် ရွေးချယ်ထားသည့် လစဉ်စီးပွားရေးညွှန်းကိန်းများ ဖြစ်သည်။ နှစ်စဉ်စာရင်းအင်း စာစောင်ကို CD-ROM ပုံစံဖြင့်လည်း ရရှိနိုင်ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဗဟိုစာရင်းအင်းအဖွဲ့သည် စာရင်းအင်းဆိုင်ရာ သတင်း အချက်အလက်များကို ကောက်နုတ်စုစည်းခြင်း၊ စနစ်တကျပြုလုပ်ခြင်းနှင့် ဖြန့်ဝေခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသည်။ တာဝန်ရှိသောဌာနအမျိုးမျိုးက ဆောင်ရွက်သည့် စစ်တမ်းများနှင့် အချက်အလက်ကောက်ယူသည့် လုပ်ငန်းဆောင်တာများအားလုံးအတွက် ကောက်ယူရန်နည်းလမ်းများ၊ သုတေသနလုပ်ထုံးလုပ်နည်းများနှင့်အညီ အရည်အသွေး ကိုက်ညီစေရန်နှင့် ထိန်းသိမ်းလိုက်နာစေရန်လည်း ဆောင်ရွက်သည်။

ဗဟိုစာရင်းအင်းအဖွဲ့၏ အခြားသိသာထင်ရှားသည့် လုပ်ပိုင်ခွင့်မှာ SDG ပန်းတိုင်များနှင့် ကာလအလိုက် ပုံမှန်စောင့်ကြည့်လေ့လာရေးနှင့်ပတ်သက်၍ အခြေခံ လက်တွေ့မြေပြင်သတင်းအချက်အလက်များကို စုစည်းရန်နှင့် ဝေမျှရန်ဖြစ်သည်။ ထို့အပြင် လူမှုစီးပွားဆိုင်ရာစာရင်းအင်းများနှင့်ပတ်သက်၍ ကုလသမဂ္ဂ စာရင်းအင်းစနစ်နှင့် အခြားကမ္ဘာလုံးဆိုင်ရာအချက်အလက်များအတွက်လည်း ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဗဟိုစာရင်းအင်းအဖွဲ့သည် အခါအားလျော်စွာ ဝန်ကြီးဌာနအမျိုးမျိုးနှင့် ၎င်းတို့၏သက်ဆိုင်ရာဌာနများမှ သတင်းအချက်အလက်များကို ကောက်ယူသည်။[၆] ဗဟိုစာရင်းအင်းအဖွဲ့မှ ရရှိသည့် လိုအပ်သည့်သတင်းအချက်အလက်၊ ပုံစံများနှင့် ပုံမှန်ထုတ်ဝေသည့် သတင်းအချက်အလက်အသေးစိတ်များကို ပူးတွဲအစည်းအဝေးများပြုလုပ်ခြင်းဖြင့် သဘောတူထားခြင်းဖြစ်သည်။ ဗဟိုစာရင်းအင်းအဖွဲ့တွင် လွတ်လပ်သည့်အချက်အလက်ကောက်ယူသည့်လုပ်ငန်းစဉ် မရှိသောကြောင့် အများပြည်သူသို့သတင်းအချက်အလက်မျှဝေရာတွင် သက်ဆိုင်ရာတာဝန်ရှိသည့်ဌာနများအပေါ်တွင် မှီခိုအားထားနေရသည်။

[၆] ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်တွင် ဗဟိုစာရင်းအင်းအဖွဲ့အရာရှိများနှင့် လူတွေ့မေးမြန်းခြင်း၊

နိုင်ငံတကာ လုပ်သားရွှေ့ပြောင်းသွားလာမှုနှင့်ပတ်သက်သည့် တိကျသည့် အချက်အလက် ရည်ညွှန်းချက်များနှင့် ပတ်သက်၍ ထုတ်ဝေထားသည့်အစီရင်ခံစာများတွင် ရရှိနိုင်သည့်အချက်အလက်များသည် အကန့်အသတ်ဖြင့်သာ ရှိနေသည်။ ဗဟိုစာရင်းအင်းအဖွဲ့သည် အလုပ်သမားနှင့် အလုပ်အကိုင်ရှာဖွေရေးရုံးများမှ ရရှိသည့်အချက်အလက်များမှ တစ်ဆင့် ပုံမှန်လစဉ်နှင့် နှစ်စဉ် နိုင်ငံအမျိုးမျိုးတွင် ရောက်ရှိနေသော ပြည်ပအလုပ်သမားအရေအတွက်ကို ဖော်ပြပေးလေ့ရှိသည်။ ဤအချက်အလက်များသည် ပုံမှန်လမ်းကြောင်းများမှ ရွှေ့ပြောင်းသွားလာသည့် အချက်အလက်များကိုသာ ဖော်ပြထားခြင်းဖြစ်သည်။ (ဇယား (၆) ကိုကြည့်ရှုပါ။)

## ဇယား (၆) အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၏ အလုပ်အကိုင်ဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ၊

| | ၂၀၁၅-၁၆ | | | ၂၀၁၆-၁၇ | |
|---|---|---|---|---|---|
| **ပြည်တွင်း** | Q3 | Q4 | Q1 | Q2 | Q3 |
| အသစ်မှတ်ပုံတင်ခြင်း | ၂၄၉၄၁၉ | ၂၉၆၈၅၈ | ၃၃၅၂၂၂ | ၂၇၆၄၄၈ | ၂၈၉၅၁၃ |
| လစ်လပ်အလုပ်အကိုင် | ၅၄၄၁၃ | ၅၅၉၀၂ | ၄၃၀၀၆ | ၅၂၁၁၈ | ၅၅၉၈၃ |
| လစ်လပ်နေရာများအတွက် လျှောက်ထားခြင်း | ၅၅၅၅၀ | ၅၆၈၁၇ | ၄၅၁၉၉ | ၅၅၀၅၀ | ၅၇၄၉၅ |
| အလုပ်နေရာချထားသည့် အရေအတွက် | ၅၃၇၆၃ | ၅၆၀၀၈ | ၄၂၅၀၂ | ၅၁၇၄၉ | ၅၅၃၇၁ |
| ရည်ညွှန်းကာလ အကုန်ပိုင်းတွင် မှတ်ပုံတင်သက်တမ်းရှိနေသည့် အရေအတွက်နှင့် ဆိုင်းငံ့အရေအတွက် | ၇၇၉၁၁၆ | ၈၆၆၉၂၀ | ၉၃၉၀၃၆ | ၉၆၁၉၄၆ | ၉၈၅၉၈၀ |
| **ပြည်ပအလုပ်သမား ၁** | Q3 | Q4 | Q1 | Q2 | Q3 |
| ထိုင်း | ၁၂၈၂၅ | ၁၉၂၉၃ | ၂၅၁၆၆ | ၃၁၄၂၇ | ၂၆၇၃၆ |
| မလေးရှား | ၁၁၄၁၉ | ၉၃၀၁ | ၈၃၀၈ | ၈၉၄၃ | ၇၃၆၈ |
| ကိုရီးယား | ၆၁၃ | ၈၀၆ | ၂၄၇၆ | ၁၅၀၀ | ၉၄၉ |
| စင်္ကာပူ | ၁၂၇ | ၁၆၈ | ၂၈၇ | ၈၇ | ၁၆၅ |
| ဂျပန် | ၅၄၅ | ၅၁၂ | ၆၀၂ | ၄၆၅ | ၈၀၅ |
| ယူအေအီး | ၄၅ | ၉၃ | ၈၉ | ၃၄ | ၅၅ |
| မကာအို (တရုတ်) | ၁ | - | - | - | - |
| လာအို | - | - | - | ၆၂ | - |
| အခြား | - | - | ၁၇ | ၁၀ | ၄၆ |
| စုစုပေါင်း | ၂၅၅၇၅ | ၃၀၁၇၃ | ၃၆၉၄၅ | ၄၂၅၂၈ | ၃၆၁၂၄ |

မှတ်စု - = (မရှိ)

[၁] ပြည်ပအလုပ်သမားများကို အလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီ ၂၅၇ ခုက ပို့ဆောင်ခဲ့သည်။

ရင်းမြစ် - CSO သုံးလပတ်စာရင်းအင်းစာစောင်၊ Q3, 2017

သုံးလပတ်စာရင်းအင်းစာစောင်၌ အလုပ်သမားနှင့် အလုပ်အကိုင်ကဏ္ဍပိုင်း (အခန်း ၇) အောက်တွင် ပြည်ပအလုပ်သမား(စုစုပေါင်း)အလုပ်နေရာချထားမှုနှင့်နိုင်ငံအမျိုးမျိုးတွင်ရောက်ရှိနေမှုနှင့်ပတ်သက်၍လစဉ်အချက်အလက်များကို ဖော်ပြထားပါသည်။ အဆိုပါအချက်အလက်များကို ယခင်ပြီးခဲ့သည့် ၂ နှစ်တာကာလရှိ အချက်အလက်များနှင့် နှိုင်းယှဉ်ဖော်ပြထားသောကြောင့် ရွှေ့ပြောင်းသွားလာသည့်လမ်းကြောင်းအမျိုးမျိုးတွင် ဦးတည်ရာလမ်းကြောင်း/အလားအလာများကို စိတ်ဖြာလေ့လာနိုင်ရန် အချက်အလက်အချို့ ရရှိစေပါသည်။

## ၂.၂.၂။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ဤဌာနသည် အလုပ်သမား၊ အလုပ်အကိုင်၊ လူမှုဖူလုံရေးနှင့် ရွှေ့ပြောင်းသွားလာခြင်းကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်သည့် စီမံအုပ်ချုပ်ရေးအဓိကဌာနတစ်ခုဖြစ်သည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန (MOLIP)အောက်ရှိအလုပ်သမားညွှန်ကြားရေးဦးစီးဌာန(DOL)၏ရွှေ့ပြောင်းလုပ်သားဌာနခွဲသည်လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်စပ်လျဉ်း၍ မူဝါဒရေးဆွဲဖော်ဆောင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အမျိုးမျိုးသော ဆောင်ရွက်ချက်များအား အကဲဖြတ်ခြင်းကို အဓိကဆောင်ရွက်သောဌာနတစ်ခုဖြစ်သည်။ MOLIP သည် ယာယီနိုင်ငံကူးလက်မှတ် (သို့) မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ်ထုတ်ပေးခြင်းဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတွင် ရှိနေသော ရွှေ့ပြောင်းသွားလာသူများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ကောက်ယူပါသည်။ Global New Light of Myanmar သတင်းအရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် ပြုလုပ်သည့် ၁/၂၀၁၈ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့အစည်းအဝေးတွင်၊ ထိုင်းနိုင်ငံ၌ရှိသော အထောက်အထားမဲ့ မြန်မာအလုပ်သမားပေါင်း ၁,၀၉၉,၅၈၆ ဦးကို မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ်(CI) ထုတ်ပေးပြီး ၎င်းတို့၏ ကိုယ်ရေး အချက်အလက်များကို စိစစ်မှတ်တမ်းတင်ကာ နေပြည်တော်ရှိ အမျိုးသားအချက်အလက်ဌာနတွင် သိမ်းဆည်းထားပြီး အခြားဌာနများကတောင်းဆိုလာပါက မျှဝေပေးနိုင်ကြောင်းကို ပြည်ထောင်စုဝန်ကြီးက ပြောဆိုခဲ့ပါသည်။ အစီရင်ခံစာ အရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်အထိတွင် အခြားပြည်ပအလုပ်သမား ၁,၂၆၅,၆၈၈ ဦးအတွက် အမျိုးအစားတူ အချက်အလက်များကိုလည်း ကောက်ယူခဲ့ပါသည်။

## ၂.၂.၃။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ

ပြည်နယ်နှင့် တိုင်းဒေသကြီးများအနှံ့တွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (LEO) ၇၈ ရုံး ရှိပါသည်။ LEO ရုံးများသည် ယေဘုယျအားဖြင့် DOL ၏အစိတ်အပိုင်းတစ်ခုအနေဖြင့် နယ်မြေအဆင့်တွင် ဆောင်ရွက်ပြီး ပြည်တွင်းနှင့် ပြည်ပ အလုပ်အကိုင်ရှာဖွေသူများအား မှတ်ပုံတင်ခြင်းနှင့် အလုပ်သမားကတ် ထုတ်ပေးခြင်း၊ အလုပ်အကိုင် သတင်းအချက်အလက်များပေးခြင်း၊ စက်ရုံ/အလုပ်ရုံစစ်ဆေးခြင်း၊ လူမှုဖူလုံရေး၊ အလုပ်သမားရေးရာအငြင်းပွားမှုများ ဖြေရှင်းခြင်း၊ အလုပ်သမားသမဂ္ဂ/အဖွဲ့အစည်းများအား မှတ်ပုံတင်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းဆောင်တာများအတွက် တာဝန်ယူဆောင်ရွက်လျက် ရှိသည်။

လက်ရှိတွင် LEO ရုံး ၁၁ ရုံး၌ ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ကူညီပေးရေးဗဟိုဌာန (MRC) များကို တည်ထောင်ထားရှိပြီး ပြည်ပသွားရောက်မည့် ရွှေ့ပြောင်းသွားလာသူများကို သတင်းအချက်အလက် ဖြန့်ဝေပေးခြင်းနှင့် ပံ့ပိုးပေးခြင်းများကို အဓိကဆောင်ရွက်သည်။ ရွှေ့ပြောင်းသွားလာနိုင်ချေရှိသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ မျှဝေခြင်း၊ ဆွေးနွေးလမ်းညွှန်မှုပေးခြင်း၊ အလုပ်အကိုင်ဆိုင်ရာ အကြံဉာဏ်များပေးခြင်းနှင့် ဆက်သွယ်ရမည့်လိပ်စာ၊ သတင်းအချက်အလက်မျှဝေပေးခြင်းကို ဆောင်ရွက်သည်။ မန္တလေး၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မြင်းခြံနှင့် ထားဝယ်၌ရှိသော LEO ရုံးများရှိ MRC များကို ILO က ကူညီပံ့ပိုးပေးပြီး ရန်ကုန်၊ မကွေး၊ ဘားအံ၊ မြဝတီ၊ မော်လမြိုင်နှင့် စစ်တွေ၌ရှိသော MRC များကို ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) က ကူညီပံ့ပိုးပေးပါသည်။ ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်၍ ဝန်ဆောင်မှုများကို ရယူရန်အတွက် MRC ဌာနများသို့ လာရောက်သူများကို စာရင်းရေးသွင်း မှတ်တမ်းတင်ထားသည်။ စာရင်းတွင် အမည်၊ လိပ်စာ၊ အသက်၊ ကျား/မနှင့် အလုပ်လုပ်ကိုင်ရန် သွားရောက်လိုသည့်နိုင်ငံ စသည့်အခြေခံအချက်အလက်များ ပါဝင်သည်။ ဝန်ဆောင်မှုရယူအသုံးပြုသူဦးရေ နည်းပါးကြောင်းနှင့် ထိုသို့နည်းပါးရခြင်းမှာ လူများသည် မိမိတို့ဆန္ဒအလျောက် အထွေထွေသတင်းအချက်အလက်များကို ရယူရန်အတွက် အစိုးရဝန်ဆောင်မှုဌာနများသို့ ဆက်သွယ်ချဉ်းကပ်သည့် အလေ့အထမရှိခြင်းနှင့် ဝန်ထမ်းများသည် ဆွေးနွေးလမ်းညွှန်မှုပေးသည့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးသည့် အလေ့အထမရှိခဲ့ခြင်းကြောင့် ဖြစ်သည်ဟု MRC ဝန်ထမ်းတစ်ဦးက သုံးသပ်ဆွေးနွေးခဲ့သည်။[၇]

၇ ၂၀၁၇၊ ဒီဇင်ဘာလ ၂၆ ရက်တွင် ရန်ကုန်၊ မရမ်းကုန်းမြို့၊ LEO ရှိ MRC တွင် လူတွေ့မေးမြန်းခဲ့ခြင်း။

အလုပ်ခန့်ထားမှုကန့်သတ်ရေးအက်ဥပဒေ (၁၉၅၉)အရ အလုပ်ရှင်များနှင့် အလုပ်သမားများသည် LEO ရုံးများတွင် မှတ်ပုံတင်ရမည်ဖြစ်ပြီး LEO ရုံးများက သင့်လျော်ရာအလုပ်အကိုင်များနှင့် ချိတ်ဆက်ပေးရမည်ဖြစ်သည်။ ဥပဒေအရ ဤနည်းလမ်းတစ်ခုတည်းသာ အလုပ်အကိုင်ကြော်ငြာခြင်းနှင့် အလုပ်အကိုင်ရှာဖွေခြင်း နည်းလမ်းဖြစ်သည်။ သို့သော် ယခုကာလများတွင် လူအများစုသည် တစ်ဆင့်စကားတစ်ဆင့်နားဖြင့်သော်လည်းကောင်း၊ ပွဲစားများ၊ အလုပ်အကိုင် ဝန်ဆောင်မှုအေဂျင်စီများ၊ အင်တာနက်မှတစ်ဆင့် ကြော်ငြာခြင်းများ၊ သတင်းစာများ၊ အလုပ်အကိုင်ကြော်ငြာရန်နှင့် ရှာဖွေရန် အခြားမီဒီယာများကို အသုံးပြုလာကြသည်။ လက်ရှိတွင် ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများသည် ရန်ကုန်တွင်သာ မှတ်ပုံတင်ခြင်း ပြုလုပ်နိုင်သော်လည်း ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၏ စည်းမျဉ်းစည်းကမ်းများ (၂၀၁၄) အရ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုအေဂျင်စီများသည် အလုပ်သမားများကို အလုပ်အကိုင်ရှာဖွေ ချိတ်ဆက်ပေးခွင့် ပြုထားသည်။

LEO အလုပ်အကိုင်မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များတွင် အမည်၊ အသက်၊ ကျား/မ၊ နေမြဲလိပ်စာ၊ ပညာရေး၊ ရှာဖွေသည့်အလုပ်အကိုင်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ပါဝင်ပါသည်။ LEO တွင် မှတ်ပုံတင်ပြီးလျှင် အလုပ်သမားဖြစ်လာနိုင်ချေရှိသူများကို အလုပ်သမားကတ် (တစ်နှစ်သက်တမ်း) ကို ထုတ်ပေးသည်။ ထိုကတ်သည် ၎င်းတို့အား အစိုးရရုံးတွင် မှတ်ပုံတင်ထားပြီးသူများအဖြစ်နှင့် အလုပ်အကိုင်ရှာဖွေသူများအဖြစ် အသိအမှတ်ပြုထားသောကတ် ဖြစ်သည်။ အလုပ်သမားဖြစ်လာနိုင်ချေ ရှိသူများသည် ထိုကတ်ကိုအသုံးပြု၍ အလုပ်လျှောက်ကြသည်။ LEO တွင် မှတ်ပုံတင်ထားရုံဖြင့် အလုပ်အကိုင် ရရှိမည်ဟု အာမခံထားခြင်း မရှိသော်လည်း အလုပ်အကိုင်ရှာဖွေသူများကို အစိုးရက အသိအမှတ်ပြုထားသည့်သဘောဖြစ်သည်။

ပြည်ပအလုပ်သမားများအား အလုပ်နေရာချထားခြင်းနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ပသို့သွားရန် ပြင်ဆင်နေသူများသည် LEO ရုံးတွင် ပြည်ပအလုပ်အကိုင်ရှာဖွေသူအဖြစ် မှတ်ပုံတင်ရမည် ဖြစ်သည်။ နိုင်ငံအတွင်း အလုပ်အကိုင်ရှာဖွေသူများနှင့် ရွှေ့ပြောင်းအလုပ်သမားများအကြား ကွဲပြားခြားနားစေရန် မှတ်ပုံတင်သည့်လူများကို ပြည်ပအလုပ်အကိုင်ရှာဖွေသူကတ် (Overseas Workers Job Seekers Card) ထုတ်ပေးခြင်းဖြစ်သည်။

LEO အရာရှိများ၏ ပြောကြားချက်အရ လစဉ် LEO တွင် ရရှိနိုင်သည့် အခြေခံအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

- နိုင်ငံအတွင်း မှတ်ပုံတင်ထားသည့် အလုပ်အကိုင်ရှာဖွေသူများ၏ အချက်အလက်များ (အစိုးရ (သို့) ပုဂ္ဂလိကကဏ္ဍ)
- နိုင်ငံပြင်ပ အလုပ်အကိုင်ရှာဖွေသူများ၏ အချက်အလက်များ၊
- မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ထားသော အလုပ်သမားများ၏ အချက်အလက်များ၊
- အစီရင်ခံကာလအတွင်း LEO မှတစ်ဆင့် အလုပ်အကိုင်ရရှိသော အလုပ်သမား အရေအတွက်စာရင်း၊

LEO သည် ဤအခြေခံသတင်းအချက်အလက်များကို DOL ၏ ပြည်ထောင်စုအဆင့် ညွှန်ကြားရေးမှူးချုပ်ရုံးသို့ လစဉ် တင်ပြရလေ့ရှိပြီး ဤအချက်အလက်များသည် DOL ၏ အလုပ်လက်ရှိ/အလုပ်လက်မဲ့ဆိုင်ရာ စာရင်းအင်းတွင် ဝင်ရောက်သွားပါသည်။

LEO သည် "အမျိုးသားအလုပ်အကိုင်စီမံခန့်ခွဲမှုစနစ်" အချက်အလက် ထည့်သွင်းရေးဆော့ဝဲကို အသုံးပြု၍ ဤအချက်အလက်များကို ထည့်သွင်းပြီး အချိန်နှင့်တပြေးညီ DOL သို့ ပေးပို့မှုဝေပါသည်။[၈] အချက်အလက်များကို ထည့်သွင်းပြီး နေ့စဉ် ကွန်ပြူတာစနစ်ဖြင့် သိမ်းဆည်းသည်ဟု ဆိုပါသည်။ LEO တွင် နေ့စဉ် ပျမ်းမျှအားဖြင့် အလုပ်သမား ၃၀ မှ ၅၀ ခန့် လာရောက်မှတ်ပုံတင်သည်ဟု သိရှိရပါသည်။ နိုင်ငံတကာ လုပ်သားရွှေ့ပြောင်းသွားလာမှုအတွက် LEO တွင် မှတ်ပုံမတင်မနေရ ဖြစ်သည်။ ပြည်ပအလုပ်အကိုင် ရှာဖွေသူများကို အမျိုးအစားခွဲခြားနိုင်ရန် သီးခြား ကုတ်နံပါတ်ကို အသုံးပြုသည်။

ထို့ကြောင့် ဤအချက်အလက်များသည် ပုံမှန်ပြည်ပအလုပ်အကိုင်ရှာဖွေသူများနှင့်ပတ်သက်၍ အခြေခံပထမအဆင့် အချက်အလက် ဒေတာဘေ့စ်ဖြစ်သည်ကို ရည်ညွှန်းနေပါသည်။

---

၈ ရန်ကုန်မြို့၊ မရမ်းကုန်းရှိ LEO ရုံးတွင် လူတွေ့မေးမြန်းခြင်း၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်။

အထက်တွင် တွေ့ရှိရသည့်အတိုင်း ပြည်ပအလုပ်အကိုင်ဆိုင်ရာ အချက်အလက်များကို နှစ်စဉ်စာရင်းအင်းစာစောင်တွင် ထုတ်ဝေဖော်ပြပါသည်။ ဇယားတစ်ခုတည်းတွင် ယခင်ငါးနှစ်တာကာလ အချက်အလက်များကို တစ်ပေါင်းတည်း ဖော်ပြထားပါသည်။ နှစ်စဉ်မြန်မာစာရင်းအင်းစာစောင် (၂၀၁၆) တွင် ဖော်ပြထားသည့် အချက်အလက်ကို အောက်ပါ ဇယား (၇)တွင် တွေ့နိုင်ပါသည်။ ရွှေ့ပြောင်းသွားလာရာနေရာများနှင့် အရေအတွက်ကို ဖော်ပြခြင်းနှင့်ပတ်သက်၍ ဗဟို စာရင်းအင်းအဖွဲ့က မျှဝေထားသော စုစည်းထားသည့်အချက်အလက်များသည် သိသာထင်ရှားမှုရှိသော်လည်း အချက် အလက်ရှားပါးမှုကြောင့် ထပ်မံစိတ်ဖြာလေ့လာရန် မဖြစ်နိုင်ပါ။ ထို့အပြင် ကျား/မ ခွဲခြားဖော်ပြထားခြင်းမရှိသောကြောင့် မူဝါဒရေးဆွဲဖော်ဆောင်ရန်အတွက် အသုံးပြုနိုင်ရန်မှာလည်း အကန့်အသတ်ဖြင့် ရှိနေပါသည်။

### ဇယား (၇) ဆိုက်ရောက်နိုင်ငံအလိုက်နှင့် ဘဏ္ဍာရေးနှစ်အလိုက်ဖော်ပြထားသော ပြည်ပတွင် လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများ - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန စာရင်းအင်း

| နိုင်ငံ | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ |
|---|---|---|---|---|---|---|
| စုစုပေါင်း | ၅၆၀၃ | ၂၈၃၄၇ | ၇၅၅၈၄ | ၆၁၆၄၅ | ၇၀၇၈၈ | ၁၀၅၆၁၆ |
| ထိုင်း | ၁၆၅၈ | ၁၂၈၂၇ | ၄၃၀၉၉ | ၃၃၁၇၂ | ၃၅၈၂၀ | ၆၂၃၈၀ |
| မလေးရှား | ၂၄၄၂ | ၁၂၄၆၉ | ၂၈၈၉၂ | ၂၃၂၄၃ | ၂၉၂၂၄ | ၃၅၉၆၇ |
| ကိုရီးယား | ၆၆၆ | ၂၃၄၈ | ၂၉၃၁ | ၄၃၆၆ | ၄၂၂၀ | ၄၈၇၀ |
| စင်္ကာပူ | ၆၈၇ | ၄၇၆ | ၆၀၅ | ၆၉၉ | ၄၉၃ | ၄၃၂ |
| ကာတာ | - | ၁၃ | ၂၉ | ၇၁ | - | - |
| ယူအေအီး | ၁၃၈ | ၁၈၉ | ၂၀ | ၁၂ | ၂ | ၁၇၀ |
| ကူဝိတ် | - | ၁၈ | - | - | - | - |
| ဂျပန် | ၁၂ | ၇ | ၈ | ၆၃ | ၈၇၅ | ၁၇၉၄ |
| ဟောင်ကောင် (တရုတ်) | - | - | - | ၁၉ | ၁၅၄ | ၁ |
| မကာအို (တရုတ်) | - | - | - | - | - | ၂ |

မှတ်စု - = (မရှိ)
ရင်းမြစ် - CSO၊ ၂၀၁၇၊ နှစ်စဉ်မြန်မာစာရင်းအင်းစာစောင်၊ ၂၀၁၆

## ၂.၂.၄။ ပြည်ပအလုပ်သမားမှတ်ပုံတင်ကတ် (OWIC)

ပုံမှန်ရွှေ့ပြောင်းသွားလာရန်အတွက် အလုပ်သမားများအနေဖြင့် ပြည်ပအလုပ်သမားမှတ်ပုံတင်ကတ် (OWIC)[၉] နှင့် အထက်တွင်ဖော်ပြခဲ့သည့် ပြည်ပအလုပ်အကိုင်ရှာဖွေသူကတ် (Overseas Workers Job Seekers Card) ရှိရန် လိုအပ်သည်။ OWIC နှင့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် စိစစ်ခြင်းကို သတ်မှတ်ထားသည့် DOL ရုံး သုံးနေရာဖြစ်သည့် - ရန်ကုန်၊ မြောက်ဒဂုံရှိ LEO ရုံး၊ မြဝတီရှိ LEO ရုံးနှင့် မန္တလေး၊ အောင်မြေသာဇံမြို့နယ်ရှိ အမှတ် (၂) စက်မှုသင်တန်းကျောင်း တို့တွင်သာ ဆောင်ရွက်သည်။

OWICကတ်တွင်အလုပ်သမား၏အခြေခံအချက်အလက်များ(အမည်၊အသက်၊ကျား/မ၊နိုင်ငံသားစိစစ်ရေးကတ်နံပါတ်၊ ဆိုက်ရောက်နိုင်ငံ၊ အလုပ်အကိုင်) ပါဝင်ပြီး ကတ်၏ကျောဘက်တွင် ဆိုက်ရောက်နိုင်ငံရှိ မြန်မာသံရုံး၏ အလုပ်သမား သံအရာရှိများ၏ ဆက်သွယ်ရမည့် တယ်လီဖုန်းနှင့် လိပ်စာများကို ဖော်ပြထားသည်။

၉ ဤကတ်ကို စမတ်ကတ် (Smart Card) အဖြစ် ရည်ညွှန်းလေ့ရှိသည်။

DOL ၏ အဆိုပါနေရာသုံးနေရာက လစဉ်အားဖြင့် ပြည်ပသို့သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများ၏ အခြေခံအချက်အလက်များကို စုစည်းကောက်ယူပြီး ရရှိလာသည့်အချက်အလက်များကို ပြည်ထောင်စုအဆင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (DOL) သို့ လစဉ် Excel စာရင်း (soft copy နှင့် hard copy) ဖြင့် တင်ပြပါသည်။ ဤသတင်း အချက်အလက်များကို ရွှေ့ပြောင်းအလုပ်သမားဌာနခွဲက အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ကို စိစစ်ဆောင်ရွက်ပေးပြီးနောက် LEO က လက်ခံရရှိသည့် အလုပ်သမားများစာရင်းနှင့် ပြန်လည်ချိန်ညှိနိုင်လျှင် အထူးကောင်းမွန်မည်ဖြစ်ပါသည်။

သို့သော် အလုပ်နေရာချထားသည့် ပြည်ပအလုပ်သမားများဆိုင်ရာ စာရင်းအင်းများနှင့်ပတ်သက်၍ အများပြည်သူသို့ ထုတ်ပြန်ရန် အချက်အလက်များမှာ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ ဝေမျှပေးသည့်အချက်အလက်များပေါ်တွင်သာ အခြေခံထားခြင်း ဖြစ်သည် (အထက်ပါ ဇယား(၇)ကိုကြည့်ရှုပါ။)

## ၂.၂.၅။ ဆိုက်ရောက်နိုင်ငံများတွင် မြန်မာနိုင်ငံက ထုတ်ပေးသော ယာယီနိုင်ငံကူးလက်မှတ်နှင့် မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ်

၂၀၀၄ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား လက်မှတ်ရေးထိုးသည့် MOU[၁၀] အရ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားလာခြင်းအတွက် တရားဝင်လမ်းကြောင်းများမှသွားလာရန် အားပေးဖြည့်ဆည်း ဆောင်ရွက်ခြင်းအပြင် ထိုင်းနိုင်ငံသို့ ပုံမှန်မဟုတ်သည့်လမ်းကြောင်းများမှ သွားရောက်အလုပ်လုပ်ကိုင်နေပြီးဖြစ်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအားလည်း နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ်ကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသည်။ ပထမဆုံးနိုင်ငံသား စိစစ်ရေးလုပ်ငန်းစဉ်ကို ၂၀၀၉ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ရွှေ့ပြောင်းသွားလာသူများကို မြန်မာနိုင်ငံမှ ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးခဲ့ပါသည်။ ယာယီနိုင်ငံကူးလက်မှတ်ရရှိသည့် ရွှေ့ပြောင်းသွားလာသူများအနေဖြင့် ထိုင်းနိုင်ငံတွင် ၂ နှစ်သက်တမ်းရှိ ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်ကို လျှောက်ထားရရှိနိုင်ပြီး သက်တမ်းပြည့်ပါက နောက်ထပ် ၂ နှစ် သက်တမ်းထပ်တိုးနိုင်ခွင့်ရှိသည်။ သက်တမ်း ၄ နှစ်ကုန်ဆုံးပြီးသော ရွှေ့ပြောင်းသွားလာသူများအနေဖြင့် မြန်မာနိုင်ငံသို့ပြန်လာရန်လိုပြီး ထိုင်းနိုင်ငံသို့ တဖန်ပြန်လည်သွားရောက်လုပ်ကိုင်ခြင်းမပြုမီ အနည်းဆုံးအားဖြင့် မြန်မာတွင် ၃ နှစ် နေထိုင်ရမည်ဖြစ်သည်။ ယာယီနိုင်ငံကူးလက်မှတ်သည် မြန်မာဥပဒေတွင် တရားဝင်ရပ်တည်ချက်မရှိပေ။ ယာယီနိုင်ငံကူးလက်မှတ်လျှောက်ထားပြီး ထိုင်းနိုင်ငံတွင် ၃ နှစ် လုပ်ကိုင်ခွင့်မရှိသော လူဦးရေ ၁.၂ သန်းရှိ ပထမအသုတ် ရွှေ့ပြောင်းသွားလာသူများသည် ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် နေထိုင်သက်တမ်း (၄ နှစ်) ပြည့်သည့်အချိန်တွင် ရွှေ့ပြောင်းသွားလာသူများအနေဖြင့် နိုင်ငံပြင်ပသို့ တစ်လ ပြန်လည်ထွက်ခွာရန် သတ်မှတ်ချက်ကို ထိုင်းအစိုးရက ဖြေလျှော့ရန် အဆိုပြုခဲ့သည်။ မြန်မာအစိုးရကလည်း ရွှေ့ပြောင်းအလုပ်သမားများအား ၎င်းတို့၏ သက်သေခံလက်မှတ်များနှင့် မိသားစုမှတ်ပုံတင်စာရွက်စာတမ်းများကို တင်ပြပြီး ပြည့်စုံသည့် နိုင်ငံကူးလက်မှတ်ပြုလုပ်၍ MOU သဘောတူညီမှုအောက်တွင်ပြန်လည်သွားရောက်လုပ်ကိုင်နိုင်သော ပုံမှန်ရွှေ့ပြောင်းအလုပ်သမားများအဖြစ် လုပ်ကိုင်သင့်ကြောင်း တိုက်တွန်းကြေငြာခဲ့ပါသည်။ ဤအစီအစဉ်များသည် ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် ပြင်ဆင်ရေးဆွဲသည့် MOU တွင် ပါဝင်ပြီးဖြစ်သည်။ ထိုင်းအစိုးရမူဝါဒအရ ထိုင်းနိုင်ငံတွင် လုပ်သက်သက်တမ်း (၄) နှစ် မပြည့်သေးသော (သို့) မှတ်ပုံမတင်ရသေးသော ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ပန်းရောင်ကတ်ကို လျှောက်ထားပြီး ထိုမှတစ်ဆင့် မြန်မာအာဏာပိုင်များထံတွင် မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် (CI) လျှောက်ထားရန် လိုအပ်သည်။ ပန်းရောင်ကတ်လျှောက်ထားရန် နောက်ဆုံးရက်မှာ ၂၀၁၈၊ မတ်လ ၃၀ ရက်နေ့ဖြစ်ပြီး CI လျှောက်ထားရန် နောက်ဆုံးရက်မှာ ၂၀၁၈၊ ဇွန်လ ၃၀ ရက်နေ့ ဖြစ်သည်။

မှတ်ပုံတင်လျှောက်ထားသည့်ကာလအတွင်း မြန်မာအစိုးရသည် ထိုင်းနိုင်ငံရှိ နေရာ ၉ နေရာ၌ CI စခန်းများ[၁၁] တည်ထောင်ဆောင်ရွက်ပေးသည့်အပြင် စက်ရုံများတွင်ရှိသည့် မြန်မာအလုပ်သမားများအတွက် ရွှေ့လျားစခန်းနှစ်ခုကိုလည်း ဆောင်ရွက်ပေးခဲ့သည်။[၁၂] ဤဝန်ဆောင်မှုများဖြင့် တစ်ရက် အလုပ်သမား ၉,၀၀၀ ခန့်ကို CI ထုတ်ပေးရန် မျှော်မှန်းဆောင်ရွက်ခဲ့သည်။ MOLIP အရာရှိတစ်ဦး ပြောဆိုချက်အရ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအထိတွင် ပုံမှန်မဟုတ်သည့်

၁၀ MOU ကို ၂၀၁၆ ဇွန်လတွင် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သည်။

၁၁ စမုစခွန်တွင် စခန်း ၂ ခု၊ စမုပရာကန်၊ မဲဆောက်၊ မယ်ဆိုင်၊ ရနောင်း၊ ချင်းမိုင်၊ ဆုန်ကလနှင့် နခွန်ဆာဝမ်တို့တွင် စခန်းတစ်ခုစီ။

၁၂ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်တွင် နေပြည်တော်၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ၌ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တွေ့ဆုံ မေးမြန်းခြင်း၊

ရွှေ့ပြောင်းသွားလာသူ ၂၃၀,၀၀၀ ကို CI များထုတ်ပေးထားပြီး အခြားအလုပ်သမားပေါင်း ၂၀၀,၀၀၀ ခန့်သည် ထိုသက်သေခံလက်မှတ်များကို ရရှိရန် လိုအပ်နေခဲ့သည်။[၁၃]

CI ရရှိပြီးသော အလုပ်သမားများ၏ အချက်အလက်များကို CI ထုတ်ပေးသည့်စခန်းများအားလုံးတွင် နေ့စဉ်၊ အပတ်စဉ်နှင့် လစဉ် ပုံမှန် ကောက်ယူစုစည်းပြီး DOL နှင့် ပြန်လည်မျှဝေပါသည်။ ဤသတင်းအချက်အလက်များကို အများပြည်သူ လေ့လာကြည့်ရှုနိုင်သည့်နေရာများတွင် ပြန်လည်စုစည်းဖော်ပြခြင်း မရှိပါ။ မြန်မာအစိုးရသည် CI မှတ်ပုံတင်လုပ်ငန်းစဉ်အတွက် ပုဂ္ဂလိကကုမ္ပဏီတစ်ခုကို သဘောတူငှားရမ်း ဆောင်ရွက်စေခဲ့သည်။ အလုပ်သမားများထံမှ လက်ခံရရှိသော အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက စိစစ်အတည်ပြုပါသည်။ လူဝင်မှုကြီးကြပ်ရေးဌာနသည် နိုင်ငံသားစိစစ်အတည်ပြုရန်အတွက် ရွှေ့ပြောင်းအလုပ်သမားများ၏လိပ်စာနှင့် ဌာန၏ခွင့်ပြုချက်အပေါ် အခြေခံ၍ CI ထုတ်ပေးရန်တွက် စိစစ်ခြင်းတို့ကို ဆောင်ရွက်သည်။[၁၄]

မလေးရှားနိုင်ငံသည်လည်း အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်ငံသားစိစစ်ခြင်း လုပ်ငန်းစဉ်နှင့် မြန်မာနိုင်ငံဘက်မှ CI ထုတ်ပေးရန်တို့ကို ခွင့်ပြုခဲ့ပါသည်။ မကြာသေးမီကဖြစ်သည့် မှတ်ပုံတင်ခြင်းကာလသည် ၂၀၁၈ ခုနှစ်၊ ဖွန်လတွင် ပြီးဆုံးခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးသည် မြန်မာနိုင်ငံသားများအတွက် နိုင်ငံကူးလက်မှတ်ထုတ်ပေးရန် တာဝန်ရှိသည်။ တစ်ဦးချင်းစီ၏ အချက်အလက်အသေးစိတ် (ပတ်စ်ပို့အမျိုးအစား၊ အမည်၊ မွေးသက္ကရာဇ်၊ ကျား/မ၊ မွေးဖွားရာနေရာ၊ နိုင်ငံသား၊ လိပ်စာ) တို့ကို စုစည်းခြင်း၊ စိစစ်အတည်ပြုခြင်းနှင့် နိုင်ငံကူးလက်မှတ်တွင် မှတ်တမ်းတင်ခြင်းများကို ပြုလုပ်သည် (ပြန်ကြားရေးဝန်ကြီးဌာန၊ ၂၀၁၆)။ ခရီးသွားလာရန် ရည်ရွယ်ချက်အပေါ် အခြေခံ၍ အစိုးရက နိုင်ငံကူးလက်မှတ် အမျိုးအစား ၉ မျိုးကို ထုတ်ပေးပါသည်။ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (PJ) ကို လျှောက်ထားရန် လိုသည်။[၁၅] နိုင်ငံကူးလက်မှတ်များကို အမျိုးအစားခွဲခြင်းသည် လုပ်ငန်းစဉ်ကို နှေးကွေးစေပြီး အကျင့်ပျက်ခြစားမှုကို ဖြစ်စေသည့်အပြင် ရွှေ့ပြောင်းသွားလာသူများနှင့်ဆိုင်သည့် အချက်အလက်များတွင်လည်း ရှုပ်ထွေးမှုများကို ဖြစ်စေသည်။ သို့သော်လည်း ဤနိုင်ငံကူးလက်မှတ်များအနေဖြင့် ပြည်ပအလုပ်အကိုင် လျှောက်ထားသည့် လုပ်ငန်းစဉ်အတွင်းရှိနေသောသူ အရေအတွက်နှင့် ပတ်သက်၍ ရှင်းလင်းသည့် သတင်းအချက်အလက်များကို ဖော်ပြသင့်ပါသည်။ ဆိုလိုသည်မှာ ဤရင်းမြစ်မှနေ၍ အများပြည်သူ ကြည့်ရှုလေ့လာနိုင်သည့် နေရာ/ဝက်ဆိုက်/သတင်းများတွင် မည်သည့် သတင်းအချက်အလက်မျှ မရနိုင်သေးပါ။

## ၂.၂.၆။ နယ်စပ်တွင် ကောက်ယူခြင်း

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်များအပါအဝင် တရားဝင်နယ်စပ်ဂိတ်များ၊ ပင်လယ်ဆိပ်ကမ်းများ၊ တရုတ်နယ်စပ်ဂိတ်များ (မူဆယ်၊ လွယ်ဂျယ်၊ ကံပိုက်တီး၊ ချင်းရွှေဟော်၊ ကျိုင်းတုံ)၊ ထိုင်းနယ်စပ်ဂိတ်များ (တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ မောတောင်၊ ထီးခီး)၊ ဘင်္ဂလာဒေ့ရှ် နယ်စပ်ဂိတ်များ (စစ်တွေ၊ မောင်တော)နှင့် အိန္ဒိယနယ်စပ်ဂိတ်များ (တမူး၊ ရိဒ်)တို့တွင် လူဝင်လူထွက်ကို မှတ်တမ်းယူပါသည်။ ဤအချက်အလက်များကို အများပြည်သူသို့ ထုတ်ပြန်ကြေငြာခြင်း မပြုပါ။

---

၁၃ Ibid.

၁၄ Ibid.

၁၅ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးအရ ပတ်စ်ပို့ ၉ မျိုးမှာ - PB – Business Passport; PT – Dependent Passport; PJ – Job Passport; PR – Religious Passport; PS – Seaman Passport; PE – Student Passport; PV – Visit Passport; PD – Diplomatic Passport နှင့် PO – Official Passport တို့ ဖြစ်သည် (Ministry of Information, 2016)။

## ၂.၂.၇။ အခြားစီမံခန့်ခွဲရေးဆိုင်ရာ ရင်းမြစ်များ

### (၁) မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF)[၁၆]

အေဂျင်စီ ၂၂၄[၁၇]ခု ပါဝင်သော အဖွဲ့ချုပ်ကြီးအဖြစ် ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သော MOEAF သည် ရွှေ့ပြောင်းသွားလာခြင်း လုပ်ငန်းစဉ်တွင် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်သည်။ အေဂျင်စီများသည် MOLIP တွင် လိုင်စင်ခွင့်ပြုချက် လျှောက်ထားရပြီး ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ (၁၉၉၉) နှင့် ၂၀၁၄ ခုနှစ် ဖွန်လတွင် ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရသည်။

ILO မှ နည်းပညာပံ့ပိုးမှုနှင့်အတူ MOEAF သည် အဖွဲ့ဝင်များ၏ စံချိန်စံညွှန်းများကို မြှင့်တင်ရန်၊ ရွှေ့ပြောင်းသွားလာခြင်း လုပ်ငန်းစဉ်တလျှောက်လုံးတွင် ကျင့်ဝတ်နှင့်အညီ လုပ်သားစုဆောင်းခြင်းနှင့် တာဝန်ယူဆောင်ရွက်ခြင်းများ ရှိစေရန် လိုက်နာရမည့်ကျင့်ဝတ်ကို ရေးဆွဲခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဖွန်လ အထိ အေဂျင်စီပေါင်း ၁၈၃ ခု သည် လိုက်နာရမည့် ကျင့်ဝတ်ကို သဘောတူလက်မှတ်ရေးထိုးပြီး ကျင့်ဝတ်နှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်မည် ဖြစ်ကြောင်းနှင့် လိုက်နာရမည့်ကျင့်ဝတ်နှင့်အညီ လုပ်ငန်းဆောင်ရွက်မှုများကို အဆင့်သတ်မှတ်ရန် လေ့လာစောင့်ကြည့်ရေးလုပ်ငန်း စဉ်တွင် ပါဝင်မည် ဖြစ်ကြောင်းကို ကတိကဝတ်ပြုခဲ့ကြပါသည်။

၂၀၁၆ ခုနှစ် အစောပိုင်းကာလအထိ MOEAF သည် ထိုင်းအလုပ်ရှင်များ၏ အလုပ်ခေါ်စာများကို လက်ခံစိစစ် ဆောင်ရွက်သော အဓိကအေဂျင်စီတစ်ခုဖြစ်သည်။ အဆိုပါအလုပ်ခေါ်စာများကို အစိုးရ၏ခွင့်ပြုချက် ရယူရန်အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန (MOLES) (ယခု MOLIP) ထံသို့ တဆင့်ပေးပို့ရသည်။ အလုပ်ခေါ်စာတွင် ကုမ္ပဏီကလိုအပ်သည့် အလုပ်သမားအရေအတွက်၊ အလုပ်အကိုင်အမျိုးအစား၊ အလုပ်အကိုင် စည်းကမ်းသတ်မှတ်ချက်များပါဝင်သည်။ ဤအချက်အလက်များကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကောက်ယူစုစည်းထားခဲ့သည်။ သို့သော် မြန်မာအစိုးရက ပြဌာန်းခဲ့သည့် စည်းမျဉ်းစည်းကမ်းအသစ်အရ ဤကျင့်သုံးဆောင်ရွက်မှုကို ရပ်နားခဲ့ရသည်။ စည်းမျဉ်း စည်းကမ်းအရ(MOEAF မပာတ်ဘဲ) အေဂျင်စီ တစ်ခုချင်းစီက အလုပ်ခေါ်စာများကို ရွှေ့ပြောင်းအလုပ်သမား ဌာနခွဲသို့ တိုက်ရိုက်ပေးပို့နိုင်သည် (စာအကွက် (၂) ကို ကြည့်ပါ)။ ထို့ကြောင့် MOEAF သည် မြန်မာနိုင်ငံမှ အလုပ်သမားများကို ခေါ်ယူလိုသည့် အလုပ်ခေါ်စာများအားလုံးကို သုံးသပ်ကြည့်ရှုနိုင်ခြင်း မရှိတော့ပါ။ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ (၁၉၉၉) အရ MOLIP နှင့် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအမျိုးမျိုးမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့က အလုပ်ခေါ်စာများကို စိစစ်ခွင့်ပြုချက်ပေးသည်။

---

၁၆ အောက်ပါ စိတ်ဖြာလေ့လာမှုများကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် MOEAF ကိုယ်စားလှယ်ဖြင့် လူတွေ့မေးမြန်းမှုအပေါ် အခြေခံထားခြင်း ဖြစ်သည်။

၁၇ လက်ရှိ စာတမ်းပြုစုသည့်အချိန်ထိ အဖွဲ့ဝင်အရေအတွက်မှာ ၂၅၉ ခု ဖြစ်သည်။

**စာအကွက် (၂) အချက်အလက်ကောက်ယူခြင်းနှင့်ပတ်သက်၍**
**ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများအတွက် စည်းမျဉ်းစည်းကမ်းပါ အချက်များ**

၁။ လိုင်စင်ရရှိရန်အတွက် ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီသည် အောက်ပါ စာရွက်စာတမ်းများကို တင်ပြရမည်ဖြစ်သည်။

(က) အလုပ်သမား၏ ကိုယ်ရေးအချက်အလက်များ၊
(ခ) အလုပ်သမား၏ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် မူရင်း(မြန်မာ၊ အင်္ဂလိပ်၊ အိမ်ရှင်နိုင်ငံ ဘာသာစကား)၊
(ဂ) ပြည်ပထွက်ခွာသည့်ရက်စွဲနှင့်တကွ ပြည်ပသို့စေလွှတ်ခဲ့သည့် အလုပ်သမားစာရင်း၊
(ဃ) အလုပ်သမားများထံမှ ဝန်ဆောင်ခ ကောက်ခံသည့် စာရွက်စာတမ်းများ၊
(င) အေဂျင်စီ၏ ဝင်ငွေခွန် ပေးဆောင်မှု၊
(စ) အေဂျင်စီမှတစ်ဆင့် မိသားစုထံသို့ လွှဲပို့ငွေ ပို့ပေးသော အလုပ်သမားစာရင်းနှင့် အချက်အလက်များ၊ (ပမာဏ၊ ရက်စွဲ၊ ဘဏ်စာရင်း)
(ဆ) အခါအားလျော်စွာ အလုပ်သမားဦးစီးဌာနက ထုတ်ပြန်သော ညွှန်ကြားချက်များအရ တင်ပြရမည့် အခြား လိုအပ်သည့် အချက်အလက်များ၊

၂။ ပြည်ပအလုပ်အကိုင်လိုင်စင်ရရှိသူသည်ဖော်ပြပါစာရွက်စာတမ်းများကိုပြည်ပသို့အလုပ်သမားစေလွှတ်ပြီး ၅ နှစ် အထိ ထိန်း သိမ်းထားရမည်ဖြစ်ပြီး တာဝန်ရှိသူများက တောင်းဆိုလာသည့်အခါတွင် အဆိုပါစာရွက်စာတမ်း များကို တင်ပြနိုင်ရမည် ဖြစ်သည်။

MOEAF သည် -

၁။ ပြည်ပတွင် အလုပ်နေရာချထားပေးပြီးသည့် အလုပ်သမားများစာရင်းကို ဦးစီးဌာနသို့ လစဉ် ပုံမှန် တင်ပြရမည်။

လိုင်စင်ရ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများသည် -

၁။ အလုပ်သမားစေလွှတ်ခွင့်ရရှိရန် အလုပ်သမားများစာရင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်၊ နိုင်ငံကူးလက်မှတ်မိတ္တူအပါအဝင် အခြားစာရွက်စာတမ်းများကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် MOEAF သို့ တင်ပြရမည်။

၂။ အလုပ်သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများ၏ အချက်အလက်အသေးစိတ်စာရင်းကို အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန (DOL) နှင့် ယင်းအလုပ်သမားများ အလုပ်သမားကတ် မှတ်ပုံတင်ခဲ့သည့် အလုပ်အကိုင် နှင့် အလုပ်သမားရှာဖွေရေးရုံးများ (LEO) သို့ အလုပ်သမားများ ပြည်ပသို့ ထွက်ခွာပြီးနောက် ၄၈ နာရီအတွင်း တင်ပြရမည်။ အကယ်၍ အေဂျင်စီက အကြောင်းတစ်စုံတစ်ရာကြောင့် အလုပ်သမားများကို ပြည်ပသို့ မပို့နိုင် လျှင်သော်လည်းကောင်း၊ အလုပ်သမားက စာချုပ်သက်တမ်းပြည့်၍ ပြန်လာလျှင်သော်လည်းကောင်း၊ စာချုပ် သက်တမ်းမပြည့်မီ အကြောင်းတစ်စုံတစ်ရာကြောင့် နေရပ်ပြန်လာလျှင်သော်လည်းကောင်း၊ ပြည်ပအလုပ်သမား မှတ်ပုံတင်ကတ်ကို ဦးစီးဌာနသို့ တစ်ပတ်အတွင်း ပြန်ပေးရန် အကူအညီပေးရမည်။

မှတ်စု။ ဆီလျော်အောင် ဘာသာပြန်ဆိုခြင်း

## (၂) ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများ[၁၈]

MOEAF အဖွဲ့ဝင်များဖြစ်သော လိုင်စင်ရ ပြည်ပအလုပ်အကိုင်အေဂျင်စီများသည် ပြည်ပအလုပ်သမားများကို အလုပ်နေရာချထားခြင်း ဆောင်ရွက်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ အလုပ်နေရာချထားမည့် အလုပ်သမားအရေအတွက်နှင့်စပ်လျဉ်း၍ အေဂျင်စီတစ်ခုချင်းစီ၏ အရွယ်အစားမှာ အမျိုးမျိုးကွဲပြားနိုင်ပါသည်။ မြန်မာနိုင်ငံမှ အကြီးဆုံး အေဂျင်စီတစ်ခုသည် ထိုင်းနိုင်ငံသို့ ခန့်မှန်းခြေအားဖြင့် အလုပ်သမားပေါင်း ၆၈၀၀ ခန့်ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ နှင့် ၂၀၁၇ ခုနှစ်၊ မတ်လအတွင်း ပို့ခဲ့သည်ဟု လူတွေ့မေးမြန်းခဲ့သည့် အေဂျင်စီကိုယ်စားလှယ်များက ပြောဆိုပါသည်။ အနည်းငယ်သော အလုပ်သမားအရေအတွက်ကို အခြားအေဂျင်စီများက ဂျပန်နှင့် ကာတာနိုင်ငံများသို့ ပို့ကြသည်။

အေဂျင်စီများသည် ၎င်းတို့ထံတွင် လာရောက်လျှောက်ထားသော ရွှေ့ပြောင်းအလုပ်သမားဖြစ်လာနိုင်သူများ၏ ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်းထားကြသည်။ ရွှေ့ပြောင်းအလုပ်သမားဖြစ်လာနိုင်သူအများစုသည် တစ်ဆင့်စကား တစ်ဆင့်နား (ယခင်က ပြည်ပ သွားရောက်လုပ်ကိုင်ဖူးသော အလုပ်သမားကပြောခြင်း) ဖြင့်သော်လည်းကောင်း၊ ပွဲစားများက ပြော၍သော်လည်းကောင်း အေဂျင်စီသို့ လာရောက်ကြခြင်း ဖြစ်သည်။ ဤလာရောက်သူများထဲမှ ပြည်ပအလုပ်ရှင်အတွက် သင့်လျော်မည့်သူများကို အေဂျင်စီက ရွေးချယ်ခြင်း ဖြစ်သည်။

ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများသည် ဖြစ်နိုင်ချေရှိသည့်အလုပ်သမားများ၏ အသေးစိတ် အချက်အလက်များ၊ အခြေခံအချက်များ(ကိုယ်ရေးအချက်အလက်များ)ကို မှတ်တမ်းယူပြီး ၎င်းတို့ကို စာရွက်(ဖိုင်တွဲ)ဖြင့် သိမ်းဆည်းခြင်းအပြင် ကွန်ပြူတာတွင်လည်း Excel ပုံစံဖြင့် သိမ်းဆည်းထားရှိသည်။ ဤအဆင့်တွင် သိမ်းဆည်းထားရှိသည့် အချက်အလက်များတွင် အမည်၊ အသက်၊ ကျား/မ၊ နေရပ်၊ ပတ်စ်ပို့အချက်အလက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်၊ လုပ်ငန်းအတွေ့အကြုံ၊ သွားရောက်လုပ်ကိုင်လိုသည့်နိုင်ငံ (သို့မဟုတ်) အလုပ်လုပ်ကိုင်ရမည့် နိုင်ငံတို့ ပါဝင်သည်။

ပြည်ပအလုပ်ရှင်များ (သို့မဟုတ်၊ ၎င်းတို့၏ ကိုယ်စားလှယ်) သည် အလုပ်သမားများကို လူတွေ့မေးမြန်းပြီး မှတ်ပုံတင်ထားသည့် အလုပ်သမားများထဲမှ သင့်လျော်သူများကို ရွေးချယ်ကြသည်။ ထို့နောက် အေဂျင်စီသည် အလုပ်သမားများအား အလုပ်နေရာချထားရန် လိုအပ်သည့်စာရွက်စာတမ်း ပြုလုပ်သည့်လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ကြသည်။ ဤလုပ်ငန်းစဉ်တွင် အေဂျင်စီများက အလုပ်သမားများအတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (EC)၊ ပြည်ပအလုပ်သမားမှတ်ပုံတင်ကတ် (OWIC)၊ ပြည်ပမထွက်ခွာမီသင်တန်းတို့ ရရှိစေရန် ဆောင်ရွက်ပေးရသည်။ ဤလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အလုပ်သမားဖြစ်လာမည့်သူ၏ အချက်အလက်များကို အေဂျင်စီ၊ ဒေသန္တရ LEO ရုံးအပြင် DOL ၏ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲတို့တွင် မှတ်တမ်းတင်ထားသည်။ ပညာရေးနှင့်ပတ်သက်၍ ရွှေ့ပြောင်းအလုပ်သမားများ၏ ၃၀-၅၀ ရာခိုင်နှုန်းမှာ အခြေခံပညာရေးအဆင့်၊ ၂၅ ရာခိုင်နှုန်းမှာ အလယ်တန်းအဆင့်နှင့် ၁၀-၂၀ ရာခိုင်နှုန်းမှာ အထက်တန်းအဆင့်ရှိကြောင်း အေဂျင်စီတစ်ခုက ပြောပါသည်။ ပြည်ပ မထွက်ခွာမီ ကျန်းမာရေးစစ်ဆေးရာတွင် ၁ ရာခိုင်နှုန်းသည် စိတ်ကျန်းမာရေး အောင်မြင်မှု မရှိပါ။ ၁၀-၁၅ ရာခိုင်နှုန်းသည် ကိုယ်ခန္ဓာကျန်းမာရေး အောင်မြင်မှု မရှိပါ။ အဘယ်ကြောင့်ဆိုသော် အများအားဖြင့် အသည်းရောင်အသားဝါ (B)၊ တီဘီနှင့် လိင်မှ တဆင့်ကူးစက်သောရောဂါများ ရှိခြင်းကြောင့် ဖြစ်သည်။

အေဂျင်စီတစ်ခုချင်းစီသည် အလုပ်နေရာချထားပြီးသည့် အလုပ်သမားများ၏ သတင်းအချက်အလက်များကို သတ်မှတ်ပုံစံဖြင့် အစိုးရသို့ လစဉ်ပေးပို့ရန် တာဝန်ရှိသည်။ ပေးပို့လာသည့် ထိုအချက်အလက်များကို DOL ၏ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲက စုစည်းထားရှိသည်။ သတ်မှတ်ပုံစံတွင် အမည်၊ ကျား/မ၊ အသက်၊ အလုပ်အကိုင်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ လုပ်သားလက်ခံသည့်နိုင်ငံ၏ ကုမ္ပဏီအမည်နှင့် လိပ်စာတို့ ပါဝင်သည်။[၁၉]

---

၁၈ အောက်ပါ စိတ်ဖြာလေ့လာမှုများကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် MOEAF ကိုယ်စားလှယ်ဖြင့်လည်းကောင်း၊ ဇန်နဝါရီလ ၁၂ ရက်တွင် ပြည်ပအလုပ်အကိုင်အေဂျင်စီနှစ်ခုဖြင့်လည်းကောင်း လူတွေ့မေးမြန်းမှုများအပေါ်တွင်အခြေခံထားခြင်းဖြစ်သည်။

၁၉ တွေ့ဆုံမေးမြန်းခဲ့သည့် အေဂျင်စီက မျှဝေပြောကြားသည့်အချက်/ပုံစံအပေါ် အခြေခံ၍ တင်ပြခြင်း ဖြစ်သည်။

အလုပ်နေရာချထားပြီးသည့် ပြည်ပအလုပ်သမားအရေအတွက်နှင့်ပတ်သက်၍ လစဉ် DOL က စုစည်း ကောက်ယူသော အချက်အလက်များသည် အခြေခံအားဖြင့် အေဂျင်စီများမှ ပေးပို့တင်ပြလာသည့် အချက်အလက်များဖြစ်သည်။ ပြည်ပ အလုပ်သမားများနှင့်ပတ်သက်၍ အေဂျင်စီများက ပေးပို့သည့် သတင်းအချက်အလက်များမှာ အသေးစိတ်ဖြစ်သော်လည်း တစ်နိုင်ငံချင်းစီတွင် လုပ်ကိုင်နေသည့် အလုပ်သမားအရေအတွက် စုစုပေါင်းကိုသာလျှင် အများပြည်သူလေ့လာ သိရှိရန် ဗဟိုစာရင်းအင်းအဖွဲ့က တင်ပြထားသည် (အထက်ပါ ဇယား (၆) နှင့် (၇) ကို ကြည့်ရှုပါ)။

အလုပ်ခေါ်စာအချက်အလက်များနှင့် အမှန်တကယ်အလုပ်ခန့်ထားသည့်အရေအတွက်ကို နှိုင်းယှဉ်တိုက်ဆိုင် စစ်ဆေးခြင်းဖြင့် အလုပ်နေရာချထားသည့် အလုပ်သမားအရေအတွက်ကို ကိုက်ညီစစ်ဆေးနိုင်ပါသည်။ ဤအဆင့်သည် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် အလုပ်သမားလိုအပ်ချက်နှင့် ဖြည့်တင်းပေးနိုင်မှု ဟန်ချက်ညီဖြစ်စေရန်အတွက် မှန်ကန်သောအချက်အလက် ရရှိနိုင်သည့်အပြင် ပို၍ စနစ်တကျစီမံကိန်းရေးဆွဲနိုင်ရန် အထောက်အကူပြုနိုင်သောကြောင့်ဖြစ်သည်။ လိုအပ်ချက်နှင့် ဖြည့်တင်းပေးနိုင်မှုအား ဤကဲ့သို့ ချိန်ညှိသုံးသပ်ခြင်းကို အလုပ်အကိုင် ဝန်ဆောင်မှု အေဂျင်စီ တစ်ခုချင်းစီက ၎င်းတို့၏ ကိုယ်ပိုင်လုပ်ငန်း အစီအစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။ သို့သော်ငြားလည်း ဤကဲ့သို့ကျင့်သုံးမှုကို အားလုံးပေါင်းစည်းဆောင်ရွက်သည့်အဆင့် (အေဂျင်စီများဖြင့်သော်လည်းကောင်း၊ အစိုးရဖြင့်သော်လည်းကောင်း)တွင် မတွေ့ရသေးပါ။ အဆိုပါအချက်အလက်များကို ပေါင်းရုံးစုစည်းပြီး ထိထိရောက်ရောက် ဆောင်ရွက်မည်ဆိုပါက ပို၍အသေးစိတ်ဖြစ်သော လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ခန့်မှန်းတွက်ချက်မှုကို ပြုလုပ်နိုင်မည် ဖြစ်သည်။

အေဂျင်စီများနှင့်ဆက်သွယ်မေးမြန်းချက်အရ မိမိတို့ဝန်ဆောင်မှုပေးနေသည့် ပြည်ပအလုပ်ရှင်၏ လူ့စွမ်းအားအရင်းအမြစ်ဌာန (HR) ကပေးပို့လာသော အချက်အလက်များကို အသုံးပြု၍ အလုပ်သမားများအား အလုပ်အကိုင်နေရာချထားမှုနှင့်ပတ်သက်ပြီး ကာလလတ်နှင့် ကာလရှည် ခန့်မှန်းချက်များကို အေဂျင်စီများက ပြုလုပ်ကြသည်။ အလုပ်သမားလိုအပ်ချက်ကို အစားထိုးဖြည့်ဆည်းမှု၊ ကုန်ထုတ်စွမ်းအားနှင့်ပတ်သက်၍ အလုပ်ရှင်များ၏ လုပ်ငန်းအစီအစဉ်များ ချဲ့ထွင်မှုနှင့် စီးပွားရေးလုပ်ငန်းဆောင်တာများကို အေဂျင်စီများအား မျှဝေသိရှိစေသည်။ ဤကဲ့သို့ သတင်းအချက်အလက်မျှဝေခြင်းများကို အလွတ်သဘောဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး လုပ်သားလက်ခံသည့်နိုင်ငံရှိ ကုမ္ပဏီနှင့် လုပ်သားစုဆောင်းသည့်အေဂျင်စီအကြား ယုံကြည်မှုအပေါ် အခြေခံ၍ သတင်းမျှဝေပေးခြင်းဖြစ်သည်။

ထို့အပြင် အချို့အေဂျင်စီများသည် ၎င်းတို့အလုပ်နေရာချထားပေးသည့် အလုပ်သမားများရှိသည့် သက်ဆိုင်ရာကုမ္ပဏီများ၏ လူ့စွမ်းအားအရင်းအမြစ်ဌာန(HR)သို့ဆက်သွယ်၍ ပြည်ပသို့စေလွှတ်ထားသည့် အလုပ်သမားများ၏ အခြေအနေကိုလည်း စုံစမ်းကြသည်။ အီးမေးလ်အပြင် အခြားအီလက်ထရောနစ် ဆက်သွယ်ရေးစနစ်များဖြင့် ဆက်သွယ်ခြင်းဖြစ်သည်။ အရေးပေါ်အခြေအနေတွင် အကူအညီရှာဖွေနိုင်ရန် (လုပ်သား လက်ခံသည့်နိုင်ငံရှိ ၎င်းတို့၏ သက်ဆိုင်ရာ အေဂျင်စီများ) အေဂျင်စီများနှင့်ဆိုင်သည့် အရေးပေါ်ဖုန်းနံပါတ်များကိုလည်း အလုပ်သမားများအားပေးထားသည်။

အချို့အေဂျင်စီများသည် ပြည်ပတွင် အလုပ်အကိုင်နှင့်စာချုပ်သက်တမ်း ကုန်ဆုံး၍ နေရပ်ပြန်လာသော အလုပ်သမားများကို စုံစမ်းလေ့လာပြီး ၎င်းတို့၏ အချက်အလက်အသေးစိတ်ကို ရွှေ့ပြောင်းအလုပ်သမားဌာနခွဲသို့ အစီရင်ခံတင်ပြကြသည်။ သို့သော်လည်း အားလုံးက ကျယ်ကျယ်ပြန့်ပြန့် လိုက်နာဆောင်ရွက်ခြင်း မရှိသေးပါ။

## (၃) လုပ်သားစုဆောင်းခဆိုင်ရာ အချက်အလက်

ILO ၏ ပုဂ္ဂလိကအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၉၇ (အမှတ် ၁၈၁) ၏ အပိုဒ် (၇) အရ ပုဂ္ဂလိကအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများသည် အလုပ်သမားများထံမှ မည်သည့်အခကြေးငွေ (သို့မဟုတ်) ကုန်ကျစရိတ်များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ကောက်ခံခြင်း မပြုရဟု ပြဋ္ဌာန်းထားပါသည်။ ပြဋ္ဌာန်းချက်တွင် ခြွင်းချက်အခြေအနေများကို ဖော်ပြထားပြီး ထိုခြွင်းချက်များကိုလည်း အလုပ်သမား၊ အလုပ်ရှင်ကိုယ်စားလှယ်များဖြင့် ဆွေးနွေးညှိနှိုင်းသဘောတူညီမှုဖြင့်သာ ပြုလုပ်ရန်နှင့် မည်သည့် ခြွင်းချက်မဆို ILO သို့ အစီရင်ခံတင်ပြရမည် ဖြစ်သည်။ မြန်မာနိုင်ငံသည် ပြဋ္ဌာန်းချက် (အမှတ် ၁၈၁) ကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံမဟုတ်သော်လည်း အဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် လမ်းညွှန်ချက် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေနှင့်အတူ ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းများအရ လုပ်သားစုဆောင်းခသည်အခြေခံလစာ ၄လစာထက် (သို့) MOLIPက ထုတ်ပြန်သောညွှန်ကြားချက်များအရ သတ်မှတ်ထားသည့်နှုန်းထားထက် ပိုမကောက်ခံသင့်ကြောင်း ဖော်ပြထားသည်။ သို့သော်လည်း အလုပ်သမားအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် MOLIP ၏ တိုင်ကြားမှုယန္တရားများသို့ ရောက်ရှိလာသည့် တိုင်ကြားမှုအများစုမှာ လုပ်သားစုဆောင်းသည့် အေဂျင်စီများက အခကြေးငွေ ပိုမိုကောက်ခံသည့်အမှုများ ဖြစ်သည်။ တိုင်ကြားမှုယန္တရားတွင် လက်ခံရရှိသည့် တိုင်ကြားမှုအမျိုးအစား၊ အရေအတွက်နှင့်ဆိုင်သည့် အခြေခံအချက်အလက်များကိုသာ မှတ်တမ်းတင်ထားသော်လည်း ကျား/မ ခွဲခြားဖော်ပြထားခြင်း မရှိသည့်အပြင် သင့်လျော်သည့်နည်းလမ်းဖြင့် စိစစ်စိတ်ဖြာလေ့လာနိုင်ရန်အတွက်လည်း အသေးစိတ်အချက်အလက်များကို လုံလောက်စွာ ဖြည့်သွင်းထားခြင်း မရှိပါ။ MOLIP တိုင်ကြားမှုယန္တရားတွင် လိုင်စင်ဆိုင်းငံ့ခံထားရသည့် အေဂျင်စီများနှင့် ဥပဒေစည်းကမ်းချိုးဖောက်မှုကြောင့် အမည်ပျက်စာရင်းသွင်းခြင်း ခံထားရသော အေဂျင်စီများစာရင်းကို မှတ်တမ်းတင်ထားပါသည် (တိုင်ကြားမှုယန္တရားမှ စာရင်းအင်း/အချက်အလက်များကို နောက်ဆက်တွဲ ၄ တွင် ကြည့်ရှုပါ)။ တိုင်ကြားမှုယန္တရားအတွက် ပိုမိုကောင်းမွန်သည့် အချက်အလက်ကောက်ယူစုစည်းသည့် စနစ်ကို MOLIP သည် ILO နှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

MOEAF ၏ လိုက်နာရမည့်ကျင့်ဝတ်ကို လက်မှတ်ရေးထိုးပြီးသည့် အေဂျင်စီများအနေဖြင့် ကုန်ကျစရိတ်နှင့် အခကြေးငွေများကို ရှင်းလင်းစွာ ခွဲခြားဖော်ပြရန်နှင့် နမူနာပြေစာကို တင်ပြရန် လိုအပ်သည်။ စောင့်ကြည့်လေ့လာမှုနှင့် အဆင့်သတ်မှတ်ခံရမည့် အေဂျင်စီများအားလုံးက အလုပ်သမားနှင့် အလုပ်ရှင်များအား ကောက်ခံသည့် အခကြေးငွေ စာရင်းအထောက်အထားများကိုတင်ပြရန် လိုအပ်သောကြောင့် လိုက်နာရမည့်ကျင့်ဝတ်အရ ဖွဲ့စည်းထားသည့် ကျင့်ဝတ်လိုက်နာခြင်းနှင့် ကြီးကြပ်စစ်ဆေးရေးကော်မတီ (CCMC) သည် လုပ်သားစုဆောင်းခများနှင့်ပတ်သက်သည့် ထင်ရှားသည့် အချက်အလက်များကိုလည်း ကောက်ယူနိုင်ပါသည်။

## ၂.၂.၈။ အနှစ်ချုပ်

ပုံမှန် ရွှေ့ပြောင်းသွားလာမှုနှင့်စပ်လျဉ်း၍ အလုပ်သမားများအား အလုပ်နေရာချထားခြင်း လုပ်ငန်းစဉ်တစ်လျှောက်တွင် ရွှေ့ပြောင်းအလုပ်သမားများ၏ အချက်အလက်များကို အေဂျင်စီ အဖွဲ့အစည်းအမျိုးမျိုး( DOL ၊ လူဝင်မှုကြီးကြပ်ရေး၊ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများ)က ကောက်ယူပါသည်။ သို့သော်လည်း ၎င်းတို့ နေရပ်ပြန်လာခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ကောက်ယူမှု နည်းပါးပါသည်။ ရွှေ့ပြောင်းအလုပ်သမားများ၏ အချို့သော ကိုယ်ရေးအချက်အလက်ဆိုင်ရာ အချက်အလက်များကို ကောက်ယူနေဆဲဖြစ်သလို အချို့သော အချက်အလက်များကိုလည်း ကြိမ်ဖန်များစွာ ကောက်ယူခြင်း ရှိပါသည်။ သို့သည်လည်း အချက်အလက်များကို အပြန်အလှန်စိစစ်ခြင်း မရှိသလို အများပြည်သူသို့လည်း ထုတ်ပြန်ခြင်း မရှိပါ။ ဤအချက်အလက်များကို သက်ဆိုင်ရာဌာနအတွင်းသာ မူဝါဒရေးဆွဲရန် အသုံးပြုခြင်းဖြစ်သည်။ အချက်အလက်များ ပြန်လည်ဖြန့်ဝေခြင်းတွင် အကန့်အသတ်များရှိသောကြောင့် အလုပ်သမားများ၊ အလုပ်ရှင်များအပါအဝင် အခြားပါဝင်သက်ဆိုင်သူများအနေဖြင့် အထောက်အကူပြုမည့် သတင်းအချက်အလက်များကို မသိရှိနိုင်သဖြင့် ၎င်းတို့၏ မူဝါဒရေးဆွဲချမှတ်ခြင်းနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အကြံပြုချက်များပေးခြင်းကို ထိခိုက်စေနိုင်ပါသည်။

## ၂.၃။ စစ်တမ်းများ

ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်နှင့် စာရင်းအင်းများကို လက်တွေ့မြေပြင်လေ့လာမှုများ၊ စစ်တမ်းများဖြင့် ကောက်ယူခြင်းဖြစ်ပြီး ယေဘုယျအားဖြင့် ILO၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်နှင့် ကမ္ဘာ့ဘဏ်တို့၏ပံ့ပိုးမှုနှင့်အတူ အစိုးရက ဆောင်ရွက်ပါသည်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အချက်အလက်စုစည်းကောက်ယူခြင်းဆိုင်ရာ စွမ်းဆောင်ရည် တိုးပွားစေရန် အစိုးရအတွင်း လုပ်ပိုင်ခွင့် တစ်စိတ်တစ်ဒေသအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။ အဆိုပါ စစ်တမ်းများအတွက် ဗဟိုစာရင်းအင်းအဖွဲ့ (CSO) သည် နည်းပညာဆိုင်ရာလမ်းညွှန်မှုနှင့် အရည်အသွေးပိုင်း စစ်ဆေးမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးပါသည်။

ရွှေ့ပြောင်းသွားလာခြင်းနှင့် အိမ်ထောင်စုများ၏ ဆက်စပ်ကိစ္စရပ်များနှင့်ပတ်သက်၍ ပိုမိုအသေးစိတ်ကျသည့် သတင်းအချက်အလက်များကို ကောက်ယူနိုင်ခြင်းကြောင့် ထိုစစ်တမ်းများသည် အရေးပါသည့်ရင်းမြစ်များ ဖြစ်ပါသည်။ အိမ်ထောင်စုပိုင်း ရှုထောင့်မှကြည့်လျက် ရွှေ့ပြောင်းသွားလာခြင်းသွင်ပြင်လက္ခဏာအမျိုးမျိုးနှင့် ပတ်သက်ဆက်နွယ်မှု ရှိကာ၊ ရွှေ့ပြောင်းသွားလာခြင်းဖြစ်စေသည့် အိမ်ထောင်စုအခြေအနေများနှင့် အကြောင်းရင်းများကို အသေးစိတ် ဖော်ပြပေးသည်။

လူဦးရေဆိုင်ရာနှင့် ကျန်းမာရေးစစ်တမ်းများ၊ လုပ်သားအင်အားစစ်တမ်းများ၊ လူနေမှုအဆင့်အတန်း တိုင်းတာမှု စစ်တမ်းများသည် အရေးပါသော အိမ်ထောင်စုစစ်တမ်းများဖြစ်ပြီး ပြည်သူလူထုအပေါ် လူမှုစီးပွားနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အကျိုးသက်ရောက်မှုများကို နားလည်သိမြင်မှု ပိုမိုတိုးပွားလာစေရန် နိုင်ငံအများစုတွင် ပုံမှန် ဆောင်ရွက်လေ့ ရှိသည်။ ဖြစ်နိုင်ပါက အဆိုပါစစ်တမ်းများတွင် ရွှေ့ပြောင်းသွားလာခြင်းနှင့်သက်ဆိုင်သည့် မေးခွန်းများ ထည့်သွင်းသင့်ပါသည်။ ရွှေ့ပြောင်းသွားလာခြင်း အတွေ့အကြုံအခြေအနေများကို နားလည်သိမြင်နိုင်ရန် သတ်မှတ်ချက်ဘောင်အမျိုးမျိုး အပေါ် အလေးထားဦးတည်လျက် ပြည်ပထွက်ခွာ (သို့မဟုတ်) ဆိုက်ရောက်နေရာများတွင် ရွှေ့ပြောင်းသွားလာသူများ (သို့မဟုတ်) နေရပ်ပြန်လာသူများကို မေးမြန်း စစ်တမ်းကောက်ယူနိုင်ပါသည်။

## ၂.၃.၁။ လုပ်သားအင်အား စစ်တမ်း

၂၀၁၅ ခုနှစ်တွင် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်းတို့ အပေါ် အဓိကထားကောက်ယူသည့် လုပ်သားအင်အားစစ်တမ်းဆောင်ရွက်ခြင်းတွင် ILO သည် DOL ကို ကူညီပံ့ပိုးပေး ခဲ့ပါသည်။ အချက်အလက်များကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အကြားကာလတွင် ကောက် ယူခဲ့သည်။ စစ်တမ်းတွင် အိမ်ထောင်စုဝင်များ၏ အခြေအနေနှင့် လက္ခဏာရပ်များ၊ ပြည်ပရွှေ့ပြောင်းသွားလာခြင်းနှင့် သက်ဆိုင်သည့် အချို့အချက်အလက်များ ပါဝင်ပါသည်။ စစ်တမ်းအစီရင်ခံစာ၌ ပြည်ပတွင်ရောက်ရှိနေထိုင်သည့် အိမ်ထောင်စုဝင် ခန့်မှန်းခြေအရေအတွက်၊ ပြည်ပတွင်ရောက်ရှိနေသည့် ကာလကြာချိန်၊ အသက်၊ ကျေးလက်-မြို့ပြနှင့် ပြည်နယ်/တိုင်းဒေသကြီးများရှိ ရွှေ့ပြောင်းသွားလာသူအမျိုးအစား၊ ၎င်းတို့၏ ဆိုက်ရောက်ရာနိုင်ငံများ၊ ကျား/မ ခွဲခြား ဖော်ပြမှုနှင့်အတူ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အမျိုးအစားနှင့် လွှဲပို့ငွေအချက်အလက်များကို ဖော်ပြထား ပါသည် (CSO, 2016)။

မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်း (၂၀၁၅) တွင် ပြည်ပ၌ နေထိုင်ကြသူများ (ရွှေ့ပြောင်းသွားလာသူများ) နှင့်သက်ဆိုင်သည့် မေးခွန်းများ ပါဝင်ပါသည်။ ဤအချက်အလက်များကို အဓိကစစ်တမ်းဖြေဆိုသူများဖြစ်သော အိမ်ထောင်ဦးစီးများထံမှ ရယူခဲ့ခြင်းဖြစ် သည်။ အောက်ပါမေးခွန်းများသည် ရွှေ့ပြောင်းသွားလာခြင်းနှင့် သက်ဆိုင်သည့် စစ်တမ်းမေးခွန်းပုံစံများဖြစ်ပြီး ဖြစ်နိုင် ခြေရှိသည့်အဖြေများကို လက်သည်းကွင်းအတွင်း ထည့်သွင်းဖော်ပြထားသည်။

မေးခွန်း(၂၀)။ ဤအိမ်ထောင်စုရှိ မိသားစုဝင်များအနက် ပြည်ပသို့ ၆ လအထက် ရောက်ရှိနေသောသူ ရှိပါသလား။ [ရှိ/မရှိ]

မေးခွန်း(၂၁)။ ပြည်ပတွင် လက်ရှိနေထိုင်လျက်ရှိသည့် မိသားစုဝင် ဘယ်နှစ်ဦး ရှိပါသနည်း။ [အရေအတွက်] ထိုမိသားစုဝင်များနှင့်ပတ်သက်၍ အောက်ပါအချက်အလက်များကို ဖြည့်ပါ။

ဂ(၃)။ ကျား (သို့) မ ဖြစ်ပါသလား။ [၁=အမျိုးသား၊ ၂= အမျိုးသမီး]

ဂ(၄)။ ပြီးခဲ့သည့်မွေးနေ့တွင် ရောက်ရှိခဲ့သည့် အသက်အရွယ်၊ [ပြည့်သည့်ခုနှစ်တွင် အသက် အရွယ်ကို မှတ်တမ်းတင်ရန်]

ဂ(၅-၆)။ မည်သည့်ခုနှစ်/လတွင် နိုင်ငံမှ ထွက်ခွာခဲ့သနည်း။ [.. နှစ်၊ ..လ]

ဂ(၇-၈)။ လက်ရှိ မည်သည့်နိုင်ငံတွင် နေထိုင်နေသနည်း။ [နိုင်ငံအမည်နှင့် နိုင်ငံကုတ် နံပါတ်]

၈(၉)။ ပြည်ပသို့သွားရသည့် အဓိက အကြောင်းရင်းမှာ အဘယ်နည်း။ [ ၁ = အလုပ်အကိုင်/ စီးပွားရေးလုပ်ငန်းရှာဖွေရန်၊ ၂ = အလုပ်စတင်လုပ်ကိုင်ရန်၊ ၃ = အလုပ်ပြောင်းရန်၊ ၄ = ပညာသင်ရန်၊ ၅ = လက်ထပ်ထိမ်းမြားရန်၊ ၆ = မိသားစုရွှေ့ပြောင်းရန်၊ ၇ = ကျန်းမာရေး၊ ၈ = လက်နက်ကိုင်ပဋိပက္ခ၊ ၉ = အခြား (ဖော်ပြရန်)]

ရွှေ့ပြောင်းသွားလာသူလူဦးရေနှင့်သက်ဆိုင်သည့် အချက်အလက်နှင့် စာရင်းအင်းအချို့ကို ဖော်ပြထားသော်လည်း အထက်ပါမေးခွန်းများသည်အသက်မွေးဝမ်းကျောင်းပုံစံ (သို့မဟုတ်) တစ်ဦးချင်းစီ၏ယခင်ရွှေ့ပြောင်းသွားလာမှုသမိုင်းကဲ့သို့သော ပို၍ အသေးစိတ်ကျသည့် စိတ်ဖြာလေ့လာမှုအတွက် ဖြည့်ဆည်းပေးထားခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည့်စုံကောင်းမွန်သော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အစိတ်အပိုင်းတစ်ရပ်ကို စီမံခန့်ခွဲဆောင်ရွက်ခြင်းဖြင့် မူဝါဒရေးဆွဲချမှတ်ရန် ကောင်းစွာအသုံးပြုနိုင်သော သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးနိုင်ပါသည်။

စစ်တမ်းမှနေ၍ အောက်ပါသတင်းအချက်အလက်များကို ရရှိနိုင်ပါသည် (CSO၊ ၂၀၁၆) –

- နိုင်ငံရပ်ခြားတွင်နေထိုင်သူများ၏ ကိုယ်ရေးအချက်အလက် (နယ်ပယ်အလိုက် - မြို့ပြ၊ ကျေးလက်၊ အားလုံး၊ ပြည်နယ်/တိုင်းဒေသကြီး) - ပျမ်းမျှအသက်၊ ပြည်ပတွင်နေထိုင်သည့် ပျမ်းမျှနှစ်အရေအတွက်။ အလုပ်အကိုင်အတွက် ပြည်ပတွင်နေထိုင်သူရာခိုင်နှုန်း၊ ပြည်ပတွင်နေထိုင်သူ အယောက် ၁၀၀ တွင် လွှဲပို့ငွေ (သို့) ကုန်ပစ္စည်း လွှဲပြောင်းပေးပို့သူဦးရေ၊ ပြည်ပတွင်နေထိုင်သူများထံမှ နှစ်စဉ် ပျမ်းမျှလက်ခံရရှိငွေ (အသေးစိတ်ကို နောက်ဆက်တွဲ ၂ တွင်ကြည့်ပါ။)
- ပြည်ပတွင်နေထိုင်သည့် ယခင်အိမ်ထောင်စုဝင်များရှိသည့် အိမ်ထောင်စုအချိုးအစား (မြို့ပြ၊ ကျေးလက်၊ ပြည်နယ်/တိုင်းဒေသကြီးအနှံ့)
- အကြောင်းရင်းအလိုက် ခွဲခြားဖော်ပြထားသော ပြည်ပတွင် နေထိုင်သူများ၏ ရာခိုင်နှုန်း၊
- ဆိုက်ရောက်နိုင်ငံအလိုက် ခွဲခြားဖော်ပြထားသော ပြည်ပတွင် နေထိုင်သူများ၏ ရာခိုင်နှုန်း၊

အောက်ပါ စာအကွက် (၃) တွင် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း (၂၀၁၅) မှ အဓိက ဖော်ပြလိုသည့် အချက်အလက်များကို တင်ပြထားပါသည်။[၂၀]

**စာအကွက် (၃) ၂၀၁၅ လုပ်သားအင်အားစစ်တမ်းမှ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များ**

- ၂၀၁၅ တွင် ပြည်ပတွင်နေထိုင်သော ယခင် အိမ်ထောင်စုဝင် ခန့်မှန်းဦးရေ ၁.၁၂ သန်း - အမျိုးသား ၆၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၀ ရာခိုင်နှုန်း၊
- ပြည်ပတွင် နေထိုင်သော နိုင်ငံသားများ၏ ပျမ်းမျှအသက်မှာ ၂၆ နှစ် ဖြစ်သည်။
- ရွှေ့ပြောင်းသွားလာရခြင်း အဓိက အကြောင်းရင်းမှာ အလုပ်အကိုင်အတွက် ဖြစ်သည်။
- ရွှေ့ပြောင်းသွားလာသူများ၏ ၈၅ ရာခိုင်နှုန်းသည် ၎င်းတို့၏ ယခင် အိမ်ထောင်စုဝင်များသို့ ငွေ (သို့) ကုန်ပစ္စည်းများ ပေးပို့ကြသည်။
- ပြည်ပတွင်နေထိုင်သူဦးရေ ၇၄.၃ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံသို့လည်းကောင်း၊ ၁၄.၅ ရာခိုင်နှုန်းသည် မလေးရှားနိုင်ငံ သို့လည်းကောင်း၊ ၂.၄ ရာခိုင်နှုန်းသည် စင်္ကာပူနိုင်ငံသို့လည်းကောင်း သွားကြသည်။
- မြို့ပြထက်ကျေးလက်ဒေသမှလူများကပို၍ထိုင်းနှင့်မလေးရှားသို့သွားကြသည်။အခြားဆိုက်ရောက်နိုင်ငံများသို့ မြို့ပြမှ သွားရောက်သူ ပိုများသည်။

ရင်းမြစ် - CSO, 2016, p. xi.

[၂၀] နောက်ဆက်တွဲ ၂ တွင် လုပ်သားအင်အားစစ်တမ်း၂၀၁၅ မှ အချက်အလက်အချို့ကို ဖော်ပြထားပါသည်။

## ၂.၃.၂။ ကမ္ဘာ့ဘဏ်၏ ပံ့ပိုးမှုဖြင့် ကောက်ယူခဲ့သည့် စစ်တမ်းများ

ကမ္ဘာ့ဘဏ်သည် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ကျယ်ပြန့်သောစစ်တမ်းများကို ဆောင်ရွက်ခဲ့သည့်အတွက် အလုံးစုံသော လူမှုစီးပွားအခြေအနေအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေနှင့် အလားအလာများကို အထောက်အကူ ပြုခဲ့ပါသည်။ ကမ္ဘာ့ဘဏ်သည် များမကြာသေးမီက စစ်တမ်းကြီးသုံးခုကို ပြုလုပ်ခဲ့ပြီး ၎င်းတွင် နိုင်ငံတကာ/ပြည်ပ လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်စပ်လျဉ်းသည့်အချက်အလက်များလည်းပါဝင်သည်ဟု ကမ္ဘာ့ဘဏ်ကိုယ်စားလှယ် တစ်ဦးက ပြောဆိုပါသည်။[၂၁]

၁။ မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုနှင့် လူနေမှုအခြေအနေဆိုင်ရာစစ်တမ်း ၂၀၁၄/၂၀၁၅- အိမ်ထောင်စုပေါင်း ၃,၆၄၈ ကို ပြုလုပ်သည့် စစ်တမ်းဖြစ်သည်။ အပိုင်း ၅ (က) တွင် ရွှေ့ပြောင်းသွားလာသူများနှင့်ပတ်သက်၍ မေးခွန်း ၉ ခု ပါဝင်ပြီး အပိုင်း ၅ (ခ) တွင် လွှဲပို့ငွေနှင့်ပတ်သက်သည့် မေးခွန်းများ ပါဝင်ပါသည်။

၂။ မြန်မာနိုင်ငံ လူနေမှုအခြေအနေဆိုင်ရာစစ်တမ်း ၂၀၁၆/၂၀၁၇ - အိမ်ထောင်စုပေါင်း ၁၃,၀၀၀ ကို ပြုလုပ်သည့် စစ်တမ်းဖြစ်သည်။ အပိုင်း ၁၂ တွင် နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်ဆိုင်သည့် သတင်းအချက် အလက်များကို အဓိကစုစည်းဖော်ပြပြီး ရွှေ့ပြောင်းသွားလာမှုနှင့် အိမ်ထောင်စုလူမှုဘဝ အဆင်ပြေမှုအကြား ဆက်နွှယ်မှုကိုဖော်ပြထားသည်။ ရွှေ့ပြောင်းသွားလာသူများ၏ ယခင်နှင့်လက်ရှိအလုပ်အကိုင်အပြင် ရွှေ့ပြောင်း သွားလာခြင်း အခြေအနေ (၁၂ လအထက်)နှင့် တစ်ဦးတစ်ယောက်ချင်း အတိုင်းအတာဖြင့် နေရပ်သို့ ပြန်လာ ခြင်း ရှိ/မရှိကို မေးမြန်းထားပါသည်။ အခြားမေးခွန်းများမှာ လွှဲပို့ငွေနှင့်စပ်လျဉ်း၍ မေးမြန်းထားပါသည်။ ဤစစ်တမ်းတွင်ပါဝင်သည့် သက်ဆိုင်ရာ မေးခွန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။ -

- ၅၇။ ပြီးခဲ့သည့် ၁၂ လအတွင်း [လူပုဂ္ဂိုလ်အမည်] သည် ဆက်တိုက် ၃ လနှင့်အထက် အခကြေးငွေ (သို့မဟုတ်) အကျိုးအမြတ် တစ်စုံတစ်ရာအတွက် အိမ်နှင့်ဝေးရာအရပ် မြန်မာပြည်တွင်း (သို့မဟုတ်) ပြည်ပတွင် အလုပ်အကိုင်တစ်ခုခုကို လုပ်ကိုင်ခဲ့ပါသလား။ (လုပ်ကိုင်သည်/ မလုပ်ကိုင်ပါ)
- ၅၈။ အိမ်နှင့်ဝေးရာတွင် လုပ်ကိုင်ရသည့် ဤအလုပ်အကိုင်ကို မည်သည့်နေရာတွင် အများဆုံး လုပ်ကိုင်ရသနည်း။
- ၅၉။ ပြီးခဲ့သည့် ၁၂ လအတွင်း [လူပုဂ္ဂိုလ်အမည်] သည် ဤအလုပ်မှနေ၍ သင်၏ အိမ်ထောင်စုသို့ ငွေမည်မျှ ပေးပို့/ယူဆောင်လာခဲ့သနည်း။
- ၆၀။ ဤငွေများကို သင်၏ အိမ်ထောင်စုသို့ လွှဲပြောင်းပေးပို့/ ယူဆောင်လာရန် အသုံးပြုသည့် အဓိက လမ်းကြောင်း/နည်းလမ်းမှာ အဘယ်နည်း။

၃။ အရည်အသွေးဦးတည်သော လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုအစီရင်ခံစာ။ ။ ၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပြီး ဒေသကြီးနှစ်ခုအတွင်း ပြည်တွင်းရွှေ့ပြောင်းသွားလာမှုနှင့်ပတ်သက်သည့် စစ်တမ်းတစ်ခုဖြစ် သည်။ နိုင်ငံတကာရွှေ့ပြောင်းသွားလာမှုနှင့်စပ်လျဉ်းသည့် အချက်အလက်အချို့ပါဝင်သည် (ကမ္ဘာ့ဘဏ်၊ ၂၀၁၆)။

## ၂.၃.၃။ ခရီးသည် စစ်တမ်းများ

၂၀၁၄ ခုနှစ်တွင် DOL က မြန်မာရွှေ့ပြောင်းလုပ်သားများ သတင်းပို့နေရာများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ဆိုက်ရောက်ခန်းမနှင့် ထွက်ခွာခန်းမတို့တွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ ပြည်ပသို့ထွက်ခွာသောသူနှင့် ပြည်တွင်းသို့ ဝင်ရောက်လာသော မြန်မာရွှေ့ပြောင်းအလုပ်သမား နှစ်မျိုးစလုံးသည် ဤသတင်းပို့နေရာများကို ဖြတ်ရန်လိုအပ်သည်။ ရည်ရွယ်ချက်မှာ ဘေးကင်းလုံခြုံပြီး တရားဝင်ရွှေ့ပြောင်းသွားလာခြင်း ဖြစ်ပေါ်စေရန်အတွက် ရွှေ့ပြောင်းအလုပ်သမား များ၏ စာရွက်စာတမ်းများကို စစ်ဆေးရန်၊ သက်ဆိုင်ရာအထောက်အကူပြု သတင်းအချက်အလက်ပေးရန်နှင့် လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များ ကောက်ယူရန်တို့ ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ

[၂၁] ၂၀၁၈၊ ဇန်နဝါရီလ ၁၁ ရက်တွင် ကမ္ဘာ့ဘဏ်(မြန်မာ)ရုံးမှ စီးပွားရေးပညာရှင် (လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အလုပ်အကိုင်)နှင့် အီးမေးလ် ဖြင့် ဆက်သွယ်မေးမြန်းခြင်း၊

လေဆိပ်သစ် ဖွင့်လှစ်ခဲ့ပြီး မြန်မာရွှေ့ပြောင်းလုပ်သားများ သတင်းပို့နေရာသည်လည်း ထိုနေရာသို့ ပြောင်းရွှေ့ခဲ့သည်။ ရွှေ့ပြောင်းအလုပ်သမားများ လူဝင်မှုကြီးကြပ်ရေးနေရာ/ဌာနကို မဖြတ်မီ ၎င်းတို့၏ လေယာဉ်ပေါ်တက်ခွင့် (boarding passes)နှင့် ပတ်စ်ပို့များကို စစ်ဆေးသည့်ဝန်ထမ်းမှ အလုပ်သမားများကို မြန်မာရွှေ့ပြောင်းလုပ်သားများ သတင်းပို့နေရာသို့ လွှဲပြောင်းပေးသည်။ ရွှေ့ပြောင်းအလုပ်သမားများသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေရာကို မဖြတ်မီ မြန်မာရွှေ့ပြောင်းလုပ်သားများ သတင်းပို့နေရာတွင် မိနစ်အနည်းငယ် အချိန်ပေးရသည်။ သတင်းပို့နေရာတွင် အလုပ်သမား၏ OWIC ကတ်၊ ပတ်စ်ပို့၊ အမျိုးသားမှတ်ပုံတင်ကတ် စသည်တို့ကို စိစစ်မှတ်တမ်းယူသည်။ ထို့အပြင် ဆိုက်ရောက်နိုင်ငံနှင့် လုပ်သားစုဆောင်းသည့်အေဂျင်စီ၏ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံကိုလည်း စစ်ဆေးသည်။ သို့သော်လည်း ဤသတင်းပို့နေရာများသို့ သွားရောက်သတင်းပို့ခြင်းမှာ ဆန္ဒအလျောက်သာဖြစ်ပြီး ရွှေ့ပြောင်းအလုပ်သမားများ အနေဖြင့်လည်း သတင်းပို့နေရာတွင် တန်းစီစောင့်ဆိုင်း၍ အချိန်ကြာမြင့်ပါက လေယာဉ်မမီနိုင်သည်ကို စိုးရိမ်စိတ်ရှိနိုင်ပါသည်။ ရလဒ်အနေဖြင့် ပြည်ပထွက်ခွာသွားသော ရွှေ့ပြောင်းအလုပ်သမားများအားလုံးကို စောင့်ကြည့်လေ့လာ၍ မှတ်တမ်းယူနိုင်ခြင်းမရှိတော့ပါ။ လေဆိပ် Terminal 1 ၏ ဆိုက်ရောက်ခန်းမရှိ သတင်းပို့နေရာသည် အဓိကအားဖြင့် ကိုရီးယားနှင့် ဂျပန်မှ ပြန်လာသော ရွှေ့ပြောင်းအလုပ်သမားများကို ဆောင်ရွက်ပေးသည်။ ကိုရီးယားမှပြန်လာသော ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ၎င်းတို့ပေးသွင်းထားသော အာမခံစပေါ်ငွေ မြန်မာငွေကျပ် ၁၅ သိန်းကို ပြန်လည်ထုတ်ယူနိုင်သည်။ နေရပ်ပြန်လာသော အလုပ်သမားများအတွက် ပျော်ရွှင်စွာနေရပ်ပြန်လာခြင်းအစီအစဉ် (happy return programmes)ကို စီစဉ်ဆောင်ရွက်ရန် သတင်းအချက်အလက်များကို အသုံးပြုပါသည်။ ဤအစီအစဉ်မှာ နေရပ်ပြန်လာသော အလုပ်သမားများကို မြန်မာနိုင်ငံတွင် အခြေစိုက်သော ဂျပန် (သို့) ကိုရီးယားပိုင်ကုမ္ပဏီများတွင် အလုပ်နေရာချထားပေးရန် ရည်ရွယ်ပါသည်။

### ၂.၃.၄။ NGO များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများက ကောက်ယူသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များ

ရွှေ့ပြောင်းသွားလာခြင်းကိစ္စရပ်နှင့်ပတ်သက်၍ သီးသန့်ဆောင်ရွက်သော အရပ်ဘက်လူမှုအဖွဲ့အစည်း အနည်းငယ်သာရှိသော်လည်း အထွေထွေအလုပ်သမားရေးရာကိစ္စ၊ အမျိုးသမီးအခွင့်အရေး၊ ကလေးအလုပ်သမား၊ လူငယ်ရေးရာ၊ သဘာဝပတ်ဝန်းကျင်နှင့် အခြားကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်သော အခြားအဖွဲ့အစည်းများလည်းရှိပြီး ၎င်းတို့၏ဆောင်ရွက်မှုများတွင် ရွှေ့ပြောင်းသွားလာခြင်းလည်း ပါဝင်နေသည်။ ရန်ကုန်တွင် ဤအလုပ်သမားအဖွဲ့အစည်းများနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းများသည်မြန်မာရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများကွန်ရက်ကို တည်ထောင်ထားပြီး ရွှေ့ပြောင်းအလုပ်သမားများနှင့်ဆိုင်သည့် အခြေအနေများ၊ မူဝါဒများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို မျှဝေရန်၊ ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာမှုဖြစ်စေရန်နှင့် ခေါင်းပုံဖြတ်သောအလေ့အကျင့်များ ပပျောက်ရန်၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များ၏အခွင့်အရေးများအတွက် စည်းရုံးလှုံ့ဆော်ပေးရန် ဆောင်ရွက်ပါသည်။ အချို့သော ကွန်ရက်အဖွဲ့ဝင်များသည် ရန်ကုန်တွင် အဓိကဆောင်ရွက်ပြီး အချို့သည် နိုင်ငံအနှံ့နှင့် နယ်စပ်နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ကြသည်။ အခြားအဖွဲ့ဝင်များသည် မူရင်းနိုင်ငံအတွင်းနှင့် ဆိုက်ရောက်နိုင်ငံများရှိ အခြားအလားတူအဖွဲ့အစည်းများနှင့် ပုံမှန်ဆက်သွယ်ဆောင်ရွက်ခြင်းများ ရှိသည်။ ဤဆောင်ရွက်ချက်များဖြင့် အဖွဲ့အစည်းတစ်ခုချင်းစီသည် ရွှေ့ပြောင်းအလုပ်သမားများ၏ တိုင်ကြားချက် (သို့မဟုတ်) နစ်နာမှုများနှင့်ဆိုင်သည့်အချက်အလက်များ ရှိသည့်အပြင် ရွှေ့ပြောင်းသွားလာခြင်းပုံစံနှင့်အလားအလာများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ရှိထားကြသည်။

ဤအစီရင်ခံစာကို ပြုစုရာတွင် စာရေးသူသည် မြန်မာရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ CSO နှင့် LO ကွန်ရက်မှ ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတွင် ပြည်ပရွှေ့ပြောင်းအလုပ်သမားများအဖြစ် လုပ်ကိုင်နေသူများ အပါအဝင် အဖွဲ့ဝင် ၇၀၀၀ ခန့်ရှိသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်(CTUM)မှ ကိုယ်စားလှယ်

များနှင့် လူတွေ့မေးမြန်းခဲ့ပါသည်။[၂၂] ဆိုက်ရောက်နိုင်ငံများရှိ ဒေသတွင်းအလုပ်သမားသမဂ္ဂအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် သမဂ္ဂအဖွဲ့ဝင်များကို အားပေးတိုက်တွန်းထားသည်။ CTUM အဖွဲ့ဝင်များ၏ ကိုယ်ရေးအချက်အလက် ဒေတာဘေ့စ်တွင် အသက်အရွယ်၊ ကျား/မ၊ အလုပ်အကိုင်၊ ပညာရေး၊ နိုင်ငံသားစိစစ်ရေးကတ်၊ နေရပ်တို့ ပါဝင်သည်။ ဤအချက်အလက်များကို ကွန်ပြူတာ Excel ပုံစံဖြင့် ထိန်းသိမ်းထားရှိသည်။ CTUM သည် အဖွဲ့အစည်းဆိုင်ရာမှတ်ပုံတင်ခြင်း ရည်ရွယ်ချက်အတွက် ၎င်း၏ အဖွဲ့ဝင်များနှင့်ဆိုင်သည့် အချက်အလက်များကို DOL သို့ ပေးပို့ထားပါသည်။ ဒေသန္တရအလုပ်သမားအဖွဲ့ခွဲမှတစ်ဆင့် LEO ရုံးသို့ ပေးပို့ထားသည့်အတွက် မြို့နယ်အဆင့် အလုပ်သမားအရာရှိများသည်လည်း ထိုအဖွဲ့ဝင်များ၏ အချက်အလက်များကို ကြည့်ရှုနိုင်သည်။

## ၂.၃.၅။ အရေးပါပြီး အပြောင်းအလဲများရှိနေသော အချက်အလက်များ

မူဝါဒရေးရာ ဆောင်ရွက်မှုအဝန်းအဝိုင်းအတွင်း နည်းပညာသုံးကြားခံဆက်သွယ်ရေးစနစ်များဖြင့် ရရှိလာသည့် ပြောက်ပြားလှသည့် အချက်အလက်များမှတစ်ဆင့် အချက်အလက်များစုစည်းခြင်းနှင့် စိတ်ဖြာလေ့လာမှုတို့အား ကျယ်ကျယ် ပြန့်ပြန့်အသုံးပြုလာခြင်းကို အသိအမှတ်ပြုလက်ခံလာကြသည်။ အထူးသဖြင့် မိုဘိုင်းဖုန်း ဆက်သွယ်ရေး၊ မိုဘိုင်းဖုန်းဖြင့် ငွေလွှဲခြင်း၊ အင်တာနက်သုံးဆက်သွယ်ရေး (Viber, email)၊ လူမှုမီဒီယာ (Facebook) တို့မှတစ်ဆင့် ရရှိလာသည့် အချက်အလက်များသည် ရွှေ့ပြောင်းသွားလာသူလူဦးရေ၏ စီးပွားရေးဆိုင်ရာလက္ခဏာရပ်များ၊ လူဦးရေဆိုင်ရာအချက်အလက်၊ လူမှုဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အကျိုးရှိပြီး စိတ်ဖြာလေ့လာနိုင်သော အချက်အလက်များကို ဖြည့်ဆည်းပေးပါသည်။ အမည်တပ်ထားခြင်း မရှိသေးသည့် ယင်းအချက်အလက်များကို အမှုမဲ့အမှတ်မဲ့ဖြင့် သိမ်းဆည်းခဲ့ကြသည်။ ကောင်းစွာစီမံအုပ်ချုပ်မှုမရှိပါက ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို ချိုးဖောက်သည့်ကိစ္စများ ဖြစ်ဖွယ်ရှိပါသည်။ စိတ်ဖြာလေ့လာနိုင်သည့် အချက်အလက်ပမာဏ၊ ၎င်း၏အလျင်နှုန်း၊ ကွဲပြားမှု (စနစ်တကျဖွဲ့စည်းထားခြင်းနှင့် စနစ်တကျဖွဲ့စည်းထားခြင်း မဟုတ်သောအမျိုးအစားများ) တို့ကြောင့် ဤအချက်အလက်များသည် အရေးပါပါသည် (Global Migration Group)။

မြန်မာနိုင်ငံအခြေအနေအရ နည်းပညာသည် ဖွံ့ဖြိုးဆဲကာလတွင် ရှိနေသေးကာမူ မိုဘိုင်းဖုန်းအသုံးပြုမှုမှာ အဆမတန် တိုးတက်လာပြီး ရွှေ့ပြောင်းသွားလာသူများသည် မိမိတို့၏ သူငယ်ချင်း၊ မိသားစုဝင်များနှင့် ဆက်သွယ်ရာတွင်လည်းကောင်း၊ သီချင်းနားထောင်ရာတွင်လည်းကောင်း၊ အလုပ်နှင့်ပတ်သက်သည့် ကုန်စျေးနှုန်း (ဥပမာ နေ့စဉ် ရော်ဘာပေါက်စျေး)ကို လေ့လာရာတွင်လည်းကောင်း၊ သတင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ကြည့်ရှုရာတွင်သော်လည်းကောင်း မိုဘိုင်းဖုန်းများကို အသုံးပြုကြသည်။ အသုံးချ အက်ပလီကေးရှင်းမျိုးစုံနှင့် ဝက်ဆိုက်အမျိုးမျိုးရှိသော်လည်း မြန်မာနိုင်ငံမှ ရွှေ့ပြောင်းသွားလာသူများနှင့် လူအများစုသည် ဖေ့ဘွတ်(Facebook)ကို အဓိကအက်ပလီကေးရှင်းအဖြစ် သုံးစွဲကြသည်။

AGD ဘဏ်ကဲ့သို့သော ပုဂ္ဂလိကဘဏ်အချို့သည် ပြည်ပမှ ငွေလွှဲပြောင်းပေးပို့သူများကို ဝန်ဆောင်မှုပေးရန်အတွက် မိုဘိုင်းဖုန်းသုံးငွေလွှဲကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သည် (Kyi, 2016)။ အဆိုပါ လုပ်ဆောင်ချက်တွင် အချက်အလက်ကောက်ယူခြင်း ပါဝင်ပြီး အဆိုပါအချက်အလက်တစ်စိတ်တစ်ပိုင်းကို (အမည်ဖော်ပြခြင်းမပြုဘဲ) သုံးစွဲနိုင်ပါသည်။ သို့သော်လည်း ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ချိုးဖောက်ခြင်းမရှိဘဲ မြန်မာနိုင်ငံရှိ ပြောက်ပြားလှသည့် အချက်အလက်များကို သုံးစွဲနိုင်ရန်အလို့ငှာ ခိုင်မာသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေး ဥပဒေနှင့် အကောင်အထည်ဖော်ရေးယန္တရား ဦးစွာ ရှိရန်လိုအပ်သည်။

[၂၂] ၂၀၁၇၊ ဇန်နဝါရီလ ၉ ရက်တွင် CTUM ၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာဌာန၏ ဒုတိယဌာနမှူးနှင့် လူတွေ့မေးမြန်းခဲ့ခြင်း၊

## ၂.၄။ ဆိုက်ရောက်နိုင်ငံများရှိ အချက်အလက်များ

### ၂.၄.၁။ ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံ၏ အလုပ်သမားဝန်ကြီးဌာန၏ အလုပ်အကိုင်ဦးစီးဌာနနှင့် နိုင်ငံခြားသားအလုပ်သမားစီမံအုပ်ချုပ်ရေးရုံးသည် ထိုင်းနိုင်ငံတွင်ရောက်ရှိနေသည့် ထိုင်းနိုင်ငံသားမဟုတ်သူ အရေအတွက်နှင့်ဆိုင်သည့် အချက်အလက်အပြည့်အစုံကို လစဉ်ထုတ်ပြန်ဖော်ပြပါသည်။ ဤအချက်အလက်များတွင် ကျား/မ၊ နိုင်ငံသား၊ ရွှေ့ပြောင်းသွားလာသူ၏ လူဝင်မှုဆိုင်ရာ အခြေအနေ၊ ဆိုက်ရောက်ဒေသရှိ ခရိုင်နှင့်မြို့နယ်၊ လုပ်ငန်းကဏ္ဍစသည့် အကြောင်းအရာအလိုက် ခွဲခြားဖော်ပြထားသည့် ရွှေ့ပြောင်းသွားလာသူအရေအတွက် ပါဝင်သည်။ အလုပ်ရှင်နှင့် အလုပ်အကိုင်ရာထူး အရေအတွက်လည်း ပါဝင်သည်။ ထိုင်းဘာသာစကားဖြင့်သာ ကြည့်ရှုလေ့လာနိုင်သော ယင်းအချက်အလက်များသည် ပြည့်စုံကောင်းမွန်ပြီး ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းလုပ်သားများနှင့်ဆိုင်သည့် အချက်အလက်များ ပါဝင်နေသည်။ အထောက်အထားမရှိသော ရွှေ့ပြောင်းသွားလာသူများကို တရားဝင်ပြုလုပ်ခြင်းနှင့်ဆိုင်သည့် အချက်အလက်များမှတစ်ဆင့် အထောက်အထားမရှိသူ လူဦးရေကို မှတ်တမ်းပြုနိုင်သောကြောင့် ထူးခြားပါသည်။ ဤကဲ့သို့ဖြေလျှော့သည့်ပုံစံဖြင့် မှတ်ပုံတင်ခြင်းကို ၁၉၉၆ ခုနှစ်ကတည်းက ကျင့်သုံးခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုင်းနိုင်ငံရှိ နိုင်ငံခြားသားအလုပ်သမားစီမံအုပ်ချုပ်ရေး ဝက်ဆိုက်ရှိကိန်းဂဏန်းအချက်အလက်များကို ၂၀၀၀ ခုနှစ်ခန့်တွင်သာ လွှင့်တင်နိုင်ခဲ့သော်လည်း ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အရေအတွက်နှင့် ဦးတည်ရာလမ်းကြောင်း/အလားအလာဆိုင်ရာ အချက်အလက်များကို လွန်ခဲ့သည့် ၂၂ နှစ်တာကာလအတွင်း ပြန်လည်၍ စိတ်ဖြာလေ့လာခြင်းပြုနိုင်သည်။ နိုင်ငံခြားသားအလုပ်သမားစီမံအုပ်ချုပ်ရေးရုံး၏ဖော်ပြချက်အရ အောက်ပါ ဇယား (၈) တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ ထိုင်းနိုင်ငံအတွင်း ရောက်ရှိနေသည့် ပုံမှန် ရွှေ့ပြောင်းအလုပ်သမားအရေအတွက်ကို ဖော်ပြထားသည်။

#### ဇယား (၈) ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအထိ ထိုင်းနိုင်ငံအတွင်းရောက်ရှိနေသည့် မှတ်ပုံတင်ထားသော မြန်မာရွှေ့ပြောင်းအလုပ်သမား အရေအတွက်

| စာရွက်စာတမ်းပြုလုပ်မှု | စုစုပေါင်း | | |
|---|---|---|---|
| | အမျိုးသမီး | အမျိုးသား | စုစုပေါင်း |
| နိုင်ငံသားစိစစ်ခြင်း (NV) | ၄၄၉ ၄၆၂ | ၅၈၉ ၁၂၂ | ၁ ၀၃၈ ၅၈၄ |
| MOU | ၁၅၇ ၅၀၅ | ၂၂၇ ၅၀၆ | ၃၈၅ ၀၁၁ |
| နယ်စပ်/ရာသီအလိုက် | ၄၅၇ | ၁ ၁၂၅ | ၁၅၈၂ |
| NV စောင့်ဆိုင်းမှုဖြင့် ၃၀/၃/၂၀ အထိ နေထိုင်ခွင့် | N/A | N/A | ၇၇၇ ၂၀၇ |
| စုစုပေါင်း | ၆၀၇ ၄၂၄ | ၈၁၇ ၇၅၃ | ၂ ၂၀၂ ၃၉၄ |

n.a. = မရနိုင်ပါ။

ရင်းမြစ် - နိုင်ငံခြားသား အလုပ်သမား စီမံအုပ်ချုပ်ရေးရုံး ၊ n.d.

အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရရှိရန် ရွှေ့ပြောင်းအလုပ်သမားအားလုံးက မဖြစ်မနေပြုလုပ်ရသည့် ကျန်းမာရေးဆေးစစ်ခြင်းမှတစ်ဆင့် ကောက်ယူထားသည့် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ပါသည်။ သို့သော်လည်း အများပြည်သူသို့ ထုတ်ပြန်ဖော်ပြရာတွင် နိုင်ငံသား ခွဲခြားဖော်ပြထားခြင်း မရှိပါ (ဇယား(၉))။

## ဇယား (၉) ထိုင်းနိုင်ငံ၌ ရွှေ့ပြောင်းသွားလာသူများ ကျန်းမာရေးအာမခံအစီအစဉ်တွင် မှတ်ပုံတင်၍ ကျန်းမာရေးစစ်ဆေးပြီး ထွက်ပေါ်လာသည့်ရလဒ်များ၊ ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂ ရက်ထိ၊

| ရလဒ် | ရွှေ့ပြောင်း သွားလာသူ ဦးရေ (%) |
|---|---|
| ၂၀၁၆ ခုနှစ်အတွက် ရွှေ့ပြောင်းသွားလာသူ ကျန်းမာရေးအာမခံ ရည်မှန်းချက် | ၃၄၀၀၇၈၇ (၁၀၀. ၀) |
| မှတ်ပုံတင်ခြင်းနှင့် ကျန်းမာရေးဆေးစစ်ခြင်းအတွက် လျှောက်ထားခြင်း (၂၀၁၆ ခုနှစ်၊ ၄ လတာကာလ) | ၁၁၄၇၈၈၉ (၃၃. ၈) |
| ကျန်းမာရေးဆေးစစ်ခြင်းနှင့် ရွှေ့ပြောင်းသွားလာသူများ ကျန်းမာရေးအာမခံ စာရင်း သွင်းခြင်း | ၁၁၄၆၉၇၉ (၃၃. ၇) |
| ဆေးကုသရန် မလိုအပ်ခြင်း | ၁၁၃၈၀၆၆ |
| ကူးစက်ရောဂါများအတွက် ကုသခြင်း | ၈၉၁၃ |
| တီဘီရောဂါ | ၄၉၂၉ |
| ဆစ်ဖလစ် ကာလသားရောဂါ | ၁၉၁၃ |
| ဆင်ခြေထောက်ရောဂါ | ၅၀ |
| အနာကြီးရောဂါ | ၅ |
| အခြား (ဉပမာ။ ။ သန်စွဲနာ၊ သွေးအားနည်းရောဂါ၊ အာဟာရချို့တဲ့မှု) | ၂၀၁၆ |
| အလုပ်လုပ်ကိုင်ရန် ကျန်းမာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရခြင်း - ဆေးဝါးအလွဲသုံးစားပြုခြင်း၊ အရက်စွဲခြင်း၊ ဆစ်ဖလစ် (အဆင့် ၃)၊ အနာကြီးရောဂါဖြစ်မည့်လက္ခဏာ၊ (သို့) ဆင်ခြေထောက်ရောဂါ၊ | ၉၁၀(၀. ၁) |

ရင်းမြစ် - ကျန်းမာရေးအာမခံအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၊ Tangcharoensathien, Thwin, and Patcharanarumol, 2017 တွင် ကိုးကား ဖော်ပြထားခြင်း၊

ရွှေ့ပြောင်းသွားလာသူ ကလေးသူငယ်များအားလုံးသည် အပြည့်အဝကာကွယ်ဆေးထိုးနှံပေးခြင်းအစီအစဉ်တွင် အကျုံးဝင်ပြီး ၂၀၁၅ ခုနှစ်တွင် ရွှေ့ပြောင်းသွားလာသူများ၏ မီးဖွားသူဦးရေ ၅၀,၀၀၀ (၎င်းတို့မိဘများ၏ လူဝင်မှုဆိုင်ရာ အခြေအနေမည်သို့ပင်ရှိစေကာမူ)အထိ ရောက်ရှိခဲ့သည်ဟု အစီအစဉ်မှ အစီရင်ခံဖော်ပြထားသည်။ ပညာရေးဝန်ကြီး ဌာန၏ အခြေခံပညာရေးကော်မရှင်ရုံးတွင် ထိုင်းကျောင်းများရှိ ရွှေ့ပြောင်းသွားလာသူကလေးသူငယ်များနှင့်ပတ်သက် သည့် သတင်းအချက်အလက်များ ရှိပါသည်။ စာရင်းအင်းအချက်အလက်များကို အများပြည်သူသိရှိစေရန် ထုတ်ပြန် ထားပါသည်။ ကျောင်းနေကလေးသူငယ်များကို အသက်နှင့် ကျား/မ အလိုက်သာ ရေတွက်ဖော်ပြထားပြီး လူမျိုး (သို့) နိုင်ငံသားဖြင့် ဖော်ပြထားခြင်း မရှိပါ။ ဤအချက်မှာ ခွဲခြားဆက်ဆံမှုကင်းသည့် ကောင်းမွန်သော ကျင့်သုံးဆောင်ရွက်မှုဟု မှတ်ယူနိုင်ပါသည်။

လူကုန်ကူးခံရသူများနှင့်ပတ်သက်၍လည်း ထိုင်းနိုင်ငံမှ သတင်းအချက်အလက်များ မျှဝေပေးပြီး ရယူသိရှိနိုင်သည်။ လူကုန်ကူးကိစ္စရပ်များကို စီမံခန့်ခွဲခြင်းနှင့် လူကုန်ကူးခံရသူများကို နေရပ်ပြန်လည်ပို့ဆောင်ခြင်း၊ ပြန်လည်ပေါင်းစည်း ခြင်းများနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံတော်ဝင်အစိုးရတို့အကြား သဘောတူ ထားသည့် နှစ်နိုင်ငံ စံလုပ်ထုံးလုပ်နည်း (၂၀၁၃) တွင် "ထိခိုက်ခံရသူများနှင့်ဆိုင်သည့် အခြေခံအချက်အလက်များ"ကို ကောက်ယူခြင်းနှင့် မျှဝေခြင်းများအတွက် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါသည်။ ဤသတင်းအချက်အလက်သည် ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီများကို အရေးယူခြင်းနှင့်ပတ်သက်၍ MOLIP အတွက် အသုံးဝင်နိုင်ပါသည်။ ထိခိုက်ခံရသူများကို မှတ်တမ်းတင်ခြင်း (သို့မဟုတ်) အန္တရာယ်ရှိသည့်နေရာများကို ဖော်ထုတ်ခြင်းနှင့်ပတ်သက်၍

အကူအညီများရရှိနေသည့် လူကုန်ကူးခံရသူအရေအတွက် (သို့မဟုတ်) တရားစွဲဆိုရန်အတွက် အမှုတင်ခြင်းအရေအတွက်သည် လက်ရှိတွင် မူဝါဒရေးရာဆောင်ရွက်ချက်အတွင်း ထည့်သွင်းဆောင်ရွက်ရန်မှာ အလွန်ပင်နည်းပါးနေပါသေးသည်။

လူကုန်ကူးမှုနှင့်ပတ်သက်၍ လူတွေ့မေးမြန်းခြင်းအစီရင်ခံစာများတွင် အောက်ပါအချက်အလက်များ ပါဝင်သည် -

- အလုပ်ခွင်အမျိုးအစား - အောက်ပါတို့ကို ဖော်ပြထားသည် - လိင်ပိုင်းဆိုင်ရာအလုပ်၊ အနိပ်သီးသန့်ခန်း (လိင်ပိုင်းဖျော်ဖြေမှုမပါ)၊ စားသောက်ဆိုင်၊ စက်ရုံ၊ တောင်းရမ်းခြင်း၊ လမ်းဘေးဈေးသည်၊ ငါးဖမ်းခြင်း၊ ဈေးဆိုင်ငယ်၊ စိုက်ပျိုးမွေးမြူရေး၊ ဆိုင်၊ အဝမ္မလက်ထပ်စေခိုင်းမှု၊ အိမ်အကူအလုပ်သမား။
- ၎င်းတို့၏အခြေအနေနှင့်ပတ်သက်သည့် မေးခွန်းများ၊ မြန်မာနိုင်ငံမှ မည်သို့ထွက်ခွာလာကြသနည်း၊ မည်သူတွေနှင့် ခရီးသွားလာကြသနည်း။ ဘာဖြစ်သနည်း။
- လူကုန်ကူးမှုအခြေအနေများ - လုပ်ငန်းခွင်၊ ရောင်းချခြင်း (သို့မဟုတ်) သွေးဆောင်ခေါ်ယူခြင်း၊ အလုပ်အကိုင်အမျိုးအစား (သို့မဟုတ်) အလုပ်အကိုင်ဆိုင်ရာအခြေအနေများ (သို့) လုပ်ခလစာနှင့်ပတ်သက်၍ လိမ်လည်လှည့်ဖြားခြင်း၊ ဆန္ဒအလျောက်နေခြင်း (သို့မဟုတ်) ပိတ်လှောင်ခံရခြင်း၊ ခန္ဓာကိုယ်ပိုင်း အလွဲသုံးစားပြုခြင်း/ ရုပ်ပိုင်းဆိုင်ရာအဓမ္မပြုခြင်း၊ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊
- အိမ်သို့ငွေပေးပို့ခြင်းနှင့်ဆိုင်သည့် မေးခွန်းများစာရင်း၊ အကြွေးတင်ရှိခြင်း၊
- ပြန်လည်ပေါင်းစည်းခြင်းအပေါ် စောင့်ကြည့်လေ့လာခြင်းတွင်- အလုပ်အကိုင်၊ ပညာရေး၊ ရွှေ့ပြောင်းသွားလာခြင်း၊ အိမ်ထောင်ပြုခြင်းနှင့် ထိုင်းနိုင်ငံသို့ပြန်သွားခြင်း။

## ၂.၄.၂။ မလေးရှား

မလေးရှားနိုင်ငံတွင်ရှိသော ရွှေ့ပြောင်းအလုပ်သမားများနှင့်ဆိုင်သည့် အချက်အလက်များကို မလေးရှားနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံခြားသားအလုပ်သမားများစီမံခန့်ခွဲရေးဌာနခွဲက ကောက်ယူပါသည်။ ၂၀၁၁ ခုနှစ်တွင် 6Pစီမံချက်ဟု လူသိများသော အစီအစဉ်ဖြင့် ဝန်ကြီးဌာနသည် မလေးရှားနိုင်ငံတွင်ရှိသော ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းအလုပ်သမားများအား ဒဏ်ကြေးမဆောင်စေဘဲ အလုပ်အကိုင်အတွက် မှတ်ပုံတင်ရန် ခွင့်ပြုပေးခဲ့သည်။ ဤအစီအစဉ်အောက်တွင် ရွှေ့ပြောင်းအလုပ်သမားများသည် ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်(biodata)များဖြင့် မှတ်ပုံတင်ရပြီး အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များ လျှောက်ထားနိုင်ခဲ့သည်။ သတင်းများအရ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် မှတ်ပုံတင်ပြီးသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားပေါင်း ၁၂၀,၀၀၀ ရှိရာမှ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလခန့်တွင် ၃၇၉,၀၀၀ ခန့်သို့ ရောက်ရှိခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၏ စာရင်းအင်းအရ နိုင်ငံအတွင်းတွင် မြန်မာရွှေ့ပြောင်းသွားလာသူပေါင်း ၁၂၁,၀၅၀ (အမျိုးသမီး ၂၀,၃၇၉ နှင့် အမျိုးသား ၁၀၀,၆၇၁) ရှိကြောင်း ဖော်ပြထားသည် (ILO, 2017)။ သို့သော်လည်း NGO များ၏စာရင်းတွင် ထို့ထက်ပိုများပြီး ဦးရေ ၅၀၀,၀၀၀ နီးပါးရှိသည်ဟု ဖော်ပြထားသည် (Allchin, 2011)။ မလေးရှားနိုင်ငံ၏ လူဦးရေစာရင်းအင်းကို ပြန်လည်ဖြည့်စွက် မွမ်းမံရာတွင် အဆိုပါအချက်အလက်များကို အသုံးပြုပါသည်။ အလားတူပင် လုပ်သားအင်အားစစ်တမ်းနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာစစ်တမ်း အစီရင်ခံစာများတွင် မလေးရှားနိုင်ငံတွင်းသို့ ရွှေ့ပြောင်းဝင်ရောက်လာခြင်းနှင့် သက်ဆိုင်သည့် စာရင်းအင်းများကို ဖော်ပြထားပါသည်။ စာရင်းအင်းဦးစီးဌာန (၂၀၁၇) သည် ၎င်း၏ဝက်ဆိုက်တွင် နိုင်ငံခြားသားအလုပ်သမားများနှင့်ဆိုင်သည့် (လုပ်သားအင်အားစစ်တမ်းပေါ်အခြေခံ၍) စုစည်းထားသော အချက်အလက်များကို လွှင့်တင်ထားသောကြောင့် လူအများလေ့လာကြည့်ရှုနိုင်သည့် အဓိက သတင်းရင်းမြစ်နေရာတစ်ခုဖြစ်သည်။ မလေးရှားနိုင်ငံလူဦးရေစုစုပေါင်း၏ ၁၁.၃ ရာခိုင်နှုန်းသည် ရွှေ့ပြောင်းသွားလာသူများဖြစ်သည်ဟု ခန့်မှန်းထားသည်။

## ၂.၄.၃။ စင်္ကာပူ

စင်္ကာပူနိုင်ငံတွင် လူ့စွမ်းအားဝန်ကြီးဌာနအောက်ရှိ လူ့စွမ်းအားသုတေသနနှင့် စာရင်းအင်းဦးစီးဌာနသည် နိုင်ငံခြားသား အလုပ်သမား၏ အလုပ်အကိုင်အမျိုးအစား၊ အလုပ်အကိုင်အရေအတွက်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ဖော်ပြပေးသည်။ ကျား/မ (သို့မဟုတ်) မူရင်းနိုင်ငံနှင့်စပ်လျဉ်း၍ ခွဲခြားဖော်ပြထားခြင်းကို မတွေ့ရပါ။ သို့သော်လည်း နောက်ဆက်တွဲ သတင်းအချက်အလက်များကို သိရှိရယူလိုလျှင် အစိုးရဝက်ဆိုက်မှတစ်ဆင့် မေးမြန်းတောင်းခံနိုင်ပါသည် (Data.gov.sg, 2018)။ ထိုအချက်အလက်များကိုပင် စာရင်းအင်းဦးစီးဌာနတွင် လေ့လာရရှိနိုင်သည်။[၂၉]

၂၀၁၇ နှစ်လယ်ပိုင်းအတွက် ပြုလုပ်သည့် စင်္ကာပူနိုင်ငံ၏ လုပ်သားအင်အားစစ်တမ်းတွင် လုပ်သားအင်အားပေါင်း ၃,၆၅၇,၀၀၀ ရှိသည်ဟု ဖော်ပြထားပြီး ထိုဦးရေအနက်မှ ၂,၂၆၉,၇၀၀ သည် ဒေသခံနေထိုင်သူများဖြစ်သည်ကို ဖော်ပြထားသည် (လူ့စွမ်းအားဝန်ကြီးဌာန)။ အချက်အလက်များသည် အများပြည်သူ လေ့လာတွေ့ရှိနိုင်မှုရှိခြင်း၊ ကောင်းစွာဖော်ပြထားခြင်း၊ ပုံမှန် အချက်အလက်များ ဖြည့်စွက်မွမ်းမံခြင်းများရှိသော်လည်း နိုင်ငံခြားသား လုပ်သားအင်အားနှင့် သက်ဆိုင်သည့် အသေးစိတ် သတင်းအချက်အလက်များကို မတွေ့ရပါ (စာအကွက် (၄) ကိုကြည့်ပါ။)။

တရားဝင်အချက်အလက်များ ရှားပါးမှုကြောင့် မြန်မာနိုင်ငံမှ စင်္ကာပူသို့ ရောက်ရှိနေသည့် အလုပ်သမားအရေအတွက်ကို ခန့်မှန်းရန် ခဲယဉ်းပါသည်။ အချို့သတင်းများတွင် ခန့်မှန်းခြေအရေအတွက်ကိုသာ ဖော်ပြထားသည်။ ဧရာဝတီသတင်း (Zue, 2017)တွင် MOLIP အရာရှိတစ်ဦး၏ မိန့်ခွန်းပြောကြားမှုကို ဖော်ပြထားပြီး မိန့်ခွန်းတွင် အိမ်အကူအလုပ်သမားလုပ်ကိုင်ရန် ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်းကို တားမြစ်ထားသော်လည်း မြန်မာမှ စင်္ကာပူနိုင်ငံသို့ ရောက်ရှိနေသူ အိမ်အကူအလုပ်သမားပေါင်း ခန်းမှန်းခြေ ၄၀,၀၀၀ ခန့်ရှိသည်ဟု ဖော်ပြထားသည်။ အခြားမီဒီယာများ ဖော်ပြချက်အရ မြန်မာအိမ်အကူအလုပ်သမား အများစုသည် စင်္ကာပူနိုင်ငံက အနိမ့်ဆုံးရှိရမည့်အသက်အရွယ်အဖြစ် သတ်မှတ်ထားသည့်အသက် ၂၃နှစ်အောက်ရောက်နေသူများဖြစ်သည်(Gooch,2017)။ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒရေးရာ အင်စတင်ကျူက ထုတ်ဝေသော ဆောင်းပါးတစ်ပုဒ်အရ စင်္ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက စင်္ကာပူနိုင်ငံတွင်ရှိသော မြန်မာရွှေ့ပြောင်းအလုပ်သမား ၃ ပုံ ၁ ပုံသည် မြန်မာအိမ်အကူအလုပ်သမားများဖြစ်သည်ဟု ခန့်မှန်းထားသည်။ အိမ်အကူအလုပ်အပြင် ဆောက်လုပ်ရေး၊ ငါးဖမ်း/ပင်လယ်ပြင်ပိုင်း လုပ်ငန်းကဏ္ဍ (သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ခြင်း၊ သင်္ဘောကျင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း) (Ma, 2017) နှင့် ခရီးသွား လုပ်ငန်း၊ ဧည့်ဝန်ဆောင်မှု လုပ်ငန်းများတွင်လည်း အလုပ်သမားများစွာ ဝင်ရောက်လုပ်ကိုင်နေကြသည်။ လူ့စွမ်းအားဝန်ကြီးဌာန၏ လူ့စွမ်းအားသုတေသနနှင့် စာရင်းအင်းဦးစီးဌာနသည် အလုပ်အကိုင်၊ လုပ်သားဈေးကွက်၊ လုပ်သားအင်အား စသည်တို့နှင့် ပတ်သက်သည့် နိုင်ငံအဆင့်စစ်တမ်းများ (ပြည်သူလူထုသည် ဤစစ်တမ်းများကို အွန်လိုင်းတွင် ဖြည့်နိုင်သည်) ကို ပုံမှန်ဆောင်ရွက်သည်။ အစိုးရသည် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာမူဝါဒများနှင့် အစီအစဉ်များကို ဖော်ဆောင်ရာတွင် ဤသတင်းအချက်အလက်များက အထောက်အကူပြုပါသည်။ ထို့အပြင် အလုပ်ရှင်၊ အလုပ်သမားနှင့် အလုပ်ရှာဖွေသူများအနေဖြင့်လည်း ဤသတင်းအချက်အလက်များ သိရှိခြင်းဖြင့် ဆုံးဖြတ်ချက်မှန်ကန်စွာချမှတ်နိုင်ပြီး ကောင်းစွာစီစဉ်လုပ်ကိုင်နိုင်ကြသည်။

[၂၉] https://www.singstat.gov.sg/statistics တွင် လေ့လာနိုင်ပါသည်။

**စာအကွက် (၄) လူ့စွမ်းအားဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ စင်္ကာပူနိုင်ငံရှိ နိုင်ငံခြားသားအလုပ်သမားများ**

**စင်္ကာပူနိုင်ငံရှိ နိုင်ငံခြားသား အလုပ်သမားများ**

- ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ၊
    - ခန့်မှန်းခြေအားဖြင့် စင်္ကာပူနိုင်ငံ၏ အားကောင်းခိုင်မာသည့် လုပ်သားအင်အား ~ ၃,၆၇၃,၁၀၀ တွင် နိုင်ငံခြားသားအလုပ်သမားများ ၃၈ ရာခိုင်နှုန်း ပါဝင်သည်။
    - စင်္ကာပူနိုင်ငံ၏ ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် နိုင်ငံခြားသားအလုပ်သမား ၂၅၂,၉၀၀ ဦးခန့်ရှိပြီး ခန့်မှန်းခြေအားဖြင့် စုစုပေါင်း လုပ်သားအင်အား ~၄၉၈,၄၀၀ တွင် ၅၁ ရာခိုင်နှုန်း ပါဝင်သည်။
    - စင်္ကာပူနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍတွင် နိုင်ငံခြားသားအလုပ်သမား ၃၆၅,၄၀၀ ဦးခန့်ရှိပြီး၊ ခန့်မှန်းခြေအားဖြင့် စုစုပေါင်း လုပ်သားအင်အား ~၄၈၈,၅၀၀ တွင် ၇၅ ရာခိုင်နှုန်း ပါဝင်သည်။
    - စင်္ကာပူနိုင်ငံ၏ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတွင် နိုင်ငံခြားသားအလုပ်သမား ၇၆၉,၉၀၀ ဦးခန့်ရှိပြီး၊ ခန့်မှန်းခြေအားဖြင့် စုစုပေါင်း လုပ်သားအင်အား ~၂,၆၅၉,၄၀၀ တွင် ၂၉ ရာခိုင်နှုန်း ပါဝင်သည်။

**စင်္ကာပူနိုင်ငံရှိ နိုင်ငံခြားသားအိမ်အကူလုပ်သမားများ (FDWs)**

- ပြီးခဲ့သည့် ၁၀ နှစ်အတွင်း စင်္ကာပူနိုင်ငံရှိ နိုင်ငံခြားသားအိမ်အကူအလုပ်သမားအရေအတွက်သည် ၄၀ ရာခိုင်နှုန်း ပိုမိုများပြားလာပြီး ၂၀၁၇ ခုနှစ်တွင် ၂၄၀,၀၀၀ ကျော်ရှိလာသည်။
- FDWs သည် စင်္ကာပူနိုင်ငံရှိ စုစုပေါင်း ရွှေ့ပြောင်းအလုပ်သမား၏ ၁၈ ရာခိုင်နှုန်းရှိသည် (၂၀၁၇)။
- FDWs-
    - ပြုစုစောင့်ရှောက်ရန်လိုအပ်ချက် - ကလေးသူငယ်များ၊ အသက်ကြီးသူများ၊ မသန်စွမ်းသူများ၊
    - ပြုစုစောင့်ရှောက်ရန် လိုအပ်ချက်မရှိသော အိမ်ထောင်စုများနှင့် အမျိုးမျိုးသော FDW များရှိသည့် အိမ်ထောင်စုများမှ၊
- ထိပ်ဆုံးနိုင်ငံများ - မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊

ရင်းမြစ် - လူ့စွမ်းအားဝန်ကြီးဌာန ဝက်ဆိုက်အချက်အလက် ၂၀၁၈၊ ဖွန်လ ၁၆ ရက်တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်။

## ၂.၄.၄။ ကိုရီးယား သမ္မတနိုင်ငံ

ကိုရီးယားသမ္မတနိုင်ငံတွင် ကျွမ်းကျင်မှုမလိုအပ်သော အလုပ်သမားများပြတ်လပ်မှုကို နိုင်ငံခြားသား အလုပ်သမားများ အစားထိုးခြင်းဖြင့် ဖြည့်ဆည်းရန် ၂၀၀၄ ခုနှစ်မှစတင်၍ EPS စနစ် ကို အကောင်အထည်ဖော်ခဲ့ပါသည်။ လုပ်ငန်းစဉ်တွင် ကိုရီးယားဘာသာစကား စစ်ဆေးခြင်းအတွက် တာဝန်ရှိသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဝန်ဆောင်မှုဌာန၊ အလုပ်အကိုင်ခွင့်ပြုချက်အတွက် အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန၊ ဗီဇာထုတ်ပေးရန်နှင့် နိုင်ငံအဝင်အထွက် တာဝန်ယူဆောင်ရွက်ရသော တရားရေးဝန်ကြီးဌာန တို့ကဲ့သို့သော ကိုးရီးယားသမ္မတနိုင်ငံ အစိုးရဌာနအမျိုးမျိုး ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုပါဝင်သည်။ ဤအစိုးရအေဂျင်စီဌာနများက နိုင်ငံခြားသားအလုပ်သမားများနှင့်ဆိုင်သည့် အချက်အလက်များကို ကောက်ယူသော်လည်း ၎င်းတို့၏ ဝက်ဆိုက်တွင် ထုတ်ပြန်ဖော်ပြထားခြင်း မရှိပါ။ သို့သော်လည်း ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိတွင် မြန်မာအလုပ်သမား စုစုပေါင်း ၃၄,၁၈၃ ဦးသည် EPS စနစ်ဖြင့် ကိုရီးယားနိုင်ငံသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြောင်း MOLIP က ဖော်ပြပါသည်။

ကိုရီးယားသမ္မတနိုင်ငံတွင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာစာရင်းအင်းများကို "နိုင်ငံတကာရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ စာရင်းအင်းများ" တွင် ပါဝင်သည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် ဖော်ပြပါသည်။[၂၄] နှစ်စဉ် အစီရင်ခံစာများကို ၂၀၁၁ ခုနှစ်မှစတင်၍ ထုတ်ဝေခဲ့ပြီး နိုင်ငံအမျိုးမျိုးမှ ရွှေ့ပြောင်းသွားလာသူ အရေအတွက်ကို ပေါင်းစည်း ဖော်ပြထား သည် (အများဆုံးလာရောက်သည့် ထိပ်ဆုံး ၅ နိုင်ငံအတွက် အချက်အလက်များ ဖော်ပြထားသည်)။ "နိုင်ငံတွင်းသို့ ဝင်ရောက်လာသူများနှင့်ဆိုင်သည့် အဓိကစာရင်းအင်း (၂၀၁၆)"[၂၅] သည် အခြားရင်းမြစ်တစ်ခုဖြစ်ပြီး ကိုရီးယားသမ္မတ နိုင်ငံအတွင်း ရွှေ့ပြောင်းအလုပ်သမားများ၏ လူဦးရေဆိုင်ရာ ဝိသေသလက္ခဏာများကို အဓိကဖော်ပြထားသည်။ နိုင်ငံ တကာစာရင်းအင်းဆိုင်ရာ အေဂျင်စီ (Statistics Korea)က ဆောင်ရွက်ခဲ့သော 'နိုင်ငံတွင်းသို့ ဝင်ရောက်လာသူများ၏ နေထိုင်မှုအခြေအနေနှင့် လုပ်သားအင်အားဆိုင်ရာစစ်တမ်း (၂၀၁၇)' တွင် အလုပ်အကိုင်၊ လုပ်ခနှင့် လစာ၊ ပညာရေး၊ ငွေလွှဲပြောင်းပို့ပေးမှု၊ နိုင်ငံတွင်းဝင်ရောက်လာသူများ၏ နေထိုင်မှုကာလ ဆက်လက်အကျိုးသက်ရောက်မှုဆိုင်ရာ အချက်အလက်များကိုဖော်ပြထားသည်။စစ်တမ်းနှင့်ပတ်သက်၍StatisticsKorea(၂၀၁၇)၏အကြောင်းအရာအနှစ်ချုပ် ဖော်ပြချက်တွင် "ကျွမ်းကျင်မှုမလိုအပ်သော နိုင်ငံခြားသားအလုပ်သမားများ" ၏ နိုင်ငံသားများအလိုက် ရာခိုင်နှုန်း အရေအတွက်ကို အကျဉ်းချုပ်ဖော်ပြထားသည်။ သို့သော်လည်း အစီရင်ခံစာတွင် အရေအတွက် အများဆုံးဖြစ်သည့် နိုင်ငံ ၅ နိုင်ငံ (ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ နီပေါနှင့် ဖိလစ်ပိုင်) သာ ပါဝင်သည်။ ဤနိုင်ငံများတွင် မြန်မာနိုင်ငံ မပါဝင်ရခြင်းမှာ စုစုပေါင်း ရွှေ့ပြောင်းအလုပ်သမားအင်အားတွင် မြန်မာနိုင်ငံမှ လုပ်သားပါဝင်မှုနှုန်းနည်းသောကြောင့် ဖြစ်သည်။

## ၂.၄.၅။ ဂျပန်

ပြုစုစောင့်ရှောက်မှုပေးသည့်အလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်သည့် ကျွမ်းကျင်ပညာရှင်ဖြစ်သူ ပါမောက္ခဝကိုအခိတ (Professor Wako Akito) ၏ ပြောကြားချက်အရ Technical Intern and Training Program အစီအစဉ်ဖြင့် ဂျပန်နိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားပေါင်း ၂၇၀,၀၀၀ ရှိသည်ဟု ဆိုသည်။ အများဆုံး အရေအတွက် အဖြစ် ဗီယက်နမ်မှ (၁၀၄,၈၀၀)၊ တရုတ်မှ (၇၉,၉၅၉), ဖိလစ်ပိုင်မှ (၂၅,၇၄၀)၊ အင်ဒိုနီးရှားမှ (၂၀,၃၇၄)၊ ထိုင်းမှ (၇,၈၉၈)၊ ကမ္ဘောဒီးယားမှ (၅,၇၀၄)၊ မြန်မာမှ (၅,၀၁၉)၊ မွန်ဂိုလီးရားမှ (၉၀၀)၊ လာအိုနိုင်ငံမှ (၄၂၂)၊ သီရိလင်္ကာနိုင်ငံမှ (၃၂၈)၊ နီပေါမှ (၂၀၀)တို့ဖြစ်သည်။[၂၆] ဤအစီအစဉ်၏ ရည်ရွယ်ချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံမှ အလုပ်သမားများကို ကျွမ်းကျင်မှု ရရှိစေပြီး ၎င်းတို့၏နိုင်ငံသို့ ပြန်သည့်အခါ ထိုကျွမ်းကျင်မှုများနှင့်အတူ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်း များ ရရှိစေရန် ဖြစ်သည်။ သို့သော်လည်း ရွှေ့ပြောင်းအလုပ်သမားများကို နည်းပါးသည့်လုပ်ခလစာအပြင် အလုပ်သမား များအဖြစ် ပြည့်ဝသည့် ကာကွယ်စောင့်ရှောက်မှု မရှိသည့်အကြောင်းများအပြင် အခြားစိန်ခေါ်မှုများ ရှိနေသည်။

၂၀၁၈ ခုနှစ်၊ ဖွန်လတွင် ဂျပန်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒကောင်စီသည် ဗီဇာစနစ်အသစ် (သတ်မှတ်ကျွမ်းကျင်မှုဆိုင်ရာဗီဇာ) ပြုလုပ်မှုပါဝင်သော လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာမူဝါဒများကို ချမှတ်ခဲ့ပါသည်။ ဤဗီဇာသည် ကျွမ်းကျင်မှု မလိုအပ်သော နိုင်ငံခြားသားအလုပ်သမားများ အတွက် ဖြစ်ကာ ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်ခန့်တွင် ဤဗီဇာစနစ်အောက်တွင် စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ ဟိုတယ်၊ ကုသစောင့်ရှောက်မှု၊ သင်္ဘောတည်ဆောက်မှု လုပ်ငန်းများ၌ အလုပ်သမားပေါင်း ၅၀၀,၀၀၀ ခန့်ထားရန် ဆောင်ရွက်မည် ဖြစ်သည်။ ဤဗီဇာစနစ်ဖြင့် လာရောက်မည့် ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ဂျပန်ဘာသာစကား အရည်အချင်းစစ် စာမေးပွဲကို အောင်မြင်ရမည် ဖြစ်သည်။ သို့သော် မိသားစုဝင်များကို ခေါ်ယူခွင့်ပြုမည် မဟုတ်ပါ။

ဂျပန်နိုင်ငံသို့ အလုပ်သမားစေလွှတ်ရန် လိုင်စင်ခွင့်ပြုချက်ရထားသော မြန်မာနိုင်ငံရှိ အေဂျင်စီအရေအတွက်မှာ တစ်ဖြည်းဖြည်း တိုးပွားလာနေပါသည်။ ယနေ့တွင် မြန်မာအေဂျင်စီအားလုံး၏ ထက်ဝက်နီးပါးခန့်သည် သင်တန်းသား

၂၄ http://kostat.go.kr/portal/eng/pressReleases/8/5/index.board တွင် ပိုမိုလေ့လာနိုင်ပါသည်။

၂၅ http://kostat.go.kr/portal/eng/pressReleases/8/1/index.board တွင် ပိုမိုလေ့လာနိုင်ပါသည်။

၂၆ ၂၀၁၈ ဖွန်လတွင် ချင်းမိုင်၌ပြုလုပ်သည့် MMN ကစီစဉ်သည့် မူရင်းနိုင်ငံ၏အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲတွင် ပါမောက္ခ Wako Akito (ကျိုတိုတက္ကသိုလ်) ကရှင်းလင်းတင်ပြခြင်း၊

များအပြင်၊ သတ်မှတ်ကျွမ်းကျင်မှုဆိုင်ရာ ဗီဇာအမျိုးအစားဖြင့် သွားရောက်လုပ်ကိုင်မည့်သူများကို ဂျပန်နိုင်ငံသို့ စေလွှတ်ရန် လုပ်သားစုဆောင်းခြင်းတွင် ပါဝင်လုပ်ကိုင်နေကြသည်။ MOEAF ၏ လိုက်နာရမည့်ကျင့်ဝတ်(Code of Conduct)ကို လက်မှတ်ရေးထိုးပြီးသည့် အေဂျင်စီများသာလျှင် အလုပ်သမားများကို ဂျပန်နိုင်ငံသို့ စေလွှတ်ခွင့် ရှိသည်။ လိုက်နာရမည့်ကျင့်ဝတ်အရ လိုအပ်သည့်အချက်အလက်ကို လုပ်သားစုဆောင်းသည့် အေဂျင်စီများက ဖြည့်ဆည်း ပေးရန် သေချာစေပြီး စီမံခန့်ခွဲဆောင်ရွက်ခြင်းဖြင့် MOLIP ၊ ILO နှင့် MOEAF တို့အတွက် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ ရွှေ့ပြောင်းသွားလာခြင်းဖြစ်စဉ်ကို စိတ်ဖြာလေ့လာနိုင်ရန် ကောင်းမွန်သည့်အခွင့်အလမ်း ရရှိနိုင်မည်ဖြစ်သည်။

## ၂.၅။ ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာ အချက်အလက် ဒေတာဘေ့စ်

### ၂.၅.၁။ အာဆီယံအတွင်း နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်း အချက်အလက် ဒေတာဘေ့စ်

အာဆီယံဒေသအတွင်း နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းဒေတာဘေ့စ်(ILMS)သည် သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံသားများ ပြည်ပတွင် နေထိုင်လုပ်ကိုင်ခြင်းများနှင့်သက်ဆိုင်သည့် အချက်အလက်များ အပြင် အရှေ့တောင်အာရှအသင်း (အာဆီယံ) ဒေသအတွင်း နိုင်ငံတကာရွှေ့ပြောင်းအလုပ်သမားများ အရေအတွက်၊ ရွှေ့ပြောင်းသွားလာနှုန်းများနှင့်ပတ်သက်၍ စာရင်းအင်းဆိုင်ရာ ရင်းမြစ်များစွာမှ တရားဝင် အစိုးရအချက်အလက်များကို စုစည်းထားခြင်း ဖြစ်သည်။ မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံ နှစ်နိုင်ငံစလုံး၏ အခြေအနေနှင့်ကိုက်ညီမည့် မူဝါဒများကို ရေးဆွဲနိုင်ရန် အလို့ငှာ ILMS သည် အာဆီယံနိုင်ငံများမှ နှိုင်းယှဉ်လေ့လာဖွယ်အချက်အလက်များကို စုစည်းခြင်းနှင့် မျှဝေခြင်းကို အထောက်အကူပြုပါသည်။ အချက်အလက်ဒေတာဘေ့စ်သည် လူဦးရေသန်းခေါင်စာရင်း၊ လုပ်သား အင်အားစစ်တမ်းနှင့် အခြားတရားဝင် စီမံခန့်ခွဲရေးဆိုင်ရာအချက်အလက်များအပါအဝင် တရားဝင်နိုင်ငံ၏ အချက် အလက်ရင်းမြစ်များကို အသုံးပြုပါသည်။ နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာခြင်း ရည်ညွှန်းချက်အရ နှိုင်းယှဉ် လေ့လာနိုင်သည့် ဇယား ၁၉ ခုကို ပြုစုရေးဆွဲထားပြီး ရွှေ့ပြောင်းသွားလာခြင်းအရေအတွက်၊ သွားလာနှုန်းများနှင့် နိုင်ငံသားများ ပြည်ပတွင်နေထိုင်ခြင်းများကို မှတ်တမ်းပြုထားသည်။ ILOSTAT သည် ဤနှိုင်းယှဉ်လေ့လာနိုင်သော အချက်အလက်များကိုဖြည့်ဆည်းပေးထားသည်။ အာဆီယံနိုင်ငံများအတွင်း ရွှေ့ပြောင်းသွားလာခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်၊ စာရင်းအင်းများနှင့်ဆိုင်သည့် ပြည့်စုံကောင်းမွန်သည့် အစီရင်ခံစာတစ်စောင်ကို ဤစီမံကိန်းက ထုတ်ဝေပေးခဲ့ပြီး အချက်အလက်ကွာဟချက်များကို သိသာထင်ရှားစွာ ဖော်ပြပေးထားသည် (ILO, 2015b)။ ဤသို့ ပြုလုပ်ခြင်းအားဖြင့် အရေးကြီးသော ဗဟုသုတနှင့် အသိပညာဆိုင်ရာကွာဟချက်များကို ဖြည့်ဆည်းပေးရာရောက်ပြီး ခိုင်မာအားကောင်းသည့် သုတေသနနည်းလမ်းတစ်ရပ်ကိုလည်း ဖော်ဆောင်ပေးသောကြောင့် မူဝါဒရေးဆွဲသူများနှင့် အခြားသက်ဆိုင်သူများအနေဖြင့် ဒေသအတွင်း နိုင်ငံတကာရွှေ့ပြောင်းလုပ်သားအင်အားကို မှတ်တမ်းပြုခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း ပြုနိုင်သည်။ ILMS ကို ILO ၏ TRIANGLE in ASEAN စီမံကိန်း (အာဆီယံဒေသအတွင်း ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ခြင်းနှင့် မြှင့်တင်ဆောင်ရွက်ခြင်းအတွက် သုံးပွင့်ဆိုင် ဆောင်ရွက်မှုစီမံကိန်း)က ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအတွင်းဝန်များရုံးနှင့် ILO တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် ILMS သည် လုပ်သားရွှေ့ပြောင်းသွားလာ ခြင်းနှင့် ပတ်သက်သည့် အချက်အလက်များ စုစည်းကောက်ယူရန်အတွက် ကမ္ဘာလုံးဆိုင်ရာ နည်းလမ်းတစ်ခု ဖြစ်လာ ပေမည်။

မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းများကောက်ယူခြင်းနှင့် ဖြန့်ဝေခြင်းသည် အခြေတည်စ ကာလတွင်ပင် ရှိနေသေးသည့်အတွက် ILMS တွင် မြန်မာနိုင်ငံနှင့်ဆိုင်သည့် သတင်းအချက်အလက်များမှာ အလွန်ပင် နည်းပါးပါသည်။ ၂၀၁၄ ခုနှစ်အတွက် အချက်အလက်များ ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပြီး ဆိုက်ရောက်နိုင်ငံအလိုက် ပြည်ပတွင်နေထိုင်သည့် မြန်မာလူဦးရေကို ကျား/မ စုစုပေါင်းအရေအတွက်ဖြင့် ဖော်ပြထားပါသည် (ဇယား(၁၀))။

### ဇယား (၁၀)ILMS ဖော်ပြချက်အရ ပြည်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အရေအတွက်

| နိုင်ငံ | အမျိုးသား | အမျိုးသမီး | စုစုပေါင်း |
|---|---|---|---|
| မလေးရှား | - | - | ၃၀၃ ၉၉၆ |
| စင်ကာပူ | - | - | ၇၉ ၆၅၉ |
| ထိုင်း | - | - | ၁၄၁ ၈၄၇၂ |
| တရုတ် | - | - | ၉၂ ၂၆၃ |
| အိန္ဒိယ | - | - | ၁၇ ၉၇၅ |
| ဂျပန် | - | - | ၇ ၅၉၃ |
| ကိုရီးယား | - | - | ၁၄ ၅၉၂ |
| အမေရိကန်ပြည်ထောင်စု | - | - | ၃၇ ၅၇၇ |
| အခြား နိုင်ငံများ | - | - | ၄၉ ၇၇၉ |
| စုစုပေါင်း | ၁ ၂၃၃ ၁၆၈ | ၇၈၈ ၇၄၂ | ၂ ၀၂၁ ၉၁၀ |

မှတ်စု - = ဖော်ပြထားခြင်းမရှိ။

ရင်းမြစ် - ILMS Database in ASEAN, table 13.

### ၂.၅.၂။ OECD အဖွဲ့ဝင်နိုင်ငံများနှင့် OECD အဖွဲ့ဝင်မဟုတ်သောနိုင်ငံများသို့ ဝင်ရောက်လာသူများနှင့် ပတ်သက်သည့် အချက်အလက်ဒေတာဘေ့စ်

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအဖွဲ့အစည်း (OECD) သည် ဖွင်းပြုစုရေးဆွဲထားသည့် OECD အဖွဲ့ဝင်နိုင်ငံများနှင့် OECD အဖွဲ့ဝင်မဟုတ်သောနိုင်ငံများသို့ ဝင်ရောက်လာသူများနှင့်ပတ်သက်သည့် အချက်အလက်ဒေတာဘေ့စ်(DIOC-E)တွင် နိုင်ငံတကာရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်ကို စုစည်းထည့်သွင်းထားပါသည်။ DIOC-E တွင်ပါဝင်သော အချက်အလက်များသည် ဆိုက်ရောက်နိုင်ငံများ၏ လူဦးရေသန်းခေါင်စာရင်းမှ စုစည်းထားခြင်းဖြစ်သည်။ ၂၀၁၀ ခုနှစ် သန်းခေါင်စာရင်းဆောင်ရွက်မှုအပေါ် အခြေခံထားသည့်ရရှိနိုင်သော နောက်ဆုံး အချက်အလက်များတွင် မြန်မာရွှေ့ပြောင်းသွားလာသူများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအပါအဝင် အဓိကဆိုက်ရောက်နိုင်ငံအချို့မှ အချက်အလက်များပါဝင်ပါသည်။ DIOC-E အရ နိုင်ငံအမျိုးမျိုးတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများနှင့်ပတ်သက်သည့် အချက်အလက်ကို ဇယား (၁၁) တွင် ထုတ်နုတ် တင်ပြထားပါသည်။

**ဇယား(၁၁) ၂၀၁၀ ခုနှစ် ဆိုက်ရောက်နိုင်ငံများ၏ သန်းခေါင်စာရင်း အချက်အလက်များအပေါ် အခြေခံ၍ ရွေးချယ်ထားသည့် ဆိုက်ရောက်နိုင်ငံများတွင် ရောက်ရှိနေထိုင်သည့် မြန်မာ နိုင်ငံသားများ။**

| ဆိုက်ရောက်နိုင်ငံ | အလုပ်သမားအရေအတွက် |
|---|---|
| ထိုင်း | ၁ ၃၈၂ ၆၄၇ |
| အမေရိကန်ပြည်ထောင်စု | ၇၀ ၁၄၃ |
| မလေးရှား | ၃၆ ၂၇၄ |
| ဩစတြေးလျ | ၂၀ ၄၆၁ |
| ကနေဒါ | ၇ ၇၇၀ |
| ဂျပန် | ၄ ၅၅၆ |
| နယူးဇီလန် | ၁ ၈၉၆ |

ရင်းမြစ် - OECD, 2018 (DIOC-E Tables)

DIOC-E အချက်အလက်ဒေတာဘေ့စ်တွင် (အသက်အရွယ်နှင့် ကျား/မ ကွဲသို့သော) လူဦးရေဆိုင်ရာ အချက်အလက်များ၊ လုပ်သားအင်အားအခြေအနေ၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်၊ လုပ်ငန်းကဏ္ဍ၊ ပညာဆည်းပူး တတ်မြောက်မှု၊ မွေးရပ်နိုင်ငံနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ပါဝင်သည်။

## ၂.၅.၃။ ကမ္ဘာ့ဘဏ်၏ လွှဲပို့ငွေဆိုင်ရာအချက်အလက် ဒေတာဘေ့စ်

နှစ်စဉ်ရွှေ့ပြောင်းသွားလာခြင်းနှင့် လွှဲပို့ငွေဆိုင်ရာအချက်အလက်စာတမ်း (KNOMAD, 2016) တွင် အဖွဲ့ဝင်နိုင်ငံများ၏ ဗဟိုဘဏ်အသီးသီးက ပေးပို့လာသည့် အချက်အလက်များကို စုစည်းကာ လွှဲပို့ငွေ ခန့်မှန်း ကိန်းဂဏန်း အချက်အလက်များကို တရားဝင်အစီရင်ခံတင်ပြခြင်းဖြင့် ဖော်ပြထားပါသည်။

ဤရင်းမြစ်အရ ပြည်ပသို့ရောက်ရှိနေသည့် စုစုပေါင်းရွှေ့ပြောင်းသွားလာသူအရေအတွက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ပြည်ပသို့ထွက်ခွာသူအများဆုံးဖြစ်သည့်နိုင်ငံ ၂၀ စာရင်းတွင် ပါဝင်ပြီး မြန်မာ-ထိုင်း ရွှေ့ပြောင်း သွားလာမှုလမ်းကြောင်းသည် ကမ္ဘာပေါ်တွင် ၁၆ ခုမြောက် အများဆုံး ရွှေ့ပြောင်းသွားလာသည့် လမ်းကြောင်းတစ်ခု ဖြစ်သည်။ လွှဲပို့ငွေများသည် ၂၀၁၄ ခုနှစ်တွင် GDP ၏ ၄.၈ ရာခိုင်နှုန်းခန့် ရှိသည် (KNOMAD, 2016)။

ပြည်တွင်းသို့ဝင်ရောက်လာသည့် လွှဲပို့ငွေများနှင့်ပတ်သက်သည့် အချက်အလက် (၂၀၁၈) အရ မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၂၈ သန်းရရှိရာမှ ၂၀၁၇ ခုနှစ်တွင် အမေရိကန် ဒေါ်လာသန်းပေါင်း ၇၂၃ သန်းသို့ တိုးတက်ရရှိခဲ့သည်။ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ တိုးတက် ရရှိလာခြင်းဖြစ်သည်။ သို့သော်လည်း အချက်အလက်များအရ ဘဏ်လားဒေ့ရှ်နိုင်ငံသည် လ တစ်လတည်းတွင်ပင် ယင်းပမာဏထက် ကျော်လွန်ရရှိသည်ကို တွေ့ရသည် (World Bank, 2018)။ တရားဝင်နှင့် ပုံစံတကျ ရှိသော ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ အကန့်အသတ်ဖြင့် ရှိခြင်းနှင့် ဟွန်ဒီစနစ်အဆင်ပြေလွယ်ကူမှုကြောင့် ပုံစံတကျမရှိသော ဟွန်ဒီစနစ်မှတစ်ဆင့် ငွေများကို မြန်မာရွှေ့ပြောင်း အလုပ်သမားအများစုက လွှဲပို့နေသည့် အကြောင်းကြောင့် ကွဲပြားခြားနားမှုများ ရှိနိုင်သည်။

## ၂.၅.၄။ UNDESA လူဦးရေဆိုင်ရာဌာန၏ နိုင်ငံတကာရွှေ့ပြောင်းသွားလာခြင်း အစီရင်ခံစာ

ဤအစီရင်ခံစာတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ရွှေ့ပြောင်းသွားလာခြင်းနှင့်ဆိုင်သည့် အချက်အလက်များကို စုစည်း ထားပြီး လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ ယခင်ဦးတည်ရာလမ်းကြောင်းများနှင့် အနာဂတ်ဖြစ်နိုင်ချေ ခန့်မှန်းမှုများကို စုစည်းဖော်ပြထားသည်။ ဤအစီရင်ခံစာသည် ကုလသမဂ္ဂစနစ်အတွင်း သက်ဆိုင်ရာနိုင်ငံများက မူဝေ

ထားသည့် လူဦးရေသန်းခေါင်စာရင်း၊ လုပ်သားအင်အားစစ်တမ်းနှင့် အခြားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များအပါအဝင် အမျိုးမျိုးသော ရင်းမြစ်များအပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။

နိုင်ငံတကာရွှေ့ပြောင်းသွားလာခြင်းအစီရင်ခံစာ (၂၀၁၇) - စိတ်ဝင်စားဖွယ်အချက်များ အမည်ရှိ အစီရင်ခံစာတွင် ၂၀၁၀ ခုနှစ်မှစ၍ ဒေသများအတွင်း လေ့လာတွေ့ရှိခဲ့သည့် ရွှေ့ပြောင်းသွားလာမှုပုံစံများကို အသေးစိတ်တိကျစွာ ဖော်ပြထားခြင်းအပြင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်း ဦးတည်ရာလမ်းကြောင်း/ အလားအလာများကို စိတ်ဖြာလေ့လာခြင်းအား ဖော်ပြထားပါသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ရည်ညွှန်းချက်အရ အစီရင်ခံစာတွင် ရွှေ့ပြောင်းသွားလာသူအရေအတွက်၊ အမျိုးသမီးရွှေ့ပြောင်းသွားလာသူ အရေအတွက်နှင့် ရွှေ့ပြောင်းသွားလာသူများ၏ ပျမ်းမျှအသက်အရွယ်နှင့်ဆိုင်သည့် ကိန်းဂဏန်း အချက်အလက်များကို ဖော်ပြထားပါသည် (ဇယား (၁၂))။

## ဇယား (၁၂) UNDESA အစီရင်ခံစာအရ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းသွားလာခြင်း။

| | ၂၀၁၀ | ၂၀၁၇ |
|---|---|---|
| **နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများ အရေအတွက် (၀၀၀ ဖြင့်) (ထောင်ဂဏန်း)** | ၉၈ | ၇၅ |
| **လူဦးရေ၏ % ဖြင့် နိုင်ငံတကာ/ပြည်ပ ရွှေ့ပြောင်းသွားလာသူများ** | ၀. ၂ | ၀. ၁ |
| **နိုင်ငံတကာရွှေ့ပြောင်းသွားလာသူများတွင်ပါဝင်သည့် အမျိုးသမီးများ (%)** | ၄၆. ၈ | ၄၅. ၂ |
| **နိုင်ငံတကာရွှေ့ပြောင်းသွားလာသူများ၏ပျမ်းမျှ အသက်အရွယ် (နှစ်)** | ၃၀. ၇ | ၃၆. ၉ |

ရင်းမြစ် - UNDESA, Population Division, 2017.

## ၂.၅.၅။ ရွှေ့ပြောင်းသွားလာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ အသိပညာရေးရာ မိတ်ဖက်ပြုဆောင်ရွက်မှု (KNOMAD)

KNOMAD သည် ရွှေ့ပြောင်းသွားလာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာနှင့် မူဝါဒရေးရာကျွမ်းကျင်မှုများနှင့် ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ အချက်အလက်များသိုမှီးရာနေရာ/ဝက်ဆိုက်တစ်ခုဖြစ်သည်။ KNOMAD ၏ရည်ရွယ်ချက်မှာ အချင်းချင်း အပြန်အလှန်လေ့လာသုံးသပ်မှုများမှတစ်ဆင့် စိတ်ဖြာလေ့လာမှု အထောက်အထားများ၊ မူဝါဒများအပေါ် အကဲဖြတ် သုံးသပ်ခြင်း၊ အချက်အလက် စုစည်းကောက်ယူမှု၊ အရည်အသွေးကြီးကြပ်မှုစနစ်များအပေါ် အခြေခံ၍ မူဝါဒရွေးချယ်မှုများနှင့်ပတ်သက်သည့် စာရင်း(မီနူး)တစ်ခုထွက်ပေါ်လာရန်ဖြစ်သည်။ ၎င်းသည် နည်းပညာဆိုင်ရာ အကူအညီများပေးပြီး ရှေ့ပြေးစီမံကိန်းများကိုဆောင်ရွက်သည်။ KNOMAD သည် အောက်ပါတို့နှင့်စပ်လျဉ်း၍ အထောက်အကူပြု စာရွက်စာတမ်းများနှင့် အချက်အလက်များကို ထုတ်ဝေထားပါသည်။

- ရွှေ့ပြောင်းသွားလာခြင်းနှင့် လူဦးရေဆိုင်ရာ ပြောင်းလဲမှုများနှင့်ဆိုင်သည့် အချက်အလက်များ၊
- လုပ်သားရွှေ့ပြောင်းသွားလာခြင်း၊
- အိမ်ရှင်နိုင်ငံရှိ လူမှုအသိုက်အဝန်းအတွင်း ပေါင်းစည်းနေထိုင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊
- မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ ဆက်စပ်ကိုက်ညီမှု၊
- ရွှေ့ပြောင်းသွားလာခြင်း၊ ဘေးကင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊
- ရွှေ့ပြောင်းသွားလာခြင်းတွင် ရွှေ့ပြောင်းသွားလာသူများ၏ အခွင့်အရေးနှင့် လူမှုဆိုင်ရာလက္ခဏာ သွင်ပြင်များ၊
- ငွေကြေးဆိုင်ရာနှင့် အရင်းအနှီးဈေးကွက်များတွင် ဝန်ဆောင်မှုရရှိနိုင်မှုအပါအဝင် လွှဲပို့ငွေများ၊
- လူမှုရေးရာနှင့် စီးပွားရေးအပြောင်းအလဲကို ဖြစ်ပေါ်စေရန် ပြည်ပတွင်အခြေချနေထိုင်သူများ၏ အရင်းအမြစ်စွမ်းအားများကို စုစည်းဆောင်ရွက်ခြင်း၊

- သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် ရွှေ့ပြောင်းသွားလာခြင်း၊
- ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း
- အဓမ္မရွှေ့ပြောင်းသွားလာစေခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု၊

## ၂.၅.၆။ ကုလသမဂ္ဂ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖွဲ့

နည်းပညာဆိုင်ရာ ကုမ္ပဏီများ (ဆက်သွယ်ရေး)၊ ဘဏ်လုပ်ငန်းကဏ္ဍတို့နှင့် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကုလသမဂ္ဂ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖွဲ့သည် လွှဲပို့ငွေများ ဘေးကင်းလုံခြုံစွာဖြင့် လွှဲပြောင်း ပေးပို့နိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ပါသည်။ ငွေကြေးဆိုင်ရာ အေဂျင်စီများ၊ အထူးသဖြင့် ဘဏ်များသည် (ရွှေ့ပြောင်းသွားလာသူ အိမ်ထောင်စုများအပါအဝင်) ဝန်ဆောင်မှုလက်ခံရရှိသူ/သုံးစွဲသူများ၏ အချက်အလက်များ (KYC)ကို ကောက်ယူစုစည်းထားလေ့ရှိပြီး အဆိုပါ အချက်အလက်များကို စိတ်ဖြာလေ့လာခြင်းအားဖြင့် ရွှေ့ပြောင်း အလုပ်သမားများ၏ အိမ်ထောင်စုဆိုင်ရာလက္ခဏာရပ်များနှင့် ၎င်းတို့၏ လွှဲပို့ငွေဆိုင်ရာပုံစံများ၊ ကြိုက်နှစ်သက်မှုများနှင့် ပတ်သက်၍ ပိုမိုနားလည်သိမြင်စေနိုင်ပါသည်။

# ၃။ အကြံပြုတိုက်တွန်းချက်များ

အထောက်အထားအခြေပြု မူဝါဒရေးဆွဲချမှတ်မှုကို အထောက်အကူပြုရန် နိုင်ငံတကာနှင့် နှိုင်းယှဉ်လေ့လာနိုင်သော ညွှန်းကိန်းများအတွက် ကျား/မ၊ အသက်အရွယ်နှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အခြေအနေများအလိုက် ခွဲခြားဖော်ပြထားသော ယုံကြည်စိတ်ချရသော အချက်အလက်များ လိုအပ်နေပါသည်။ ဤသို့ဖြစ်ရန်မှာ ကုလသမဂ္ဂက ပံ့ပိုးကူညီနိုင်သည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းများနှင့်ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများအလိုက် စုစည်းကောက်ယူခြင်းနှင့် စိတ်ဖြာလေ့လာခြင်းတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် လိုအပ်ပါသည်။ နိုင်ငံများသည် လူဦးရေသန်းခေါင်စာရင်းများတွင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာမေးခွန်းများ ထည့်သွင်းသင့်ပြီး မွေးဖွားရာနိုင်ငံ (သို့) နိုင်ငံသားဖြစ်မှုအပြင် ရောက်ရှိသည့်ခုနှစ်နှင့် ရွှေ့ပြောင်းသွားရသည့် အကြောင်းရင်း စသည့်မေးခွန်းများကိုလည်း ထည့်သွင်းသင့်ပါသည်။ ဤသို့အားဖြင့် ယခင်ရွှေ့ပြောင်းသွားလာမှုများနှင့် ရွှေ့ပြောင်းသွားလာရသည့် အကြောင်းရင်းများကို ခန့်မှန်းတွက်ချက်ဖော်ပြနိုင်မည်ဖြစ်သည် (ကုလသမဂ္ဂ၊ ၂၀၁၇)။

## ၃.၁။ စံပြုသတ်မှတ်ထားသည့် အမိပ္ပါယ်ဖွင့်ဆိုချက်နှင့် သဘောတရားများ

အချက်အလက်ကောက်ယူခြင်းနှင့်ပတ်သက်၍ အစိုးရ၏ ချဉ်းကပ်ဆောင်ရွက်မှုတစ်ရပ်လုံးတွင် လုပ်သားရွှေ့ပြောင်းသွားလာခြင်းအတွက် စံပြုသတ်မှတ်ထားသော အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် သဘောတရားများကို ချမှတ်ကျင့်သုံးမှုပါဝင်နိုင်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ဝန်ကြီးဌာနများအကြား အချက်အလက် နှိုင်းယှဉ်မှုများနှင့် ဆက်စပ်ကိုက်ညီမှုရှိသော မူဝါဒများကို ဖော်ဆောင်ရာတွင် အထောက်အကူပြုမည် ဖြစ်သည်။

ထို့အပြင် မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံများအကြား အဓိပ္ပါယ်ဖွင့်ဆိုချက်များအပေါ် သဘောတူခြင်းဖြင့် နှိုင်းယှဉ်လေ့လာဖွယ် သတင်းအချက်အလက်များ လိုအပ်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ (MOU)များအပါအဝင် မူဝါဒရေးဆွဲချမှတ်မှုများအတွက် အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။ ဥပမာအားဖြင့် လူမှုဖူလုံရေးလွှဲပြောင်းအကျိုးခံစားခွင့်၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ကလေးသူငယ်များအတွက် ပညာရေး၊ မွေးစာရင်းနှင့်သေစာရင်းအပါအဝင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ဦးတည်ရာလမ်းကြောင်း/အလားအလာများနှင့် ရလဒ်များကိုစိတ်ဖြာလေ့လာခြင်းတို့ ဖြစ်သည်။[၂၉]

## ၃.၂။ စွမ်းဆောင်ရည် တိုးတက်စေခြင်း

လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာစာရင်းအင်းများကို စုစည်းကောက်ယူရန်နှင့် စိတ်ဖြာလေ့လာရန် ဗဟိုစာရင်းအင်းအဖွဲ့ (CSO) ၏ စွမ်းဆောင်ရည်ကို တိုးတက်စေရန်ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် CSO သည် တာဝန်ကျရာဌာနများ၏စာရင်းအင်းဌာနခွဲများအတွက် သင်တန်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း လုပ်ပိုင်ခွင့်ကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကြီးမားသည့်အတိုင်းအတာဖြင့် စစ်တမ်းကောက်ရန်အတွက် နည်းပညာဆိုင်ရာအကြံဉာဏ်များ ဖြည့်ဆည်းပေးခြင်း၊ အရည်အသွေး ကြီးကြပ်ခြင်းအတွက် CSO ၏တာဝန်ဝတ္တရားများကိုလည်း ပံ့ပိုးရာရောက်ပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (DOL) ၏ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲနှင့် သုတေသနနှင့် သင်တန်းဌာနခွဲသည် ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ ခွဲခြမ်းစိတ်ဖြာလေ့လာသော မူဝါဒဦးစားပေး စာတမ်းများကို ပြင်ဆင်ရန်အလို့ငှာ

---

[၂၉] ဒုတိယငါးနှစ်တာ NPA (၂၀၁၈–၂၀၂၂) တွင် "လုပ်သားရွှေ့ပြောင်းခြင်းကို စီမံခန့်ခွဲခြင်းနှင့် အုပ်ချုပ်ခြင်းကဏ္ဍကို ပိုမို တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ခြင်း" အောက်တွင် လုပ်ငန်းစီမံချက်တစ်စိတ်တစ်ပိုင်းအဖြစ် DOL ၏ သုတေသနနှင့် စွမ်းဆောင်ရည်တည်ဆောက်ရေးဌာနခွဲ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ရန် ဖော်ပြထားသည်။

အချက်အလက်နှင့် သတင်းရင်းမြစ်များကို စိတ်ဖြာလေ့လာခြင်းတွင် လုပ်ငန်းစွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရန် ILO၊ IOM ၊ ကမ္ဘာ့ဘဏ်နှင့် သုတေသနအဖွဲ့အစည်းများအပါအဝင် နည်းပညာဆိုင်ရာ အေဂျင်စီအဖွဲ့များ၏ ပံ့ပိုးကူညီမှုကို ကောင်းစွာ ရယူအသုံးချနိုင်ပါသည်။

## ၃.၃။ စနစ်များတိုးတက်ကောင်းမွန်စေခြင်း

ကွန်ပြူတာ/ဆော့ဝဲဖြင့်အချက်အလက်များကို သိမ်းဆည်းနိုင်ပြီး မျှဝေရယူသုံးစွဲရလွယ်ကူသော ပေါင်းစပ် စုစည်းထားသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်စီမံခန့်ခွဲရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်ချက် ရှိနေပါသည်။ အေဂျင်စီဌာနအမျိုးမျိုးက စုစည်းကောက်ယူထားသည့် အချက်အလက်များ ပေါင်းစည်းခြင်းကို သက်ဆိုင်ရာ ဌာနများအကြား သင့်လျော်သည့် MOU သဘောတူညီချက်ဖြင့် သေချာဆောင်ရွက်ရန် လိုအပ်ပါသည်။ ကွန်ပြူတာစနစ်ဖြင့် အချက်အလက်ကောက်ယူခြင်းကို အပြည့်အဝ အလိုအလျောက်ဆောင်ရွက်သည့် စနစ်ထားရှိခြင်းဖြင့် လူ့အမှားများကို လျှော့ချနိုင်သည့်အပြင် လွယ်ကူစွာ ရယူသုံးစွဲနိုင်ပြီး စိတ်ဖြာလေ့လာနိုင်မှုကို သေချာစေသည်။ အကောင်အထည်ဖော်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာနှင့် လူ့စွမ်းအားအရင်းအမြစ်များကို အစီအစဉ်ရေးဆွဲ ဆောင်ရွက်ရန် လိုပါသည်။

စီမံခန့်ခွဲရေးမှတ်တမ်းအတွက် မည်သူမည်ဝါဖြစ်ကြောင်း/သက်သေခံနံပါတ် (ဥပမာ။ ။ ပတ်စ်ပို့ (သို့) CI နံပါတ်၊ OWIC နံပါတ်၊ လူမှုဖူလုံရေးနံပါတ်) ပါဝင်သည့် ကောင်းစွာဒီဇိုင်းရေးဆွဲထားသော စာရင်းအင်းဆိုင်ရာ အချက်အလက်ဒေတာဘေ့စ်ကို စတင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအဆင့်စာရင်းအင်းဆိုင်ရာစနစ်သည် လူတစ်ဦးက အခြားနိုင်ငံ တစ်နိုင်ငံသို့ ရွှေ့ပြောင်းသွားခြင်း (သို့မဟုတ်) နိုင်ငံမှ ထွက်ခွာသွားခြင်း (အခြေအနေအမျိုးမျိုးကြောင့် ရွှေ့ပြောင်းသွားလာရန်ဖြစ်နိုင်ခြင်း)ကို ကွန်ပြူတာစနစ်ဖြင့် မှတ်တမ်းပြုခြင်းဖြင့် ရွှေ့ပြောင်းသွားလာသူ အရေအတွက်ကို တိကျစွာ ခန့်မှန်းနိုင်မည်ဖြစ်သည်။ မည်သည့် ကွန်ပြူတာဆော့ဝဲကို အသုံးပြုသည်ဖြစ်စေ အချက်အလက်များကို အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းပြီးပါက သက်ဆိုင်ရာ မေးခွန်းများအလိုက် အချက်အလက်များကို ဖြည့်ဆည်းပေးမည့် ပရိုဂရမ် လုပ်ဆောင်ချက်တစ်ခုကို ပြုလုပ်နိုင်ပါသည်။ ဤနည်းဖြင့် အစီရင်ခံစာများကို အလိုအလျောက် ရရှိနိုင်သလို အချက်အလက် ကောက်ယူခြင်းအတွက် အသုံးပြုသည့် ဆော့ဝဲ (သို့မဟုတ်) ပရိုဂရမ်အမျိုးအစား အများအပြား အသုံးပြုနိုင်သည့် IT ပညာရှင်ဝန်ထမ်းဖြင့်လည်း ဆောင်ရွက်နိုင်ပါသည်။ ရေးဆွဲထားသည့် အကြောင်းအရာနှင့် ရှုပ်ထွေးများပြားမှုအလိုက် အသုံးပြုမည့် ဆော့ဝဲများသည်လည်း အမျိုးမျိုး ကွဲပြားနိုင်ပါသည်။

မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံနံပါတ်များ စုစည်းထားသည့် အချက်အလက်ဒေတာဘေ့စ်ကို အီလက်ထရောနစ်စနစ်ဖြင့် ပြည်ပမထွက်ခွာမီ လုပ်ငန်းစဉ်အားလုံးသို့ ချိတ်ဆက်နိုင်သည့်အပြင် ဆိုက်ရောက်နိုင်ငံတွင်သော်လည်းကောင်း နေရပ်သို့ ပြန်လာလျှင်သော်လည်းကောင်း ရွှေ့ပြောင်းအလုပ်သမားတစ်ဦးချင်းစီ၏ လူမှုဖူလုံရေးကို စစ်ဆေးကြည့်ရှုနိုင်ပါသည်။ ထိုစနစ်ကို နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်သို့ ချိတ်ဆက်ခြင်း ပါဝင်နိုင်ပါသည်။[၂၈]

## ၃.၄။ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

နှိုင်းယှဉ်လေ့လာနိုင်မှုကို သေချာစေရန် အချက်အလက်စုစည်းကောက်ယူသည့်စနစ် ဟန်ချက်ညီ ဆက်စပ် ကိုက်ညီမှုရှိစေရန်အတွက် တိုက်တွန်းအားပေးရန် ဖြစ်သည်။

ဗဟိုစာရင်းအင်းအဖွဲ့ (CSO) ကို နိုင်ငံအဆင့် စာရင်းအင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်သူအဖြစ် တရားဝင်လုပ်ပိုင်ခွင့်ပေးရန်နှင့် နိုင်ငံအတွက် အမျိုးသားစာရင်းအင်းစနစ်များ တည်ထောင်ရန် ဗဟိုစာရင်းအင်း အာဏာပိုင် အက်ဥပဒေ (Central Statistical Authority Act) ကို ပြန်လည်သုံးသပ်ရန်လိုပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ရှင်းလင်းပြတ်သား

---

[၂၈] ရွှေ့ပြောင်းသွားလာခြင်းလုပ်ငန်းစဉ်တစ်ရပ်လုံးအတွက် (အလုပ်ခေါ်စာ၊ LEO ၊ OWIC ၊ ပြည်ပမထွက်ခွာမီသင်တန်း၊ ကျန်းမာရေး စစ်ဆေးခြင်း၊ appointment letter စိစစ်ခြင်းလုပ်ငန်းစဉ်၊ စသည့်) လုပ်ငန်းစဉ်များနှင့် (ပြည်ပထွက်ခွာခြင်း၊ ဆိုက်ရောက်နိုင်ငံများတွင် တိုင်ကြားမှုနှင့် နစ်နာမှုများ ပြန်လည်ကုစားခြင်း/လျော်ကြေး ပေးခြင်း၊ နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများ) စသည့်လုပ်ငန်းစဉ်များ ချိတ်ဆက်ဆောင်ရွက်နိုင်သည်။

သည့် ညှိနှိုင်းဆောင်ရွက်ရေးယန္တရားများ၊ တာဝန်ဝတ္တရားများနှင့် အခန်းကဏ္ဍ၊ စံချိန်စံညွှန်းနှင့် အရည်အသွေး အာမခံချက်တည်ဆောက်မှု၊ တရားဝင်စာရင်းအင်းများအတွက် ရှင်းလင်းပြတ်သားသော အဓိပ္ပါယ်ဖွင့်ဆိုချက်တို့ကို သေချာစေမည်ဖြစ်သည်။

အချက်အလက်များကို လွယ်ကူစွာ ရယူနိုင်သည့်နည်းလမ်း၊ CSO နှင့် မည်သည့်ကာလတွင် မည်သို့ မျှဝေမည် စသည့် အချက်များနှင့်အညီ အဖွဲ့အစည်းတစ်ခုချင်းစီက အချက်အလက်များကို အမျိုးအစားနှင့် အုပ်စုခွဲရန် လမ်းညွှန်ပေးမည့် ရှင်းလင်းတိကျသည့် အချက်အလက်ကာကွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဥပဒေပြဋ္ဌာန်းမှုတွင် ရေးဆွဲချမှတ်ရန်လည်း လိုအပ်နေပါသည်။ ထိုသို့ အမျိုးအစားခွဲခြင်းတွင် လျှို့ဝှက်ထားရှိမှု၊ ခွင့်ပြုချက်လိုအပ်မှု၊ အများပြည်သူ ရယူနိုင်မှုတို့ ပါဝင်နိုင်ပါသည်။

ဦးစီးဆောင်ရွက်သည့် အေဂျင်စီများအကြား စေ့စပ်ညှိနှိုင်းထားသည့် တရားဝင် MOU ဖြင့် အချက်အလက် မျှဝေခြင်းနှင့် အမျိုးအစားခွဲခြားခြင်းကို သဘောတူဆောင်ရွက်နိုင်ပြီး မည်သည့် အချက်အလက်များကို သုံးစွဲနိုင်သည်၊ စာရင်းအင်း အေဂျင်စီ၏ တာဝန်ဝတ္တရားများ၊ အချက်အလက်ပေးပို့ဖြည့်ဆည်းပေးမည့် အချိန်ကာလ/အကြိမ်အရေအတွက်နှင့် သဘောတူထားသည့်ဖြည့်ဆည်းပေးမည့်အချက်အလက်အသေးစိတ်အဆင့်စသည်တို့ပါဝင်သည့်စည်းကမ်းသတ်မှတ်ချက်များဖြင့် ဆောင်ရွက်နိုင်ပါသည်။

ဌာနမျိုးစုံက ထိတွေ့ဆောင်ရွက်ရသည့်အေဂျင်စီဖြစ်သည်နှင့်အညီ ဗဟိုစာရင်းအင်းအဖွဲ့(CSO)သည် အစိုးရ အချက်အလက်နှင့် စာရင်းအင်းများအား မှတ်တမ်းပြုသိမ်းဆည်းရာဌာနအဖြစ် တာဝန်ရှိပါသည်။ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးရေး အမျိုးသားအဆင့်မဟာဗျူဟာ (NSDS) တွင် ၎င်းကို စာရင်းအင်းသတင်းအချက်အလက်ဆိုင်ရာ အာဏာပိုင်အဖွဲ့တစ်ခု အဖြစ်နှင့် သက်ဆိုင်ရာတာဝန်ရှိသည့်ဌာနများကို ပံ့ပိုးပေးသည့်ဌာနအဖြစ် ဖော်ပြထားသည်။ ဤအခြေအနေအရ အချက်အလက်ကောက်ယူရန်အတွက် CSO က ဖွဲ့စည်းထားသော အစုအဖွဲ့ငယ်များသည် အချက်အလက် ကောက်ယူသည့်လုပ်ငန်းစဉ်များအပြင် စိတ်ဖြာလေ့လာခြင်းတို့နှင့် ပတ်သက်၍ အကြံပေးခြင်းတွင် အရေးပါပါသည်။[၂၉] ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်ပမာဏနှင့် အရေးပါပုံကို ထောက်ရှုခြင်းဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းအချက်အလက်များ ကောက်ယူခြင်းကို လူမှုရေးနှင့် ဖွား/သေစာရင်းအင်းအချက်အလက်များဆိုင်ရာ အစုအဖွဲ့/လုပ်ငန်းအဖွဲ့တွင်ပေါင်းစပ်ထည့်သွင်းထားမည့်အစားအလုပ်သမား၊အလုပ်အကိုင်နှင့်ရွှေ့ပြောင်းသွားလာခြင်း ပါဝင်သော သီးသန့်အစုအဖွဲ့/လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတည်ထောင် ဆောင်ရွက်သင့်ပါသည်။

အချက်အလက်အသုံးပြုသူများ (မူဝါဒရေးဆွဲသူများ) နှင့် အချက်အလက်ပြုစုထုတ်ဝေသူများ (CSO အပါအဝင်) အကြား လွယ်ကူရှင်းလင်းသော ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုကို တည်ထောင်သင့်ပါသည်။ CSO ကိုယ်စားလှယ်များ၊ နည်းပညာပိုင်းဆိုင်ရာနှင့် မူဝါဒကျွမ်းကျင်ပညာရှင်များအပါအဝင် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပါဝင်သက်ဆိုင်သူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သည့် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒရေးရာအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းသင့်ပါသည်။

လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒရေးရာအဖွဲ့၏ လုပ်ပိုင်ခွင့်တွင်အောက်ပါတို့ ပါဝင်နိုင်ပါသည်။ -

- စာရင်းအင်း ပြုစုထုတ်ဝေခြင်းအတွက် လိုအပ်နိုင်သည့် မြုပ်ကွယ်နေသည့်အချက်အလက်နှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒရေးဆွဲရန်အတွက် လိုအပ်သော စာရင်းအင်းများနှင့်ပတ်သက်သည့် ရှင်းလင်းသော လမ်းညွှန်ချက်ပေးခြင်း၊
- အစိုးရဌာနများ (စီမံခန့်ခွဲရေးအချက်အလက်) နှင့် CSO အကြား လုပ်သားရွှေ့ပြောင်းသွားလာခြင်း အချက်အလက်များ ကောက်ယူခြင်းတွင် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ကိုက်ညီဆောင်ရွက်ခြင်း၊

[၂၉] လက်ရှိအချိန်အထိ NSDS တွင် အစုအဖွဲ့ ၆ခုပါဝင်ပြီး ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည် - National Account and Statistics; Survey Coordination and Statistical Standards; Social and Vital Statistics; Agricultural and Rural Statistics; Energy and Environment Statistics; and Trade and Investment Sector Statistics.

- အချက်အလက်၊ စာရင်းအင်းများနှင့်ပတ်သက်၍ မူဝါဒ စိတ်ဖြာလေ့လာခြင်းတွင် ညှိနှိုင်းဆောင်ရွက်ခြင်း၊
- သီးခြား မူဝါဒဆောင်ရွက်ချက်များ သက်ဆိုင်မှုရှိ/မရှိနှင့် အကျိုးသက်ရောက်မှုရှိ/မရှိကို အကဲဖြတ်ရန် လုပ်သားရွှေ့ပြောင်းသွားလာခြင်းနှင့် သက်ဆိုင်သည့် မူဝါဒများအတွက် စောင့်ကြည့်လေ့လာရေး မူဘောင်တစ်ရပ် ကို ချမှတ်ဆောင်ရွက်ခြင်း၊

အများပြည်သူဝန်ဆောင်မှုဌာနများ၊ စာရင်းအင်းဆိုင်ရာရုံးများ၊ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၊ ပညာရပ်သင်ကြားမှုအဝန်းအဝိုင်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအပါအဝင် အမျိုးမျိုးသောပါဝင်သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သင့်ပါသည်။ ဤစာတမ်းတစ်လျှောက်တွင် ဖော်ပြပြီးခဲ့သည့်အတိုင်း နေရာကဏ္ဍမျိုးစုံ၌ အချက်အလက်ကောက်ယူနေသည့် အမျိုးမျိုးသော အဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အရေးပေါ် လိုအပ်သည့်အပြင် အချက်အလက်များကို ကိုက်ညီမှုနှင့် စနစ်ကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤသို့ ဆောင်ရွက်ရာတွင် ဌာနတူအဆင့်များအချင်းချင်း ဆက်သွယ်ရန်နှင့် သတင်းအချက်အလက်များကို အထက်နှင့်အောက် ဌာနများအချင်းချင်း မျှဝေသည့်စနစ်များ ပါဝင်ပါသည်။ MOLIP သည် ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်၍ အားလုံးအကျုံးဝင်ပါဝင်သော သတ်မှတ်ထားသည့် အချက်အလက်ဒေတာဘေ့စ်ကို ရေးဆွဲတည်ထောင်နိုင်ပါသည်။

ဌာနပေါင်းစုံက ထိတွေ့ဆောင်ရွက်ရသည့်အဓေ့ဂျင်စီအဖြစ် CSO သည် အချက်အလက်စုစည်းကောက်ယူခြင်း စိတ်ဖြာလေ့လာခြင်း၊ အစီရင်ခံစာဖြန့်ဝေခြင်းနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်မှုအခန်းကဏ္ဍကို ရယူ ဆောင်ရွက်ရန်လိုသည်။ အများပြည်သူသို့ထုတ်ပြန်မည့် နိုင်ငံတကာ/ပြည်ပ လုပ်သားရွှေ့ပြောင်းသွားလာခြင်းများနှင့်ပတ်သက်၍ သင့်လျော်သော စီမံခန့်ခွဲရေးအချက်အလက်များကို DOL မှ ရာဖွေရရှိနိုင်ရန် သတင်းအချက်အလက် ထုတ်ဖော်ပြောကြားခြင်းလက်ရှိအဆင့်ကို သုံးသပ်ရန်လိုပြီး ဘက်စုံပြည့်စုံကောင်းမွန်သော အသုံးပြုသူ တုံ့ပြန်အကြံပေးမှုယန္တရားကို တည်ဆောက်သင့်ပါသည်။

CSO သည် ဝန်ကြီးဌာနများ၊ အခြားဌာနများနှင့် တန်းတူညှိနှိုင်းဆောင်ရွက်မှုကို စိန်ခေါ်မှုအဖြစ် ဖော်ထုတ် တင်ပြထားပါသည်။ ဤအခြေအနေအရ သင့်လျော်ပြီး လုံလောက်၍ အချိန်နှင့်တစ်ပြေးညီ အချက်အလက် စုစည်းနိုင်ရန် ဌာနတွင်း အချက်အလက် စုစည်းရယူမှုနည်းလမ်း၊ ဖြန့်ဝေရေးလုပ်ထုံးလုပ်နည်းများနှင့် ကျင့်ဝတ်စည်းကမ်းများကို ရေးဆွဲဆောင်ရွက်နိုင်ပါသည်။

## ၃.၅။ အလွယ်တကူရယူနိုင်မှုနှင့် ဖြန့်ဝေမှု

အရင်းအမြစ်နှင့် CSO မှတစ်ဆင့် အချက်အလက်များကို တိုက်ရိုက်ဖြန့်ဝေခြင်းအဆင့် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် အများပြည်သူ သိရှိလေ့လာနိုင်သည့်နေရာတွင် သတင်းအချက်အလက်အဆင့် တိုးတက်မှုအတွက် အရေးပါသည့်အပြင် လူအများနှင့် ပညာရှင်များ ပါဝင်ဆွေးနွေးမှုရှိလာစေပြီး မူဝါဒရေးဆွဲမှုအပိုင်းတွင် အများပြည်သူသိရှိပြီး ပါဝင်လာစေရန် အားပေးနိုင်မည်ဖြစ်သည်။ အများပြည်သူသို့ ထုတ်ပြန်သည့် အချက်အလက်များအားလုံးကို အမည်ဖော်ပြခြင်းနှင့် ခွဲခြားဖော်ပြခြင်း မပြုရပါ။

## ၃.၆။ ကဏ္ဍအားလုံးတွင် လုပ်သားရွှေ့ပြောင်းသွားလာခြင်းကဏ္ဍကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်း

သန်းခေါင်စာရင်း၊ အိမ်ထောင်စုစစ်တမ်း၊ လုပ်သားအင်အားစစ်တမ်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၏ အခြားစစ်တမ်းများအပါအဝင် ဒေသန္တရစာရင်းအင်းနှင့် အချက်အလက်စနစ်များတွင် ရွှေ့ပြောင်းသွားလာခြင်းနှင့် သက်ဆိုင်သည့်မေးခွန်းများ ထည့်သွင်းခြင်းဖြင့် အချက်အလက်များ ကောက်ယူနိုင်ပါသည်။ ဤအချက်အလက်များဖြင့် (မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း သို့မဟုတ် အမျိုးသားလူမှုရေးနှင့်စီးပွားရေးစီမံကိန်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစသည့်) အမျိုးသားမူဝါဒများရေးဆွဲခြင်းတွင်အထောက်အကူပြုနိုင်ပါသည်။

ပြည်သူ့အင်အားဦးစီးဌာနက အစီအစဉ်ရေးဆွဲနေသည့် အဆိုပြုထားသည့် လူဦးရေစစ်တမ်း (သို့မဟုတ်) ရွှေ့ပြောင်း သွားလာခြင်းစစ်တမ်း (၂၀၁၉ တွင် ဆောင်ရွက်ရန်ရှိသည့်စစ်တမ်း)သည် အချက်အလက်များ ရှာဖွေရန်အတွက် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်နိုင်ပါသည်။ ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် စစ်တမ်းမေးခွန်းလွှာကို အားကောင်း စေရန် နည်းပညာဆိုင်ရာ ပံ့ပိုးမှုအကူအညီ ရှာဖွေရယူနိုင်ပါသည်။

အရည်အသွေးကြီးကြပ်ရေးနှင့် အချက်အလက်ဖြန့်ဝေရေး အဖွဲ့အစည်းတစ်ခုအနေဖြင့် CSO သည် မူဝါဒ ရေးဆွဲရန် အတွက် အချက်အလက်လိုအပ်ချက်များနှင့်ပတ်သက်၍ စနစ်တကျ စီမံကိန်းရေးဆွဲရန် လိုအပ်ပါသည်။ ပုံမှန် ကာလ အတိုင်းအတာဖြင့် သတင်းအချက်အလက်များကို စုစည်းနိုင်ရန်အလို့ငှာ ၎င်း၏ လူမှုစီးပွားဆိုင်ရာစစ်တမ်းများ အားလုံး တွင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပြောင်းလဲနိုင်သည့်အချက်အလက်များကို ပေါင်းစပ်ထည့်သွင်းရန် လိုအပ်ပါသည်။

## ၃.၇။ ကျင့်ဝတ်နှင့်အညီ အချက်အလက်ကောက်ယူခြင်း

အဆိုပါအချက်အလက်များကို ကောက်ယူခြင်း၊ သိမ်းဆည်းခြင်း၊ အသုံးပြုခြင်းနှင့် ဖြန့်ဝေခြင်းတွင် အချက်အလက် ကာကွယ်ခြင်းနှင့်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်စေရန် အမျိုးသားဥပဒေကို ရေးဆွဲခြင်းနှင့် အချက်အလက်ကောက်ယူခြင်း၊ သိမ်းဆည်းခြင်း၊ အသုံးပြုခြင်းနှင့် ဖြန့်ဝေခြင်းများတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်လျှို့ဝှက်ခွင့်ကို လေးစားမှုရှိစေရန် သေချာဆောင်ရွက်ရမည်ဖြစ်ပြီး ထိုအချက်အလက်များကို အသုံး ပြုပြီး လုပ်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းများကို အတင်းအကျပ်လိုက်နာစေခြင်းမှ ရွှေ့ပြောင်းသွားလာသူများကို ကာကွယ်ရန် အများပြည်သူဝန်ဆောင်မှုဌာနများနှင့် လုပ်မှုကြီးကြပ်ရေး အာဏာပိုင်အဖွဲ့များအကြား ထိရောက်သော ကာကွယ်ရေးစနစ်များ ထားရှိရန် လိုအပ်သည်။

ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်လျှို့ဝှက်ခွင့်နှင့် တစ်ဦးတစ်ယောက်ချင်း၏လုံခြုံရေးကို သေချာဆောင်ရွက်ရန် တစ်ဦး တစ်ယောက်ချင်းအား ခွဲခြားဖော်ပြခြင်းမပြုသည့် လုပ်ငန်းစဉ် (ဥပမာ။ ။ လုပ်မှုကြီးကြပ်ရေးဦးစီးဌာန၏ နယ်စပ် ထိန်းချုပ်ရေးမှ အချက်အလက်များ)ကို သေချာလိုက်နာရမည်။ ဤသို့ဖြစ်ရန်မှာ ရွှေ့ပြောင်းအလုပ်သမားများထံမှ သတ်မှတ်ဘောင်အတွင်း သတင်းအချက်အလက်ကောက်ယူနေသည့် ဌာနအမျိုးမျိုးအကြား သင့်လျော်သည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ရှိရန် လိုအပ်သည်။

ဌာနများအချင်းချင်း အပြန်အလှန်ဆောင်ရွက်နိုင်မှုအပြင် အချက်အလက်များ ဘေးကင်းလုံခြုံစိတ်ချမှု သေချာစေရန် သတင်းအချက်အလက်နည်းပညာ (IT) နှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ယန္တရားများကို တည်ထောင်သင့်ပါသည်။

## ၃.၈။ ပါဝင်ဆောင်ရွက်ခြင်း

အချက်အလက်များကို ဖြန့်ဝေခြင်း၊ စိတ်ဖြာလေ့လာခြင်းအပြင် စစ်တမ်းပုံစံ ရေးဆွဲခြင်းနှင့် အခြားအချက်အလက်များ ကောက်ယူခြင်းနည်းလမ်းများတွင် ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့အတွက် ပံ့ပိုးဆောင်ရွက်ပေးသည့်အဖွဲ့များ ပါဝင်ဆောင်ရွက်မှုဖြင့် စာရင်းအင်း ဆက်စပ်ကိုက်ညီမှုရှိစေပြီး အရည်အသွေး တိုးတက်စေမည်ဖြစ်သည်။

## ၃.၉။ အချက်အလက်ကောက်ယူခြင်း အခွင့်အလမ်းများ

**ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်**။ ။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် အချက်အလက်များ ကောက်ယူခြင်းနှင့် စိတ်ဖြာလေ့လာခြင်း ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးကူညီပေးခြင်းဖြင့် ဒေသတွင်းအခြေအနေနှင့် ကိုက်ညီမည့်မူဝါဒများ ပေါ်ပေါက်ရန် အထောက်အကူဖြစ်စေပါသည်။

**သံရုံးများ**သည် ရွှေ့ပြောင်းအလုပ်သမားများအားလုံးအတွက် (လုပ်မှုဆိုင်ရာအခြေအနေ မည်သို့ပင်ရှိ စေကာမူ) သံရုံး တွင် မွေးစာရင်းနှင့် သေစာရင်းများကို ၎င်းတို့ကိုယ်တိုင် မှတ်ပုံတင်စာရင်းသွင်းရန် ရိုးရှင်းလွယ်ကူသည့် လုပ်ထုံး လုပ်နည်းများ ချမှတ်ဆောင်ရွက်နိုင်ပါသည်။ ဤမှတ်ပုံတင်ခြင်းမှ ရရှိလာသည့် စံချိန်စံညွှန်း အချက်အလက်များကို

သံရုံးအားလုံးမှ စုစည်းကောက်ယူနိုင်ပါသည်။ အီဂျစ်နိုင်ငံတွင်ရှိသော မြန်မာသံရုံး၏ လုပ်ငန်းဆောင်ရွက်ချက်ကိုတင်ပြသည့် အစီရင်ခံစာတွင် အောက်ပါအတိုင်း ကောင်းမွန်သည့် ဥပမာတစ်ခုကို ဖော်ပြထားပါသည်။ -

*ရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးများကို အကောင်အထည်ဖော်ခြင်း၊ မြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတွင် ထိရောက်သည့် စီမံခန့်ခွဲမှုနှင့် မြန်ဆန်သည့် ဆက်သွယ်ဆောင်ရွက်မှုများရှိစေရန် အလို့ငှာ အီဂျစ်နိုင်ငံရှိ မြန်မာသံရုံးသည် တူရကီ၊ မော်ရကို၊ အယ်လ်ဂျီးရီးယား၊ ဆူဒန်၊ အီရတ်နှင့် အီသီယိုးပီးယားရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ၎င်းတို့၏ ဆက်သွယ်ရမည့်လိပ်စာနှင့် အချက်အလက်များပေးရန် ပန်ကြားထားသည်။ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်ပါကလည်း အနည်းဆုံးအားဖြင့် မထွက်ခွာမီ တစ်ပတ်ကြိုတင်၍ ဖုန်း (သို့မဟုတ်) အီးမေးလ်မှတစ်ဆင့် သံရုံးသို့ အကြောင်းကြားရန်လည်း ပန်ကြားထားသည်။*[၁၀]

**သတင်းအချက်အလက်များကို ကဏ္ဍစုံမျှဝေခြင်း ။** ။ အလုပ်သမားအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများသည်လည်း တိုင်ကြားမှုနှင့် နစ်နာမှုများကို တင်ပြလာသည့် ရွှေ့ပြောင်းအလုပ်သမားများနှင့်ဆိုင်သည့် အမည်ဖော်ပြမထားသည့် သတင်းအချက်အလက်များကို စုစည်း၍ မျှဝေနိုင်ပြီး ဤဖြစ်ရပ်များကို MOLIP နှင့် MOEAF ၏ အချက်အလက်ဒေတာဘေ့စ်တွင် ပေါင်းထည့်နိုင်ပါသည်။

## ၃.၁၀။ အရေးပါပြီး အပြောက်အမြားရှိနေသော အချက်အလက်များ

ငွေကြေးဝန်ဆောင်မှုအေဂျင်စီများ (ဘဏ်နှင့် ငွေလွှဲပို့ပေးသည့်လုပ်ငန်းများ) အပြင် ပုဂ္ဂလိကကဏ္ဍ ဆက်သွယ်ရေးဆောင်ရွက်သူများသည် မိုဘိုင်းစနစ်ဘဏ်လုပ်ငန်းဝန်ဆောင်မှုအပါအဝင် ငွေဝင်၊ ငွေထွက်နှင့် လွှဲပို့ငွေဝန်ဆောင်မှုများ ဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာခြင်းတွင် ပါဝင်လုပ်ကိုင်မှုမှာ တစ်ဖြည်းဖြည်း တိုးပွားလာပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်နှင့် ဝန်ဆောင်မှုအသုံးပြုသူများ၏ လျှို့ဝှက်ချက်ကို အစဉ်လေးစားမှုနှင့်အတူ သတ်မှတ်ထားသည့်အဆင့်ဖြင့် အချက်အလက်များမျှဝေရန် အဆိုပါလုပ်ငန်းများကို တိုက်တွန်းရန် လိုအပ်ပါသည်။

အွန်လိုင်းစနစ်ဖြင့် လုပ်သားစုဆောင်းခြင်းကို အသုံးပြုသူ များလာပါသည်။ ပြည်ပလုပ်သားစုဆောင်းသည့် အေဂျင်စီများအနေဖြင့် အလုပ်အကိုင်အတွက် လုပ်သားစုဆောင်းရန် ထိရောက်သော ကိုယ်ပိုင်လုပ်ငန်းသုံး ဒေတာဘေ့စ်ပုံစံကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လိမ့်မည် ဖြစ်သည်။ သို့သော်လည်း နိုင်ငံအများစုသည် ကျွမ်းကျင်မှုများ (ဘာသာစကား၊ ပညာရေး၊ နောက်ခံအခြေအနေ/ရာဇဝင်) များကို ပိုမိုဦးစားပေးလာသောကြောင့် ရွှေ့ပြောင်းသွားလာမှုဖြစ်စဉ်မှာ ပြောင်းလဲလာပြီး MOEAF အနေဖြင့် အမျိုးသား အချက်အလက်ဒေတာဘေ့စ်တစ်ခုကို တည်ထောင်ရန် စဉ်းစားနိုင်ပြီး အပြန်အလှန်အားဖြင့် ရွှေ့ပြောင်းသွားလာခြင်းတွင် လုပ်သားလိုအပ်သည့်ဘက်နှင့်ပတ်သက်၍ စာရင်းအင်းများ ဖြည့်ဆည်းပေးနိုင်ပါသည်။ အကြံပြုတိုက်တွန်းချက် ၃.၉ နှင့် ၃.၁၀ တွင် အကြံပြုတင်ပြထားသည့် အဖွဲ့များမှတစ်ဆင့် ကောက်ယူရန်လိုအပ်သည့် အချက်အလက်အမျိုးအစားများ အနှစ်ချုပ်ကို စာအကွက် (၅)တွင် ဖော်ပြထားပါသည်။

၁၀ ရင်းမြစ် - http://www.mecairo.org/en/citizen-registration.html

**စာအကွက် (၅) လျှပ်တပြက်လေ့လာမှု - မည်သည့် အချက်အလက်အမျိုးအစား လိုအပ်သနည်း။**

- အချိန်ကာလအလျောက် ရွှေ့ပြောင်းအလုပ်သမားများ၏ ဝိသေသလက္ခဏာရပ်များနှင့်ပတ်သက်၍ စာရင်းအင်းဆိုင်ရာအချက်အလက်လိုအပ်သည် - လူဦးရေဆိုင်ရာအချက်အလက်နှင့် လူမှုစီးပွားဆိုင်ရာ ဝိသေသလက္ခဏာများ၊
- စုစုပေါင်းလုပ်သားအင်အားအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများ ပါဝင်သည့်အရေအတွက်၊
- အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု၊
- စီးပွားရေးကဏ္ဍများ၊
- အလုပ်အကိုင်ဆိုင်ရာ အခြေအနေ/အဆင့်အတန်း၊
- အလုပ်အကိုင်ဆိုင်ရာသတ်မှတ်ချက်များ (အလုပ်ချိန်နာရီ၊ လုပ်ခလစာ၊ နားချိန်နှင့် အခြားသဘောတူထားသည့် သတ်မှတ်ချက်များ စသည်)
- လူမှုဖူလုံရေး အကျုံးဝင်မှု၊
- လက်ရှိအခြေအနေနှင့် အသစ်သောရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းများတွင် ထွက်ပေါ်လာသည့် ပြောင်းလဲမှုများ၊
- လုပ်သားရွှေ့ပြောင်းသွားလာခြင်း ဖြစ်ရသည့်အကြောင်းရင်းများ၊
- လုပ်သားစေလွှတ်သည့်နိုင်ငံနှင့် လုပ်သားလက်ခံသည့်နိုင်ငံများအပေါ် လုပ်သားရွှေ့ပြောင်းသွားခြင်း၏ အကျိုးသက်ရောက်မှုများ (လုပ်သားဈေးကွက်၊ လွှဲပို့ငွေ၊ GDP တွင် ပါဝင်နှုန်း၊ အလုပ်အကိုင်ဖန်တီးပေးမှု၊ ဆင်းရဲမှုလျှော့ချခြင်း၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေး စသည်)
- လွှဲပို့ငွေများ၊
- သတင်းအချက်အလက်အားလုံးကို ကျား/မ၊ အသက်၊ အလုပ်အကိုင်ကဏ္ဍ ဘာသာစကား၊ ရွှေ့ပြောင်းသွားလာမှု အခြေအနေနှင့် သက်ဆိုင်မှုရှိလျှင် ကိုးကွယ်သည့်ဘာသာနှင့် လူမျိုး၊

ရင်းမြစ် - စာရေးသူက စုစည်းဖော်ပြထားခြင်းဖြစ်ပါသည်။

## ၃.၁၁။ ရွှေ့ပြောင်းသွားလာသူများ၏ကျန်းမာရေးနှင့်ပတ်သက်၍အချက်အလက်ကောက်ယူခြင်းကို တိုးတက်စေခြင်း၊

- နိုင်ငံများအကြား သဘောတူလက်ခံနိုင်ပြီး အသုံးပြုနိုင်သော ရွှေ့ပြောင်းသွားလာသူများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ အဓိကစံပြုထားသည့် ညွှန်းကိန်းများကို ရေးဆွဲဖော်ထုတ်ခြင်းနှင့် မြှင့်တင်ခြင်း၊
- ရှိနေပြီးဖြစ်သည့် လူဦးရေသန်းခေါင်စာရင်း၊ အမျိုးသားစားရင်းအင်း၊ ဦးတည်ထားသည့် ကျန်းမာရေး စစ်တမ်း၊ ပုံမှန် ကျန်းမာရေးသတင်းအချက်အလက်စနစ်အပြင် အိမ်ရာ၊ ပညာရေး၊ လုပ်သားနှင့် လူဝင်မှုကြီးကြပ်ရေး ကဲ့သို့သော ကဏ္ဍများမှ စာရင်းအင်းများတွင် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ ပါဝင်မှုကို မြှင့်တင်ဆောင်ရွက်ခြင်း၊
- ရောဂါကာကွယ်ခြင်းနှင့်ကုသခြင်းအတွက်အမျိုးသားမူဝါဒများကိုရေးဆွဲရန်နှင့်ရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုဘဝကောင်းကျိုးချမ်းသာအတွက် ရွှေ့ပြောင်းအလုပ်သမားများ၏ ကျန်းမာရေးဆေးစစ်ချက်များမှ ကောက်ယူထားသည့် လူပုဂ္ဂိုလ်အမည်ဖော်ပြထားခြင်းမရှိသော အချက်အလက်များကို အသုံးပြုခြင်း၊
- အနာဂတ်တွင် အလုပ်အကိုင်မှ ဖြစ်ပေါ်လာမည့်အန္တရာယ်များကို ပပျောက်စေခြင်းအပါအဝင် လုပ်ငန်းခွင်မှ ရရှိသည့်နာတာရှည်ရောဂါများကိုစစ်ဆေးတွေ့ရှိပြီးကုသမှုရယူခြင်းသေချာစေရန်ရွှေ့ပြောင်းအလုပ်သမားများ နေရပ်ပြန်လာသည့်အခါ ၎င်းတို့၏ကျန်းမာရေးကို စောင့်ကြည့်လေ့လာ နိုင်သည့် စနစ်များကို တည်ထောင်ခြင်း၊

## ၃.၁၂။ လွှဲပို့ငွေပေးပို့ခကုန်ကျစရိတ်များနှင့်ပတ်သက်၍ အချက်အလက်ကောက်ယူမှုကို တိုးတက်ကောင်းမွန်စေခြင်း၊

အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် လက်ခံရရှိသည့် လွှဲပို့ငွေအတွက် လွှဲပို့ခကုန်ကျစရိတ်များကို စောင့်ကြည့် လေ့လာရေးနည်းလမ်းများအား ခိုင်မာအားကောင်းရန် ဆောင်ရွက်သင့်ပြီး လွှဲပို့ငွေအတွက် ဝန်ဆောင်မှုပေးသူများအား ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် တောင်းဆိုသင့်ပါသည်။ ထို့အပြင် စျေးကွက်ကို စောင့်ကြည့်လေ့လာရန် ထိရောက် သည့် နည်းလမ်းယန္တရားကို တည်ထောင်သင့်ပါသည်။ လွှဲပို့ငွေပေးပို့ခနှုန်းထားများ ဖော်ပြထားသည့် အချက်အလက် ဒေတာဘေ့စ်ကို တည်ထောင်ခြင်းအားဖြင့် ငွေလွှဲပို့မည့်သူများအနေဖြင့် စျေးနှုန်းကိုလည်းကောင်း၊ လွှဲပို့ငွေဝန်ဆောင်မှု များကိုလည်းကောင်း နှိုင်းယှဉ်လေ့လာနိုင်သည့် အချက်အလက်များကို ထိရောက်စွာ ဖြည့်ဆည်းပေးရာ ရောက်ပါသည်။ ဝန်ဆောင်မှုပေးသူ အမျိုးမျိုး၏ ကုန်ကျစရိတ်နှုန်းထားများနှင့်ပတ်သက်၍ နှိုင်းယှဉ်ကြည့်နိုင်သည့် သတင်းအချက် အလက်များကို သင့်လျော်သည့်နည်းလမ်းဖြင့် စုစည်းဖော်ပြထားမည်ဆိုပါက ငွေလွှဲပြောင်းပေးပို့မည့်သူများအနေဖြင့် အိမ်သို့ ရောက်ရှိမည့်ပမာဏကို ခန့်မှန်းတွက်ချက်နိုင်သလို လွှဲပို့ငွေပေးပို့သည့် စျေးကွက်အတွင်း ပွင့်လင်းမြင်သာမှု ကိုလည်း တိုးပွားစေမည် ဖြစ်သည်။

ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် လွှဲပို့ငွေပေးပို့ခများကို နှိုင်းယှဉ်နိုင်ရန်၊ သင့်တော်သည့် ငွေကြေးနှုန်းထား များကို ရှာဖွေနိုင်ရန်နှင့် ငွေကြေးစုဆောင်းနိုင်သည့် နည်းလမ်းများ သိရှိစေရန် ILO က SaverAsia ဝက်ဆိုက်ကို လွှင့်တင်ပေးထားပါသည်။ ထို့အပြင် ယင်းဝက်ဆိုက်သည် ၎င်းတို့လိုအပ်ချက်နှင့် ကိုက်ညီမည့် (ငွေစုဆောင်းခြင်း၊ ငွေပေးချေခြင်း၊ အကြွေးဝယ်ခြင်း၊ အာမခံထားခြင်း အစရှိသည့်) ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ရှာဖွေနိုင်မည်ဖြစ်သည်။ SaverAsia ဝက်ဆိုက်စတင်အသုံးပြုခြင်းကို စင်္ကာပူနိုင်ငံတွင် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင် ရွှေ့ပြောင်းအိမ်အကူအလုပ်သမားများဖြင့် ဖွန်လ ၂၄ ရက်တွင် စတင် စမ်းသပ်အသုံးပြုခဲ့သည်။

## ၃.၁၃။ အိမ်ထောင်စုအဆင့်တွင် လွှဲပို့ငွေသက်ရောက်မှုနှင့်ပတ်သက်သည့် အချက်အလက် များ တိုးတက်အောင် ဆောင်ရွက်ခြင်း၊

ရွှေ့ပြောင်းသွားလာခြင်းနှင့် လွှဲပို့ငွေမှ အကျိုးသက်ရောက်မှုများ ရရှိရန်အတွက် အိမ်ထောင်စုအဆင့် သက်ရောက်မှုနှင့် ဆိုင်သည့်ကောင်းမွန်သည့် အချက်အလက်များ လိုအပ်မည်ဖြစ်သည်။ ရှေ့နောက် ဆက်စပ်ကိုက်ညီမှုရှိသည့် နည်းလမ်း များ အသုံးပြုသည့် ကျယ်ပြန့်သောစစ်တမ်းများ လိုအပ်မည်ဖြစ်သည်။ ထိထိရောက်ရောက်နှင့် ရှေ့နောက်ဆက်စပ် ကိုက်ညီစွာ အကောင်အထည်ဖော်နိုင်လျှင် စစ်တမ်းများတွင် ရွှေ့ပြောင်းအလုပ်သမားများ စေလွှတ်သည့် အိမ်ထောင်စု များ၏ လူမှုဘဝကောင်းကျိုးချမ်းသာ ညွှန်းကိန်းအမျိုးမျိုးနှင့်ပတ်သက်သည့် အကျိုးရလဒ်ကောင်းများအတွက် ပြည့်စုံ သော အချက်အလက်နှင့် ခိုင်လုံသော အထောက်အထားများကို ဖော်ပြနိုင်မည်ဖြစ်သည်။ ထို့နောက် ထိုအချက်အလက် များကို မူဝါဒရေးဆွဲသူများက ပြည်ပမထွက်ခွာမီသင်တန်းအဆင့်မြှင့်တင်ခြင်း၊ ကုန်ကျစရိတ်သက်သာစွာဖြင့် လွှဲပို့ငွေ များပို့နိုင်ရန် ဘဏ်စာရင်းဖွင့်ပေးခြင်း အစရှိသည့် မူဝါဒပိုင်းဆိုင်ရာဆောင်ရွက်ချက်များ စီစဉ်ရေးဆွဲရန် အသုံးပြုနိုင်မည် ဖြစ်သည်။ ရွှေ့ပြောင်းသွားလာသူများအတွင်း စစ်တမ်းများ အကောင်အထည်ဖော်ခြင်းသည် တိုးတက် ကောင်းမွန်သည့် မူဝါဒအတွက် အထောက်အထားအခြေပြုစနစ်ကို ပိုမိုအားကောင်းစေရန် အထောက်အကူပြုမည်ဖြစ်သည်။ အချုပ် အားဖြင့် အိမ်ထောင်စုစစ်တမ်းများသည် တစ်ဦးတစ်ယောက်ချင်း၏ လွှဲပို့ငွေများ၊ လွှဲပို့ငွေဆိုင်ရာ အချက်အလက်တွင် အဓိကပါဝင်သည့်အစိတ်အပိုင်းကို ခန့်မှန်းတွက်ချက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။

စစ်တမ်းအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာအပိုင်းတွင် ပါဝင်ရန် အဓိက အချက်များမှာ -

(၁) တစ်ဦးတစ်ယောက်ချင်းအဆင့် - ပေးပို့သည့် လွှဲပို့ငွေ၊ လက်ခံရရှိသူ၊ မူရင်းနိုင်ငံ၊ ငွေသား (သို့မဟုတ်) ငွေ အစားပစ္စည်း၊ ပေးပို့သူ၏ နေထိုင်မှုကာလကြာချိန်၊ ပေးပို့သည့်အကြိမ်နှင့် ပမာဏ၊ လွှဲပို့ငွေပေးပို့သည့် လမ်းကြောင်းများနှင့် လွှဲပို့ငွေအတွက် အသုံးပြုမှုများ။

(၂) အိမ်ထောင်စုအဆင့် - ပြီးခဲ့သည့် ၁၂ လအတွင်း လက်ခံရရှိမှုများ၊ အိမ်ထောင်ဦးစီးနှင့် ငွေပေးပို့သူ တော်စပ်ပုံ၊ ငွေသား (သို့မဟုတ်) ငွေအစား ပစ္စည်း၊ ပေးပို့သည့် အကြိမ်နှင့် ပမာဏ၊ လွှဲပို့ငွေ ပေးပို့သည့် လမ်းကြောင်းများနှင့် လွှဲပို့ငွေအတွက် အသုံးပြုမှုများ၊ အိမ်ထောင်စုကိုယ်တိုင်က ပေးပို့သူ ဟုတ်/မဟုတ် (အခြားနိုင်ငံများသို့ လွှဲပို့ခြင်း)။

## ၃.၁၄။ ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာသူများနှင့်ပတ်သက်သည့် အချက်အလက်များ တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း

ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာခြင်းနှင့်သက်ဆိုင်သည့် အချက်အလက်ကောက်ယူမှုသည် လူဝင်မှုကြီးကြပ်ရေးနှင့် အခြားဥပဒေအကောင်အထည်ဖော်သူများ၏ အချက်အလက်များတွင် အကန့်အသတ်ဖြင့်သာ ရှိနေပြီး ဖမ်းဆီးခံရသူများ၊ လူဝင်မှုကြီးကြပ်ရေး၏ ထိန်းသိမ်းရေးစခန်းအတွင်း ရောက်ရှိနေသူများ (သို့မဟုတ်) နေရပ်ပြန်ပို့ခံရသူ ရွှေ့ပြောင်းသွားလာသူများကိုသာ ထည့်တွက်နိုင်သည်။ ဤအချက်အလက်များသည် စုစုပေါင်း ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာသူအရေအတွက်ကို ညွှန်းဆို ဖော်ပြရန်ခဲယဉ်းပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာအခြေအနေများကို စိတ်ဖြာလေ့လာမှုကိုလည်း ဖော်ပြနိုင်ခြင်းမရှိပါ။ ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှုနှင့်ပတ်သက်၍ အချက်အလက်ကောက်ယူမှုကို တိုးတက်စေရန် တီထွင်ဆန်းသစ်သည့် နည်းလမ်းများ လိုအပ်ပါသည်။ စာအကွက် (၆) တွင် နည်းလမ်းဥပမာအချို့ကို ဖော်ပြထားပါသည်။

**စာအကွက် (၆) ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ အချက်အလက်ကောက်ယူခြင်း ဥပမာများ**

နည်းမျိုးစုံဖြင့် ရွှေ့ပြောင်းသွားလာခြင်းအား စောင့်ကြည့်လေ့လာရေးယန္တရား အစပျိုးဆောင်ရွက်ချက် (Mixed Migration Monitoring Mechanism Initiative (4Mx)) သည် ဆန်းသစ်တီထွင်ထားသည့် နည်းလမ်းသစ်ဖြစ်ပြီး အာဖရိကဦးချိုဒေသ(အီသီယိုးပီးယား၊ ဆိုမာလီယာ စသည့်နိုင်ငံများ)နှင့် အာဖရိကမှ ဥရောပသို့သွားရာ နိုင်ငံများ အကြား ရွှေ့ပြောင်းသွားလာခြင်းလမ်းကြောင်းများတွင် နည်းမျိုးစုံဖြင့် ရွှေ့ပြောင်းသွားလာမှုများကို ကုန်ကျစရိတ်သက်သာစွာဖြင့် စုစည်းကောက်ယူပြီး စိတ်ဖြာလေ့လာခြင်းဖြစ်သည်။ မဟာဗျူဟာကျသည့် ရွှေ့ပြောင်းသွားလာရာ အချက်အချာကျသည့် နေရာများတွင် ဒေသတွင်းခန့်ထားသည့် စောင့်ကြည့်လေ့လာသူ အယောက် ၃၀ ပါဝင် သည့် ကွန်ယက်တစ်ခုမှနေ၍ အချက်အလက်များကို ကောက်ယူသည်။ ထိုစောင့်ကြည့်လေ့လာသူများသည် မူရင်းနိုင်ငံမှ ထွက်ခွာသည့် လူများကို စောင့်ကြည့်လေ့လာမှတ်တမ်းတင်ကြသည်။ စောင့်ကြည့်လေ့လာသူများသည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှဖြစ်ကြပြီး ၎င်းတို့၏ အဓိကအားသာချက်မှာ နယ်မြေအကြောင်း နှံ့စပ်ကျွမ်းကျင်မှုနှင့် ရွှေ့ပြောင်း သွားလာသူများ၊ (သို့မဟုတ်) မိတ်ဆွေသူငယ်ချင်း (သို့မဟုတ်) လုပ်ဖော်ကိုင်ဖက်များကို ရွှေ့ပြောင်းသွားလာရန် ဆောင်ရွက်ပေးသူများနှင့် တိုက်ရိုက်ဆက်သွယ်မှုရှိခြင်းပင် ဖြစ်သည်။ စောင့်ကြည့်လေ့လာသူများသည် သီးခြားဒီဇိုင်း ရေးဆွဲထားသည့် မိုဘိုင်းဖုန်းအက်ပလီကေးရှင်းကိုအသုံးပြုပြီး အချိန်နှင့်တပြေးညီရရှိသည့် အချက်အလက်များကို ကောက်ယူခြင်းနှင့် တင်သွင်းခြင်းပြုသည်။ စနစ်ကို ဗဟိုထိန်းချုပ်စနစ်ပြုလုပ်ထားသောကြောင့် စစ်တမ်းမေးခွန်းများကို မည်သည့်အချိန်တွင်မဆို 4Mx ဖြင့် ပြောင်းလဲနိုင်ပြီး စောင့်ကြည့်လေ့လာသူအားလုံးသို့ တစ်ချိန်တည်း တစ်ပြိုင်နက် ဖြန့်ဝေပေးနိုင်သည်။ အချက်အလက်များကို လစဉ်အနှစ်ချုပ်နှင့် သုံးလပတ် အလားအလာများ စိတ်ဖြာလေ့လာခြင်း အစီရင်ခံစာဖြင့် ထုတ်ဝေဖော်ပြပါသည်။ ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာခြင်းနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များဖြစ်သောကြောင့် ဖြစ်စဉ်ကြီးတစ်ခုလုံးတွင် တစ်စိတ်တစ်ပိုင်းပမာဏကိုသာ ဖော်ပြနိုင်သည်။ သို့သော်လည်း ၎င်းသည် ဆိုက်ရောက်နိုင်ငံတွင် ကောက်ယူသည့် သတင်းအချက်အလက်မှ လွတ်နေသည့် အချက်အလက်များဖြစ်သည်။ ပထမကာလတွင် စောင့်ကြည့်လေ့လာသူများသည် ရွှေ့ပြောင်းသွားလာသူပေါင်း ၃၇၈၄ ဦး၊ လူမှောင်ခိုကူးသူ ၁၅၃ ဦး၊ လေ့လာသူ ၂၈၉ ဦးကို လူတွေ့မေးမြန်းခဲ့ပါသည်။

http://4mi.regionalmms.org/4mi.html

Footprints Database သည် မြောက်အာဖရိကတစ်လွှား နည်းမျိုးစုံဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များကိုစိတ်ဖြာလေ့လာခြင်းနှင့်ပုံဖော်လေ့လာရန်အတွက်အသုံးဝင်သည့်ဝက်ဆိုက်တစ်ခုဖြစ်ပါသည်။ ဝက်ဆိုက်တွင် ကမ္ဘာလုံးဆိုင်ရာအချက်အလက်ရင်းမြစ်အစုံကို တစ်နေရာတည်းတွင် စုစည်းဖော်ပြပေးထားပြီး အသုံးပြုသူများအနေဖြင့် ရွှေ့ပြောင်းသွားလာမှုနှုန်းနှင့်လားရာများ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံခြင်း၊ သေဆုံး၊ ကယ်တင်၊ ပြန်လည်အခြေချ၊ နေရပ်ပြန်နှင့် အခြားအကြောင်းအရာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ရှာဖွေနိုင်သည်။ Footprints Database သည် အသုံးပြုသူများအတွက် မြေပုံ၊ ဂရပ် နှင့် ဇယားများကိုပုံဖော်ကြည့်ရှုနိုင်ရန် ခေတ်မီနည်းလမ်းများ အသုံးပြု၍ ဖော်ပြပေးထားသည်။ ဤဂရပ်ဇယားများကို အခြားဝက်ဆိုက်များတွင်လည်း ထည့်သွင်း ဖော်ပြနိုင်သလို အစီရင်ခံစာများတွင် ယင်းပုံများ ထည့်သွင်းဖော်ပြနိုင်ပြီး ထပ်မံဖြည့်စွက်သည့် သတင်းအချက်အလက်အဖြစ် သိမ်းဆည်းထားနိုင်ပါသည်။ ဝက်ဆိုက်အသုံးပြုသူများအနေဖြင့် စစ်တမ်းများကို ဒီဖိုင်းပုံဖော်ခြင်းနှင့် ဆောင်ရွက်ခြင်း ပြုလုပ်နိုင်ပြီး စိတ်ဖြာလေ့လာရန်နှင့် ဇယားပုံဖော်ခြင်းအတွက် အခြားသက်ဆိုင်ရာ ရွှေ့ပြောင်းသွားလာမှုနှင့်ဆိုင်သည့်အချက်အလက်များကိုလည်း ထည့်သွင်းဖြည့်စွက် ဆောင်ရွက်နိုင်သည်။ အသုံးပြုသူများအနေဖြင့် ထည့်သွင်းလိုက်သည့် အချက်အလက်များကို အပြည့်အဝ ထိန်းချုပ်နိုင်ပြီး အများပြည်သူ၊ လုပ်ဖော်ကိုင်ဖက်များနှင့်ဝေမျှမည့် ၎င်းတို့၏ အချက်အလက်များ၏ ခွင့်ပြုချက်/လျှို့ဝှက်အဆင့်ကို ကန့်သတ်ထိန်းချုပ်နိုင်သည့်အပြင် ကိုယ်ပိုင်လည်းကန့်သတ်အသုံးပြုနိုင်သည်။ ဒေသတွင်းရွှေ့ပြောင်းသွားလာရာအချက်အချာကျသည့် လမ်းကြောင်းများတွင် နေရာချထားသည့်ဌာနများမှ ကောက်ယူထားသည့် စစ်တမ်းအချက်အလက်များကိုလည်း Footprints တွင် ဖော်ပြထားပါသည်။ Migrant Footprints သည် မြောက်အာဖရိကနည်းမျိုးစုံဖြင့် ရွှေ့ပြောင်းသွားလာရာအချက်အချာနေရာ (North African Mixed Migration Hub)၏ စီမံကိန်းတစ်ခုဖြစ်ပြီး ကိုင်ရိုတွင် အခြေစိုက်သည့် အေဂျင်စီများအကြား ပေါင်းစပ်ဆောင်ရွက်သည့် သုတေသနဆောင်ရွက်ချက်တစ်ခု ဖြစ်ပါသည်။
https://footprintsdatabase.info/

အမေရိကရှိ နိုင်ငံတကာရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အဆက်မပြတ်အစီရင်ခံစနစ် (SICREMI) သည် ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်သည့်အသေးစိတ်ကျပြီးနောက်ဆုံးမွမ်းမံဖြည့်စွက်ထားသော သတင်းအချက်အလက်များမှ တစ်ဆင့် ဒေသတွင်း နိုင်ငံတကာ ရွှေ့ပြောင်းသွားလာမှုကို စောင့်ကြည့်လေ့လာနိုင်ရေးတွင် အထောက်အကူပြုရန် ရည်ရွယ်ပါသည်။ မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံအစိုးရ များ၏ အခြေခံမှုများနှင့် အစီအစဉ်များလည်း အကျုံးဝင်ပါရှိပါသည်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် မိတ်ဆက်ခဲ့သည့် စတုတ္ထမြောက်အစီရင်ခံစာကို အမေရိကန်နိုင်ငံများအဖွဲ့အစည်းနှင့်OECDတို့ပူးပေါင်း၍ပြုစုထုတ်ဝေခဲ့ကြသည်။
http://www.oecd.org/migration/sicremi.htm

## ၃.၁၅။ ရွှေ့ပြောင်းကလေးသူငယ်များ၏ ပညာရေးနှင့်ပတ်သက်၍ အချက်အလက်ကောက်ယူခြင်းကို တိုးတက်အောင် ဆောင်ရွက်ခြင်း၊

ရွှေ့ပြောင်းအလုပ်သမားအားလုံးနှင့် ၎င်းတို့၏မိသားစုဝင်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက် ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်အား အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်လေ့လာသည့် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ ကုလသမဂ္ဂကော်မတီသည် ရွှေ့ပြောင်းကလေးသူငယ်များနှင့်ဆိုင်သည့် ကျောင်းအပ်နှုန်းကဲ့သို့သော အချက်အလက်များ ကင်းမဲ့နေမှုအပေါ် စိုးရိမ်ပူပန်ကြောင်း ဖော်ပြပါသည်။

ထို့အပြင် ရွှေ့ပြောင်းသွားလာမှုအခြေအနေတွင် ကလေးသူငယ်များနှင့်ဆိုင်သည့် အချက်အလက်များ ကင်းမဲ့နေမှုသည် ရွှေ့ပြောင်းကလေးသူငယ်များ၏ စီးပွားရေးနှင့် လူမှုရေးအခွင့်အလမ်းများကို ကာကွယ်သည့် ပြည်သူ့ရေးရာမူဝါဒကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းကို နှောင့်နှေးစေသည်ဟု ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီက ဆိုပါသည်။ ပုံမှန်မဟုတ်သည့် အခြေအနေများတွင် ရောက်ရှိနေသည့် ရွှေ့ပြောင်း

သွားလာသူများနှင့်ပတ်သက်၍ ကော်မတီက ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာသူများ၊ အထူးသဖြင့် ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းကလေးသူငယ်များနှင့်ပတ်သက်သည့် နိုင်ငံအဆင့် ကိန်းဂဏန်းများ ကင်းမဲ့နေမှုကို ဖြေရှင်းခြင်းနှင့် ခန့်မှန်းတွက်ချက်ခြင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများအပါအဝင် အောက်ပါဆောင်ရွက်ချက်များဖြင့် ပထမဦးစားပေး အဆင့် ဆောင်ရွက်သင့်ကြောင်း အကြံပြု တိုက်တွန်းထားသည်။ -

- အဆိုပါအချက်အလက်များကို အလွဲသုံးစားပြုခြင်းအား ကာကွယ်စောင့်ရှောက်ခြင်းအပါအဝင် ကျား/မ၊ အသက်အရွယ် စသည်ဖြင့် ခွဲခြားဖော်ပြသော အချက်အလက်ကောက်ယူခြင်းစနစ်ကို ခိုင်မာအားကောင်းစေခြင်း၊
- ရွှေ့ပြောင်းသွားလာခြင်းဖြင့် အကျိုးသက်ရောက်မှုရှိသော အိမ်ထောင်စုများကို ဒေသတွင်း စာရင်းအင်း၊ အချက်အလက်စနစ်များအပြင် နိုင်ငံအဆင့်ကိုယ်စားပြု လူနေမှုအဆင့်အတန်း၊ သုံးစွဲမှု၊ လုပ်သားအင်အား စစ်တမ်းများတွင် ဖော်ပြခြင်းကို သေချာစေခြင်း၊
- ရွှေ့ပြောင်းကလေးသူငယ်များ၏ အခြေအနေစောင့်ကြည့်လေ့လာမှုအတွက် တာဝန်ဝတ္တရားများကို မူရင်းနိုင်ငံများအပြင် ခရီးကူးသန်းဖြတ်ကျော်သွားရသည့်နိုင်ငံများ၊ ဆိုက်ရောက်နိုင်ငံများအပါအဝင် သက်ဆိုင်ရာ နိုင်ငံများအားလုံးအကြား မျှဝေဆောင်ရွက်ခြင်း သေချာစေရန်။

## ၃.၁၆။ ပြည်ပတွင် လုပ်ကိုင်နေသည့်နိုင်ငံသားများနှင့်ဆိုင်သည့် အချက်အလက်များကို ကောက်ယူရန် ဆိုက်ရောက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

ပြည်ပတွင် လုပ်ကိုင်နေသည့် နိုင်ငံသားများနှင့်ဆိုင်သည့် အချက်အလက်များအတွက် လူဝင်မှုကြီးကြပ်ရေး၊ အလုပ်အကိုင်၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာဌာနများကဲ့သို့သော အစိုးရအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ဖြစ်နိုင်လျှင် ဥပမာ အာဆီယံမှတစ်ဆင့် မွေးဖွားရာနိုင်ငံ (သို့မဟုတ်) နိုင်ငံသားဖြစ်သည့်နိုင်ငံအလိုက် ခွဲခြားဖော်ပြနိုင်သည့် လူဝင်မှုအရေးအတွက်၊ ရွှေ့ပြောင်းသွားလာနှုန်းများနှင့် ဆိုင်သည့် စံသတ်မှတ်ထားသည့် ဇယားများကို ချမှတ်ကျင့်သုံးသင့်ပါသည်။ ILO ၏ အာဆီယံအတွင်း နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းအချက်အလက် ဒေတာဘေ့စ် (ILMS) ကဲ့သို့သော အရင်းအမြစ်မှတစ်ဆင့် အချက်အလက်များကို ဖြန့်ဝေနိုင်ပါသည်။

# ကျမ်းကိုးစာရင်း


Allchin, J. 2011. "Burmese migrant workers: Caught between a tyrant and a tiger", The Guardian, 24 Jan. Available at: https://www.theguardian.com/global-development/poverty-matters/2011/jan/24/burma-migrant-workers-malaysia-exploitation.

Central Statistical Organization (CSO) [Myanmar]. 2016. Report on Myanmar Labour Force Survey-2015 (Nay Pyi Taw).

—. 2017. Myanmar statistical year book 2016 (Nay Pyi Taw).

—. 2018. Quarterly statistical bulletin: Quarterly time series, 2015–2017 (Q3) (Nay Pyi Taw).

Data.gov.sg. 2018. "Foreign workfoces numbers, annual". Available at: https://data.gov.sg/dataset/foreign-workforce-numbers.

Department of Population [Myanmar]. 2016a. The 2014 Myanmar Population and Housing Census: Thematic report on migration and urbanization, Census Report Vol. 4-D (Nay Pyi Taw).

—. 2016b. The 2014 Myanmar Population and Housing Census: The union report, Census Report Vol. 2 (Nay Pyi Taw).

Department of Statistics [Malaysia]. 2017. "Migration survey report, Malaysia, 2016", 26 May. Available at: https://www.dosm.gov.my/v1/index.php?r=column/cthemeByCat&cat=125&bul_id=RldLdXFnQUppeGM5Yk1HODlTMVl6UT09&menu_id=U3VPMldoYUxzVzFaYmNkWXZteGduZz09.

Foreign Workers Administration Office [Thailand]. no date. "Statistics of aliens". Available at: https://www.doe.go.th/prd/alien/statistic/param/site/152/cat/82/sub/0/pull/module/view/list-label.

Global Migration Group. 2017. Handbook for improving the production and use of migration data for development(Washington, DC, World Bank).

Gooch, L. 2017. "Underage maids from Myanmar seek help in Singapore", Aljazeera, 8 Aug. Available at: https://www.aljazeera.com/indepth/features/2017/08/underage-maids-myanmar-seek-singapore-170807072640035.html.

International Labour Organization (ILO). 2015a. "Myanmar citizens abroad: What the 2014 census tells us about migration", GMS TRIANGLE Project Information Note, September. Available at: https://www.ilo.org/asia/areas/WCMS_424764/lang--en/index.htm.

—. 2015b. Analytical report on the international labour migration statistics database in ASEAN: improving data collection for evidence-based policy-making (Bangkok).

—. 2017. "Malaysia (January – March 2017)", TRIANGLE in ASEAN Quarterly Briefing Note(Bangkok). Available at: https://www.ilo.org/wcmsp5/groups/public/---asia/---ro-bangkok/documents/publication/wcms_550166.pdf.

KNOMAD. 2016. Migration and remittances fact book 2016 (World Bank Group).

Kyi, M.M. 2016. "AGD, True Money partner to provide mobile money transfer services", Myanmar Business Today, 23 Jun. Available at: https://www.mmbiztoday.com/articles/agd-true-money-partner-provide-mobile-money-transfer-services.

Ma, A. 2017. "Labor migartion from Myanmar: Remittances, reforms, and challenges", 18 Jan. (Migration Policy Institute). Available at: https://www.migrationpolicy.org/article/labor-migration-myanmar-remittances-reforms-and-challenges.

Ministry of Information [Myanmar]. 2016. "9 types of passports to be issued for Myanmar citizens", 31 Oct. Available at: http://www.moi.gov.mm/moi:eng/?q=news/31/10/2016/id-8966.

Ministry of Labour, Immigration and Population (MOLIP) [Myanmar]. 2014. Myanmar population and housing census.

Ministry of Manpower [Singapore]. 2018. "Summary table: Labour force".Available at: http://stats.mom.gov.sg/Pages/Labour-Force-Summary-Table.aspx.

Organisation for Economic Co-operation and Development (OECD). 2018. "Database on immigrants in OECD and non-OECD countries: DIOC". Available at: http://www.oecd.org/els/mig/dioc.htm.

Statistics Korea. 2017. "2017 Survey on Immigrant's Living Conditions and Labour Force", factsheet.

Tangcharoensathien, V.; Thwin, A.A.; Patcharanarumol, W. 2017. "Implementing health insurance for migrants, Thailand", Bulletin of the World Health Organization, Vol. 95, No. 2. Available at: http://www.who.int/bulletin/volumes/95/2/BLT-16-179606-table-T1.html.

United Nations Eduactional, Scientific and Cultural Organization (UNESCO). 2005. United Nations Convention on Migrants' Rights (Paris). Available at: http://unesdoc.unesco.org/images/0014/001435/143557e.pdf

United Nations,. 2016. Report of the Inter-Agency and Expert Group on Sustainable Development Goal Indicators, E/CN.3/2016/2/Rev.1, Economic and Social Council, Statistical Commission, 47th session, 8–11 March..

United Nations. 2017. Making migration work for all, report of the Secretary-General, A/72/643, General Assembly, 72nd session.

United Nations Department of Economic and Social Affairs (UNDESA). 2017. International migration report 2017: Highlights, ST/ESA/SER-A/404 (New York, NY).

United Nations Department of Economic and Social Affairs (UNDESA), Statistical Division. 1998. Recommedations on statistics of international migration, Series M, No. 58 (New York).

—. 2008. Principles and recommendations for population and housing censuses, Series M, No. 67 (New York, NY).

—. 2017. Handbook on measuring international migration through population censuses. Available at: https://unstats.un.org/unsd/statcom/48th-session/documents/BG-4a-Migration-Handbook-E.pdf.

World Bank. 2016. A country on the move: Domestic migration in two regions of Myanmar (Yangon).

—. 2018. "Annual remittances data: Inflows", April update. Available at: http://www.worldbank.org/en/topic/migrationremittancesdiasporaissues/brief/migration-remittances-data.

Zue, Z. 2017. "Ministry to legalize sending Myanmar domestic workers to Singapore", The Irrawaddy, 19 Jun. Available at: https://www.irrawaddy.com/news/burma/ministry-legalize-myanmar-domestic-workers-singapore.html.

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ ၁။ ဤလေ့လာမှုအတွက် ဆွေးနွေးတိုင်ပင်ခဲ့သည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများစာရင်း

| ရက်စွဲ | လူတွေ့မေးမြန်းခဲ့သည့် လူပုဂ္ဂိုလ်များ | နေရာ |
|---|---|---|
| **၂၀၁၇၊ ဒီဇင်ဘာ ၁၉** | ဗဟိုစာရင်းအင်းအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန – ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ | နေပြည်တော် |
| **၂၀၁၇၊ ဒီဇင်ဘာ ၂၂** | ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန - ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ | နေပြည်တော် |
| **၂၀၁၇၊ ဒီဇင်ဘာ ၂၂** | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ | နေပြည်တော် |
| **၂၀၁၇၊ ဒီဇင်ဘာ ၂၂** | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန - ညွှန်ကြားရေးမှူးချုပ် | နေပြည်တော် |
| **၂၀၁၇၊ ဒီဇင်ဘာ ၂၆** | ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၊ ရန်ကင်း | ရန်ကုန် |
| **၂၀၁၇၊ ဒီဇင်ဘာ ၂၆** | အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး – OWIC/ပြည်ပ မထွက်ခွာ မီသင်တန်းဌာန၊ မြောက်ဒဂုံ။ | ရန်ကုန် |
| **၂၀၁၇၊ ဒီဇင်ဘာ ၂၆** | အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၊ မရမ်းကုန်း။ | ရန်ကုန် |
| **၂၀၁၇၊ ဒီဇင်ဘာ ၂၆** | PEPA, ကိုရီးယားအလုပ်အကိုင်ဝန်ဆောင်မှုရုံး (DOL) | ရန်ကုန် |
| **၂၀၁၇၊ ဒီဇင်ဘာ ၂၆** | ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ကူညီပေးရေးဗဟိုဌာန၊ မရမ်းကုန်း။ | ရန်ကုန် |
| **၂၀၁၇၊ ဇန်နဝါရီ ၉** | မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ – ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာဌာန၏ ဒုတိယဌာနမှူး။ | ရန်ကုန် |
| **၂၀၁၇၊ ဇန်နဝါရီ ၁၀** | ရွှေ့ပြောင်းအလုပ်သမားများအခွင့်အရေးကွန်ရက် | ရန်ကုန် |
| **၂၀၁၇၊ ဇန်နဝါရီ ၁၀** | မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် ဒုတိယဥက္ကဌ | ရန်ကုန် |
| **၂၀၁၇၊ ဇန်နဝါရီ ၁၂** | ပုဂ္ဂလိက အလုပ်အကိုင်ဝန်ဆောင်မှုအေဂျင်စီ - ဒါရိုက်တာ | ရန်ကုန် |
| **၂၀၁၇၊ ဇန်နဝါရီ ၁၁** | United Nations Capital Development Fund – Myanmar Country Coordinator | ရန်ကုန် |

# နောက်ဆက်တွဲ ၂။ လုပ်သားအင်အားစစ်တမ်း၊ ၂၀၁၅၊ ဇယား ၈၀

## ဇယား ၈၀။ နိုင်ငံခြားတွင် နေထိုင်နေသူများ၏ အချို့သော ဝိသေသလက္ခဏာများ

| နယ်ပယ် | နိုင်ငံမှ ထွက်ခွာစဉ် ပျမ်းမျှအသက် (နှစ်) | နိုင်ငံခြားတွင် နေထိုင်သည့် ပျမ်းမျှနှစ် အရေအတွက် | အလုပ်အကိုင် အတွက် နိုင်ငံခြားတွင် နေထိုင်သည့် လူဦးရေ | နိုင်ငံခြားတွင် နေထိုင်သည့် လူ ၁၀၀ ဦးတွင် ငွေ (သို့) ကုန်ပစ္စည်း ပေးပို့သူ အရေအတွက် | နိုင်ငံခြားမှ နှစ်စဉ်ပျမ်းမျှ လက်ခံရရှိသည့် ကျပ် (ထောင်ပေါင်း) |
|---|---|---|---|---|---|
| မြန်မာနိုင်ငံဒေသ - အားလုံး | ၂၅. ၅ | ၃. ၈ | ၉၇. ၉ | ၈၅. ၁ | ၈ ၆၆၉. ၄ |
| နယ်မြေဒေသအမျိုးအစား | | | | | |
| မြို့ပြ | ၂၇. ၁ | ၄. ၃ | ၉၆. ၆ | ၈၁. ၄ | ၄၃ ၃၂၉. ၄ |
| ကျေးလက် | ၂၅. ၂ | ၃. ၇ | ၉၈. ၂ | ၈၅. ၈ | ၂ ၁၅၉. ၃ |
| ပြည်နယ်/တိုင်းဒေသကြီး | | | | | |
| ကချင် | ၂၃. ၆ | ၄. ၂ | ၈၉. ၈ | ၆၅. ၇ | ၆၂၈. ၀ |
| ကယား | ၂၆. ၂ | ၃. ၁ | ၉၇. ၆ | ၉၂. ၈ | ၁ ၁၆၀. ၃ |
| ကရင် | ၂၄. ၇ | ၅. ၃ | ၉၇. ၀ | ၉၀. ၉ | ၉၁၇. ၃ |
| ချင်း | ၂၂. ၃ | ၆. ၁ | ၉၀. ၀ | ၈၆. ၃ | ၉၄၉. ၄ |
| စစ်ကိုင်း | ၂၅. ၃ | ၃. ၀ | ၉၈. ၃ | ၈၃. ၂ | ၃ ၂၃၁. ၈ |
| တနင်္သာရီ | ၂၇. ၀ | ၂. ၈ | ၉၉. ၈ | ၇၉. ၆ | ၆၁၅. ၆ |
| ပဲခူး | ၂၅. ၃ | ၂. ၉ | ၉၉. ၅ | ၉၂. ၂ | ၁၇ ၆၇၈. ၀ |
| မကွေး | ၂၆. ၁ | ၂. ၄ | ၉၇. ၉ | ၉၀. ၄ | ၉ ၈၁၈. ၂ |
| မန္တလေး | ၂၄. ၂ | ၃. ၇ | ၉၈. ၉ | ၉၄. ၉ | ၁ ၉၈၀. ၆ |
| မွန် | ၂၆. ၅ | ၃. ၀ | ၉၉. ၀ | ၇၆. ၃ | ၇၆၅. ၈ |
| ရခိုင် | ၂၆. ၄ | ၄. ၀ | ၉၉. ၈ | ၈၃. ၇ | ၂ ၄၉၀. ၄ |
| ရန်ကုန် | ၂၇. ၆ | ၅. ၂ | ၁၀၀. ၀ | ၉၂. ၁ | ၁၂၆ ၇၄၅. ၀ |
| ရှမ်း | ၂၂. ၃ | ၃. ၅ | ၉၅. ၈ | ၉၅. ၉ | ၈၆၉. ၇ |
| ဧရာဝတီ | ၂၅. ၉ | ၃. ၃ | ၉၅. ၇ | ၅၆. ၄ | ၆၆ ၄၆၂. ၃ |
| နေပြည်တော် | ၂၈. ၆ | ၃. ၁ | ၉၈. ၉ | ၉၀. ၄ | ၂ ၁၁၃. ၀ |

ရင်းမြစ် - ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၁၆။

## နောက်ဆက်တွဲ ၃။ ရွှေ့ပြောင်းအလုပ်သမားများသတင်းပို့နေရာမှ စာရင်းအင်းများ

**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိုက်ရောက်ခန်းမရှိ ရွှေ့ပြောင်းအလုပ်သမားများသတင်းပို့နေရာသို့ သတင်းပို့လာသည့်မလေးရှားမှပြန်လာသည့် မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် (CI) ကိုင်ဆောင်ထားသောသူများ (နေရပ်ပြန် ရွှေ့ပြောင်းအလုပ်သမားများ) စာရင်း။ (၂၀၁၆ ဇန်နဝါရီမှ ၂၀၁၈ ဇူလိုင်အထိ)**

| စဉ် | လ/ကာလ | CI ဖြင့် နေရပ်ပြန်လာသူများ | | | | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မလေးရှား | | | မလေးရှား (ကလေးသူငယ်) | | | | | |
| | | ကျား | မ | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ | စုစုပေါင်း |
| ၁ | ၁-၁-၂၀၁၆ - ၃၁-၁၂-၂၀၁၆ | ၁၀၃၂၂ | ၂၃၀၀ | ၁၂၆၂၂ | ၂၆၇ | ၂၅၄ | ၅၂၁ | ၁၀၅၈၉ | ၂၅၅၄ | ၁၃၁၄၃ |
| ၂ | ၁-၁-၂၀၁၇ - ၃၁-၁၂-၂၀၁၇ | ၁၁၁၆၆ | ၃၀၃၈ | ၁၄၂၀၄ | ၄၃၂ | ၃၇၂ | ၈၀၄ | ၁၁၅၉၈ | ၃၄၁၀ | ၁၅၀၀၈ |
| ၃ | ၁-၁-၂၀၁၈ - ၃၁-၁-၂၀၁၈ | ၂၉၉ | ၆၃ | ၃၆၂ | ၁၀ | ၁၁ | ၂၁ | ၃၀၉ | ၇၄ | ၃၈၃ |
| ၄ | ၁-၂-၂၀၁၈ - ၂၈-၂-၂၀၁၈ | ၃၇၃ | ၁၀၈ | ၄၈၁ | ၁၉ | ၁၈ | ၃၇ | ၃၉၂ | ၁၂၆ | ၅၁၈ |
| ၅ | ၁-၃-၂၀၁၈ - ၃၁-၃-၂၀၁၈ | ၃၃၄ | ၁၂၁ | ၄၅၅ | ၂၉ | ၂၄ | ၅၃ | ၃၆၃ | ၁၄၅ | ၅၀၈ |
| ၆ | ၁-၄-၂၀၁၈ - ၃၀-၄-၂၀၁၈ | ၂၇၃ | ၈၇ | ၃၆၀ | ၁၉ | ၂၃ | ၄၂ | ၂၉၂ | ၁၁၀ | ၄၀၂ |
| ၇ | ၁-၅-၂၀၁၈ - ၃၁-၅-၂၀၁၈ | ၅၄၂ | ၁၃၆ | ၆၇၈ | ၃၇ | ၃၄ | ၇၁ | ၅၇၉ | ၁၇၀ | ၇၄၉ |
| ၈ | ၁-၆-၂၀၁၈ - ၃၀-၆-၂၀၁၈ | ၄၉၃ | ၁၅၆ | ၆၄၉ | ၂၈ | ၂၁ | ၄၉ | ၅၂၁ | ၁၇၇ | ၆၉၈ |
| ၉ | ၁-၇-၂၀၁၈ - ၃၁-၇-၂၀၁၈ | ၆၂၉ | ၁၇၂ | ၈၀၁ | ၄၉ | ၁၄ | ၆၃ | ၆၇၈ | ၁၈၆ | ၈၆၄ |
| စုစုပေါင်း | | ၂၄၄၃၁ | ၆၁၈၁ | ၃၀၆၁၂ | ၈၉၀ | ၇၇၁ | ၁၆၆၁ | ၂၅၃၂၁ | ၆၉၅၂ | ၃၂၂၇၃ |

ရင်းမြစ် -MOLIP၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စာဖြင့် ပေးပို့ဖြည့်ဆည်းပေးသည့်အချက်အလက်များ၊ ၂၀၁၈ ခုနှစ်၊ သြဂုတ်လ ၃၁ ရက်။

**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ထွက်ခွာခန်းမရှိ ရွှေ့ပြောင်းအလုပ်သမားများသတင်းပို့နေရာသို့ သတင်းပို့လာသည့် မြန်မာနိုင်ငံမှထွက်ခွာသွားသူများစာရင်း။ (၂၀-၇-၂၀၁၄ မှ ၃၁-၇-၂၀၁၈ အထိ)**

| စဉ် | နိုင်ငံ | ၂၀-၇-၂၀၁၄ မှ ၃၀-၆-၂၀၁၈ | | | ၁-၇-၂၀၁၈ မှ ၃၁-၇-၂၀၁၈ | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ | စုစုပေါင်း |
| ၁ | ကိုရီးယား | ၂၁၃၄၁ | ၀ | ၂၁၃၄၁ | ၄၅၄ | ၀ | ၄၅၄ | ၂၁၇၉၇ | ၀ | ၂၁၇၉၇ |
| ၂ | ဟောင်ကောင်(တရုတ်) | ၁ | ၉၀ | ၉၁ | ၀ | ၀ | ၀ | ၁ | ၉၀ | ၉၁ |
| ၃ | ဂျပန် | ၃၆၄၃ | ၅၁၃၀ | ၈၇၇၃ | ၁၆၇ | ၁၈၃ | ၃၅၀ | ၃၈၁၀ | ၅၃၁၃ | ၉၁၂၃ |
| ၄ | ကာတာ | ၂၂၄ | ၈၂ | ၃၀၆ | ၃ | ၃ | ၆ | ၂၂၇ | ၈၅ | ၃၁၂ |
| ၅ | မလေးရှား | ၇၇၈၁၁ | ၁၂၈၃၅ | ၉၀၆၄၆ | ၁၃၄၉ | ၄၄၂ | ၁၇၉၁ | ၇၉၁၆၀ | ၁၃၂၇၇ | ၉၂၄၃၇ |
| ၆ | စင်္ကာပူ | ၆၂၆၈ | ၁၉၀၆၅ | ၂၅၃၃၃ | ၂၇၅ | ၄၉၆ | ၇၇၁ | ၆၅၄၃ | ၁၉၅၆၁ | ၂၆၁၀၄ |
| ၇ | ထိုင်း | ၈၂ | ၇၂ | ၁၅၄ | ၃ | ၄ | ၇ | ၈၅ | ၇၆ | ၁၆၁ |
| ၈ | မကာအို (တရုတ်) | ၁၉ | ၂၀ | ၃၉ | ၀ | ၀ | ၀ | ၁၉ | ၂၀ | ၃၉ |
| ၉ | ယူအေအီး | ၃၈၉ | ၂၉၄ | ၆၈၃ | ၆ | ၈ | ၁၄ | ၃၉၅ | ၃၀၂ | ၆၉၇ |
| ၁၀ | မာလာဝီ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၁ | ဘာရိန်း | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၂ | ဘရူနိုင်း | ၂၂ | ၂ | ၂၄ | ၀ | ၀ | ၀ | ၂၂ | ၂ | ၂၄ |
| ၁၃ | ပါပူအာ နယူးဂီနီ | ၆ | ၁ | ၇ | ၁ | ၀ | ၁ | ၇ | ၁ | ၈ |
| ၁၄ | ဩစတြေးလျ | ၁ | ၀ | ၁ | ၁ | ၁ | ၂ | ၂ | ၁ | ၃ |
| ၁၅ | လာအို | ၇၂ | ၀ | ၇၂ | ၀ | ၀ | ၀ | ၇၂ | ၀ | ၇၂ |
| ၁၆ | အမေရိကန် | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၇ | မယ်လ်ဒိုက် | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၂ |
| ၁၈ | ကမ္ဘောဒီးယား | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| ၁၉ | ဂျော်ဒန် | ၁၆ | ၂၅၅ | ၂၇၁ | ၀ | ၂၂ | ၂၂ | ၁၆ | ၂၇၇ | ၂၉၃ |
| ၂၀ | မွန်ဂိုလီးယား | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၂၁ | ဂျမေကာ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| ၂၂ | ကူဝိတ် | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| စုစုပေါင်း | | ၁၀၉၉၀၁ | ၃၇၈၅၁ | ၁၄၇၇၅၂ | ၂၂၅၉ | ၁၁၅၉ | ၃၄၁၈ | ၁၁၂၁၆၀ | ၃၉၀၁၀ | ၁၅၁၁၇၀ |

ရင်းမြစ် - MOLIP ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စာဖြင့်ပေးပို့ဖြည့်ဆည်းပေးသည့် အချက်အလက်များ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်။

# နောက်ဆက်တွဲ ၄။ MOLIP တိုင်ကြားမှုယန္တရား ( ၂၀၁၃ ဇူလိုင်မှ – ၂၀၁၈ မေလအထိ)

| နှစ် | စုစုပေါင်း | သေဆုံး | ဒဏ်ရာရ (လျော်ကြေး မရ) | ပျောက်ဆုံး | ဖမ်းဆီး | စာချုပ် | လုပ်သား စုဆောင်းခ | အခြား |
|---|---|---|---|---|---|---|---|---|
| ၂၀၁၃၊ ဇူလိုင် -ဒီဇင်ဘာ | ၂၀ | ၂ | - | - | ၄ | - | ၄ | ၁၀ |
| ၂၀၁၄ | ၈၅ | ၃၅ | ၇ | ၄ | ၆ | ၁၀ | ၄ | ၁၉ |
| ၂၀၁၅ | ၁၉၄ | ၅၂ | ၄ | ၁၀ | ၂၆ | ၃၈ | ၁၆ | ၄၈ |
| ၂၀၁၆ | ၄၄၅ | ၅၃ | ၅၀ | ၁၃ | ၂၅ | ၈၁ | ၉၄ | ၁၂၉ |
| ၂၀၁၇ | ၆၇၀ | ၁၀၁ | ၅၅ | ၂၆ | ၃၅ | ၆၂ | ၇၃ | ၃၁၈ |
| ၂၀၁၈၊ ဇန်နဝါရီ- မေလ | ၃၈၆ | ၄၀ | ၂၃ | ၃၅ | ၁၄ | ၁၉ | ၂၂ | ၂၃၃ |
| စုစုပေါင်း | ၁၈၀၀ | ၂၈၃ | ၁၃၉ | ၈၈ | ၁၁၀ | ၂၁၀ | ၂၁၃ | ၇၅၈ |

Livelihoods and Food Security Fund

မှ ကူညီပံ့ပိုးသည်။

## မူဝါဒဖွံ့ဖြိုးရေးအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက် - မြန်မာနိုင်ငံရှိ ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်နှင့် စာရင်းအင်းများအပေါ် ဆန်းစစ်သုံးသပ်မှု

နိုင်ငံတကာ လုပ်သားရွှေ့ပြောင်းသွားလာခြင်းအပေါ် ကောင်းမွန်စွာစီမံခန့်ခွဲခြင်းအတွက် အရေးပါသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးသည့် နည်းလမ်းနှင့် အကူအညီများအနက် ဤအကျဉ်းချုပ်စာတမ်းသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဤပံ့ပိုးကူညီမှုများကို အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ (LIFT)၏ ရန်ပုံငွေပံ့ပိုးပေးမှုဖြင့် ILO (ရန်ကုန်)၏ ပြည်တွင်းပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေး စီမံကိန်း (DIILM) က ဆောင်ရွက်ခြင်းဖြစ်ပါသည်။

အထောက်အထားအခြေပြု မူဝါဒများ ရေးဆွဲချမှတ်ရန်အတွက် ယုံကြည်အားထားရမှုနှင့် ပြည့်စုံကောင်းမွန်ပြီး ခေတ်နှင့်လျော်ညီသော စာရင်းအင်း၊ အချက်အလက်များ အရေးပါပုံကို အသိအမှတ်ပြုခြင်းအားဖြင့် ဤအကျဉ်းချုပ်စာတမ်းသည် အာဆီယံအတွင်း နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စာရင်းအင်းဒေတာဘေ့စ်(ILMS) နည်းလမ်းအပြင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာအချက်အလက်များ ပြုစုထုတ်ဝေခြင်းနှင့် အသုံးပြုခြင်း တိုးတက်ရေးလက်စွဲစာအုပ်မှ လမ်းညွှန်ချက်များအပေါ်အခြေခံလျက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်ကောက်ယူခြင်းနှင့်ပတ်သက်၍ မူဝါဒရေးဆွဲသူများနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်သူများအား ပံ့ပိုးကူညီပေးရန်ဖြစ်ပါသည်။ စာတမ်း၏ ပထမအပိုင်းတွင် ရွှေ့ပြောင်းသွားလာခြင်းနှင့်စပ်လျဉ်း၍ အချက်အလက် ကောက်ယူမှုအတွက် နိုင်ငံတကာတွင် အသုံးပြုနေသည့် အဓိကသဘောတရားများနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ဖော်ပြထားသည်။ ထို့အပြင် မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံများတွင် ယုံကြည်အားထားရသည့် အချက်အလက်များ ကောက်ယူရာ၌ ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုအခက်အခဲများ၊ နှစ်နိုင်ငံသဘောတူစာချုပ်များအပါအဝင်၊ မူဝါဒ ရေးဆွဲချမှတ်မှုအတွက် အချက်အလက်(ဒေတာဘေ့စ်)များက အထောက်အကူပြုနိုင်သည့်နည်းလမ်းများကိုဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် မြန်မာနိုင်ငံ၌ လက်ရှိ ရရှိနိုင်သော အချက်အလက်နှင့် စာရင်းအင်းများ၊ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် အချက်အလက်ရင်းမြစ်များဖြစ်သည့် လူဦးရေသန်းခေါင်စာရင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ အချက်အလက်နှင့် စစ်တမ်းများမှ ရရှိနိုင်သည့် အချက်အလက်အသေးစိတ်ကို ဖော်ပြထားပါသည်။ တတိယပိုင်းတွင် ဆိုက်ရောက်နိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ ရရှိနိုင်သည့် အချက်အလက်များကို ဖော်ပြထားပါသည်။ အချုပ်အားဖြင့် ဤစာတမ်းသည် အထောက်အထားအခြေပြု မူဝါဒ ဖွံ့ဖြိုးရေးအတွက် အချက်အလက်ကောက်ယူသည့် နည်းလမ်းနှင့်စနစ်များ တိုးတက်စေရန်အတွက်သော်လည်းကောင်း၊ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များအောင်မြင်ရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တိုးတက်မှုများကို အစီရင်တင်ပြခြင်းအတွက်သော်လည်းကောင်း အကြံပြုတိုက်တွန်းချက်များကို ဖော်ပြပေးထားပါသည်။ စာတမ်း၏နောက်ဆက်တွဲအပိုင်းတွင် လက်ရှိရရှိနိုင်သည့် စာရင်းအင်းများကို ဇယားများဖြင့် ဖော်ပြပေးထားပါသည်။

ဤအကျဉ်းချုပ်စာတမ်းကို ဖတ်ရှုလေ့လာခြင်းဖြင့် အနာဂတ်တွင် အချက်အလက်ကောက်ယူခြင်းအတွက် အကြံဉာဏ်အသစ်၊ နည်းလမ်းအသစ်များကို တွေးခေါ်ရရှိစေပြီး နိုင်ငံအဆင့်ဖွံ့ဖြိုးရေးစီမံကိန်းများအတွင်း လုပ်သားရွှေ့ပြောင်းသွားလာခြင်းကို ထည့်သွင်းရေးဆွဲဆောင်ရွက်ခြင်းတွင်လည်း အထောက်အကူပြုမည်ဟု မျှော်လင့်ပါသည်။

**အိုင်အယ်လ်အို ဆက်သွယ်ညှိနှိုင်းရေးရုံး၊ မြန်မာ**

အမှတ် - ၁ (အေ)၊ ကန်ဘဲ့ (သစ္စာလမ်း)၊
ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့၊ မြန်မာ။
ဖုန်း- ၉၅ ၁ ၂၃၃၆၅၃၈ ~ ၃၉ Fax - ၉၅ ၁ ၂၃၃၆၅၈၂
Email : yangon@ilo.org www.ilo.org/yangon

ISBN: 978-92-2-132776-9